# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**စောင့်ရှောက်ထားအပ်သောစိတ်**

အလွန့်အလွန်မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော၊ အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက် | ၂၀၂၂ ခုနှစ်၊ မတ် ၃ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၁)၊ အမှတ် (၁၅၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကနဦးကန့်ကွက်လွှာဆိုင်ရာ ကြားနာပွဲသို့ တက်ရောက်ခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်လေဆိပ်၌ သောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်

ရန်ကုန် မတ် ၂

နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၌ မြန်မာနိုင်ငံက တင်သွင်းခဲ့သော ကနဦးကန့်ကွက်လွှာဆိုင်ရာ ကြားနာပွဲသို့ တက်ရောက်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့်ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦးတို့ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဒေါက်တာ သီတာဦးတို့ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွှန့်ဝင်းဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့ပြင် မြန်မာကိုယ်စားလှယ်အဖွဲ့၏ ဆောင်ရွက်မှုကို ထောက်ခံအားပေးကြသည့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)မှ တာဝန်ရှိသူများ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး (YMBA) (ဗဟို)မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်

*စာမျက်နှာ ၅ ကော်လံ ၁* ❖



ကနဦးကန့်ကွက်လွှာဆိုင်ရာ ကြားနာပွဲသို့ တက်ရောက်ခဲ့သည့် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဒေါက်တာသီတာဦးတို့ ဦးဆောင်သောအဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွှန့်ဝင်းဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြစဉ်။


**ယနေ့** *ဖ တ် စ ရာ*

ကျန်းမာရေးအတွက် နေကြာဆီ
ဆောင်းပါး
စာ - ၆



ပေါင်းလောင်းဆည် ရေသောက်စနစ် မြှင့်တင်ပြုပြင်ခြင်းဖြင့် တောင်သူ စီးပွားတိုးပွားစေမည်



ဆောင်းပါး
စာ - ၁၆

မြန်မာ့အလင်း

# ပြည်တွင်းစားသုံးဆီအတွက် ပြည်တွင်းမှာပင် စိုက်ပျိုးထုတ်လုပ်

မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံအမယ် တော်တော်များများ စိုက်ပျိုးဖြစ်ထွန်းသည်။ မြန်မာတို့မှာ မိရိုးဖလာအရ မြေပဲဆီနှင့် နှမ်းဆီတို့ကို အဓိကထား စားသုံးခဲ့ကြပြီး နောက်ပိုင်းတွင် နေကြာဆီကိုလည်း နှစ်နှစ်ခြိုက်ခြိုက် သုံးစွဲလာကြသည်။ သို့ရာတွင် ပြည်တွင်းစားသုံးဆီထုတ်လုပ်နိုင်မှုထက် ပြည်တွင်းဆီစားသုံးမှုက များစွာပိုလာခြင်းနှင့် ပြည်တွင်းမှ ထုတ်လုပ်သည့်ဆီက ဈေးနှုန်းမြင့်လာခြင်းတို့ကြောင့် ပြည်ပမှ တင်သွင်းလာသည့် စားအုန်းဆီကို ပိုမိုစားသုံးလာခဲ့ကြရာမှ ပြည်တွင်းဆီဈေးကွက်တွင် စားအုန်းဆီက အဓိကနေရာကို သိမ်းပိုက်လွှမ်းမိုးသွားခဲ့ခြင်းဖြစ်သည်။

မိမိတို့နိုင်ငံတွင် ဆီကို ပြည်တွင်းစားသုံးမှု၊ စက်မှုလုပ်ငန်းသုံးနှင့် ဟိုတယ်ခရီးသွားလုပ်ငန်းသုံး အားလုံးပေါင်း နှစ်စဉ် ဆီတန်ချိန် ၁၁ သိန်းခန့် စားသုံးသည့်အနက် တန်ချိန် ၉ သိန်းကျော်ကို ပြည်ပမှ တင်သွင်းရသည်ဟုဆိုသည်။ ပြည်တွင်း၌ ဆီထွက်သီးနှံများဖြစ်သော မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်း၊ ဆီမုန်ညင်း၊ ပဲပိစပ်၊ ပဲပုပ်၊ ဆီအုန်းတို့ စိုက်ပျိုးထွက်ရှိသော်လည်း ပြည်တွင်းလိုအပ်ချက်နှင့် အဆများစွာ ကွာခြားနေခြင်းအတွက် အဖြေရှာရန်လိုအပ်ပြီး ရေရှည်တွင် ပြည်တွင်းစားသုံးမှု ဖူလုံရေးနှင့် ပြည်ပပို့ကုန်အဖြစ် ရောင်းချနိုင်ရေးအထိ ရည်မှန်းဆောင်ရွက်သွားရန် လိုအပ်သည်။ လက်ရှိအခြေအနေတွင် ဆီထွက်သီးနှံစိုက်ဧက တိုးချဲ့ရေးနှင့် ပြည်ပမှ စားသုံးဆီတင်သွင်းမှုကို အကန့်အသတ်ဖြင့် တင်သွင်းရေးတို့ကို ပြည်ထောင်စုဝန်ကြီးဌာနနှစ်ခုတို့က ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။ ပြည်ပမှ တင်သွင်းနေသည့် စားအုန်းဆီဈေးနှုန်း မကြုံစဖူးမြင့်မားလာခြင်းက ပြည်ပဆီတင်သွင်းမှု ကန့်သတ်ရန်နှင့် စားအုန်းဆီစားသုံးမှု လျှော့ချရန် တွန်းအားပေးနေသည့် အကြောင်းတစ်ရပ်လည်းဖြစ်နေသည်။

မြန်မာတို့ ဆီစားသုံးမှု များပြားခြင်းမှာ လွတ်လပ်ရေးမရမီကတည်းက ဖြစ်ပြီး ခေတ်အဆက်ဆက် နိုင်ငံ့ခေါင်းဆောင်များက ပြည်တွင်းဆီစားသုံးမှု ပြည်ပမှ တင်သွင်းမှု လျှော့ချရေး ကြိုးပမ်းခဲ့မှုများ မျက်မှောက်ခေတ်အထိ အောင်မြင်မှုမရသေး။ အဓိကအချက်မှာ ဟင်းလျာချက်ပြုတ်စားသုံးမှုပုံစံများ မပြောင်းနိုင်ခြင်းကြောင့်ဖြစ်ပြီး ဆီကို မစားရမနေနိုင်၊ ဆီနည်းနည်းနှင့် မချက်ပြုတ်တတ်ခြင်းတို့ကြောင့်လည်း ကျန်းမာရေးနှင့် မညီညွတ်သည့် စားသုံးရန်မသင့်သည့် ဆီအည့်၊ ဆီအတုများကိုပါ စားနေကြရသည့် အခြေအနေသို့ ရောက်ရှိနေကြခြင်းဖြစ်သည်။ "ကျွန်တော်တို့ ဗမာတွေက ဆီမရှိ မစားနိုင်ဘူးလို့ပြောတယ်။ ဆီမရှိမစားနိုင်တာကတော့ မှန်ပါတယ်။ သို့သော် ဒီဆီတွေဟာ ဘာအတွက် သုံးနေကြသလဲ။ ဖုံးပေါလအော သုံးသလား၊ မသုံးဘူးလား။ ဈေးတွေသွားကြည့်စမ်း။ အိမ်တွေ သွားကြည့်ပါ။ ဖုံးပေါလအော သုံးသလား၊ မသုံးဘူးလား။ တခြားတိုင်းပြည်တွေ သွားကြည့်ပါ။ ဆီကို ဒီလို ဖုံးပေါလအော သုံးနိုင်သလား၊ မသုံးနိုင်ဘူးလား။ ခင်ဗျားတို့ ဆီတွေကို ဖုံးပေါလအော သုံးနေတာ။ ခင်ဗျားတို့ စိတ်ထဲမှာ ဘာမှအရေးမကြီးဘူးလို့ ထင်တယ်။ အဲဒီလို ဖုံးပေါလအောသုံးတဲ့အတွက် .... နှစ်စဉ်နှစ်စဉ် ဆီတွေအမြောက်အမြား သွင်းပြီး နေရတယ်။ အဲဒါကြောင့် ခင်ဗျားတို့ ဈေးကြီးတယ်၊ ကြီးတယ်ဆိုတာ အကြောင်းပြချက်မှာ ခင်ဗျားတို့ ဖုံးပေါလအော သုံးနေလို့၊ ဒီဆီတွေကို တခြားနိုင်ငံက သွင်းနေရတဲ့အတွက်၊ အပိုသွင်းနေရတဲ့အတွက် ဈေးကြီးတဲ့နေရာမှာ အကြောင်းတစ်ရပ်ဖြစ်ပါတယ်" ဟူသော အမှာစကားများ ပါဝင်သည့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်က ပြောကြားခဲ့သည့် နောက်ဆုံး မိန့်ခွန်းသည်ပင် သက်တမ်း (၇၅) နှစ်ပြည့်မြောက် စိန်ရတုသို့ ရောက်ခဲ့ပြီ။

ပြည်တွင်း ဆီထုတ်လုပ်မှု ပိုမိုတိုးတက်လာအောင် ဆောင်ရွက်ခြင်းနှင့် ဆီသုံးစွဲမှု လျှော့ချ၍ ပြည်ပတင်သွင်းမှု ကန့်သတ်ခြင်းတို့ အောင်မြင်မှုရရှိသည်နှင့်အမျှ နိုင်ငံနှင့်ပြည်သူတို့အတွက် အကျိုးကျေးဇူး ကြီးကြီးမားမား ရရှိနိုင်သည်။ ပြည်ပသို့ ထွက်သွားရမည့်ငွေများ ပြည်တွင်းစားသုံးဆီ စိုက်ပျိုးမှု၊ ဆီကြိတ်ခွဲမှု၊ သယ်ယူပို့ဆောင်မှု၊ ရောင်းဝယ်မှု အစရှိသည့် ဆီဈေးကွက်အတွင်းရှိ လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်ဆီသို့ ရောက်ရှိလာမည်ဖြစ်သည်။ ထို့အပြင် ဆက်စပ်လျက်ရှိသော မွေးမြူရေး အစားအစာထုတ်လုပ်မှုနှင့် သားငါးမွေးမြူထုတ်လုပ်မှု လုပ်ငန်းများအထိ အကျိုးဖြစ်ထွန်းစေသည့်အလျောက် ဆီထွက်သီးနှံပိုမိုထုတ်လုပ်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းကြရပါမည့်အကြောင်း။ ။

## (၇၇) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ကာကွယ်စောင့်ရှောက်လျက် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ကူညီဆောင်ရွက်ရေး။

၂။ နိုင်ငံတော်အစိုးရ၏ အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် အဓိကဆောင်ရွက်လျက်ရှိသည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာပေါများဖူလုံရေး လုပ်ငန်းစဉ်များတွင် တပ်မတော်အနေဖြင့် ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား တာဝန်ယူဆောင်ရွက်ရေး။

၃။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တပ်မတော်က တိုင်းရင်းသားပြည်သူအားလုံးနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၄။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

၅။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း




နေပြည်တော် မတ် ၂

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ရှိ မဟာဇနက ကျောင်းတိုက်သို့လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ မဟာဂန္ဓာရုံ တိုက်သစ် ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း (ယာပုံ)၊ စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်ရှိကြို့ပင်ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်ရှိ သိမ်တော်လှကျောင်းတိုက်သို့ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ ပုဗ္ဗာရုံကျောင်းတိုက်သို့ လည်းကောင်း၊ မွန်ပြည်နယ် မုဒုံမြို့နယ်ရှိ ကျောင်းသစ်ကျောင်း စာသင်တိုက်သို့လည်းကောင်း၊ ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်ရှိ သာသနာ့လင်္ကာရ စာသင်တိုက်သို့လည်းကောင်း ဆရာတော် သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

သတင်းစဉ်

## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၂-၃-၂၀၂၂) ညနေ ၆ နာရီအချိန်အထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Supportive | | | | |
| 1 | Injection Pantocid | 1g/Vial | 1500 | Aorta |
| 2 | Injection Omeprazole | 1g/Vial | 1050 | Aorta |
| Antibiotics | | | | |
| 3 | PO – Azithromycin 500 mg | 5x3's | 4000 | Rammawaddy |
| 4 | P.O – Cefalexin 500 mg | Box of 10x10's | 6100 | Aorta |
| 5 | P.O – Levofloxacin 500 mg | Box of 10x10's | 7000 | Shwe Htay Min |
| 6 | P.O.Cefixime | Box of 3x10's | 3600 | Aorta |
| 7 | P.O Amoxicillin+ Clavulanic Acid | Box of 1x6's | 1800 | Aorta |
| 8 | Injection – Levofloxacin 500 mg | 1x1 | 3000 | Yadanar |
| 9 | Injection – Ceftriazone 1G | 1's | 700 | KCL |
| 10 | Injection – Cefoperazone and Sulbactam 1G | Vial | 4900 | Ready Medicine |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

သတင်းစဉ်

# ကမ္ဘာ့အင်ဂျင်နီယာများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၂**

မတ် (၄) ရက်တွင် ကျရောက်မည့် ကမ္ဘာ့အင်ဂျင်နီယာများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အသိပညာပေး ဟောပြောပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၀) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**




အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း၊ ဒုတိယဝန်ကြီး ဦးကိုကိုလွင်နှင့် ဦးရင်မောင်ညွန့်၊ ဌာနအကြီးအကဲများ၊ နည်းပညာရှင်များ၊ နည်းပညာကျွမ်းကျင်သူ အရာထမ်း/ အမှုထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**Video Clip ကို ဖွင့်လှစ်**

ရှေးဦးစွာ ကမ္ဘာ့အင်ဂျင်နီယာအဖွဲ့ချုပ်ဥက္ကဋ္ဌ၏ နှုတ်ခွန်းဆက် အမှာစကားနှင့် ကမ္ဘာ့အင်ဂျင်နီယာများနေ့ အထိမ်းအမှတ် Video Clip ကို ဖွင့်လှစ်ပြသသည်။

**ကမ္ဘာအနှံ့ကျင်းပခဲ့**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကမ္ဘာကြီးစဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးကို ရည်ရွယ်လျက် မတ် (၄) ရက်ကို ကမ္ဘာ့အင်ဂျင်နီယာများနေ့ (World Engineering Day) အဖြစ် ၂၀၁၉ ခုနှစ်မှစတင်၍ သတ်မှတ်ခဲ့ပါကြောင်း၊ ယူနက်စကိုမှလည်း ၂၀၁၉ ခုနှစ်၌ ကျင်းပသည့် အကြိမ် (၄၀)မြောက် အထွေထွေညီလာခံတွင် အတည်ပြုဖော်ပြခဲ့ပါကြောင်း၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ကမ္ဘာ့အင်ဂျင်နီယာများနေ့ အထိမ်းအမှတ်အခမ်းအနားများကို ၂၀၂၀ ပြည့်နှစ်မှစပြီး မတ်(၄)ရက်တွင် ကမ္ဘာအနှံ့ကျင်းပခဲ့ကြောင်း။

**လုပ်ဆောင်ရမည့်အရာများ များပြားစွာရှိနေ**

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ အောင်မြင်စေရန် အထူးလုပ်ဆောင်ရမည့်ကိစ္စများသာမက နိုင်ငံတိုင်းတွင် ရာသီဥတုပြောင်းလဲမှုများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ၊ လူဦးရေထူထပ်လာနေသောမြို့များနှင့် ဉာဏ်ရည်တုအပါအဝင် ပေါ်ပေါက်လာသော နည်းပညာများ၏ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန် အင်ဂျင်နီယာများ၊ နည်းပညာရှင်များ၊ နည်းပညာကျွမ်းကျင်သူများအနေဖြင့် လုပ်ဆောင်ရမည့်အရာများ များပြားစွာ ရှိနေပါကြောင်း။

**အနာဂတ်ကိုအတူတကွဖန်တီး**

၂၀၂၂ ခုနှစ်အတွက် ကမ္ဘာ့အင်ဂျင်နီယာများနေ့၏ ဆောင်ပုဒ်မှာ **"ဉာဏ်ပညာကို ပိုသုံးလို့ အနာဂတ်အင်ဂျင်နီယာလုပ်ငန်းနှင့် ပညာရပ်တည်ဆောက်စို့"** ဖြစ်ကြောင်း၊ စက်မှုဝန်ကြီးဌာန၏ ဆောင်ပုဒ်တစ်ခုဖြစ်သည့် သဘာဝသယံဇာတဟူသည် အကန့်အသတ်နှင့်ရှိပြီး လူများ၏ တီထွင်ဖန်တီးမှုများသည် အကန့်အသတ်မရှိပါဆိုသော အချက်ကို ပိုမိုခိုင်မာစေသည်ဟု ဆိုရမည်ဖြစ်ကြောင်း၊ ရှေ့လာမည့် အနာဂတ်တွင် စိန်ခေါ်မှုများစွာ ရှိသည်မှန်သော်လည်း ဉာဏ်ပညာကို ပိုမိုအသုံးပြုသော တီထွင်ဖန်တီးမှုများကို ပြုလုပ်ပြီးခိုင်မာသည့် ဆုံးဖြတ်ချက်၊ ကြိုးစားအားထုတ်မှုများနှင့် ဆောင်ရွက်သွားမည်ဆိုလျှင် မိမိတို့ရည်မှန်းထားသည့် ရည်ရွယ်ချက်၊ ပန်းတိုင်များကို မလွဲမသွေ ရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း၊ အင်ဂျင်နီယာများ၊ နည်းပညာရှင်များ၊ နည်းပညာကျွမ်းကျင်သူများ၊ စက်မှုကျွမ်းကျင်သူများအနေဖြင့် ပိုမိုအကျိုးရှိထိရောက်သည့် ထုတ်ကုန်များထုတ်လုပ်ခြင်းဖြင့် စက်မှုကဏ္ဍကို မြှင့်တင်နိုင်ရန်၊ တစ်ချိန်တည်း၌ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်ရန် ကြိုးစားရင်း ပိုမိုကောင်းမွန်သည့် အနာဂတ်ကို အတူတကွဖန်တီးကြရန် တိုက်တွန်းလိုကြောင်း၊ အားလုံးကျန်းမာစွာနှင့် ပြောင်းလဲနေသည့် ကမ္ဘာကြီးကို ရင်ပေါင်တန်းနိုင်ရန် မိမိတို့နိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု တည်ဆောက်ရေးတွင် ပါဝင်နိုင်ကြရန် မျှော်လင့်ပါကြောင်း ပြောကြားသည်။

**အသေးစိတ်ပြန်လည်ရှင်းလင်း**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် **"စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ရှေးရှု သည့် အသိပညာမြင့်မားလာသော အနာဂတ်အင်ဂျင်နီယာ ပညာရပ်"** ခေါင်းစဉ်ဖြင့် အသိပညာပေး မျှဝေဆွေးနွေးပြီး တက်ရောက်လာသူများမှ သိရှိလိုသည်များကို မေးမြန်းရာ ပြည်ထောင်စုဝန်ကြီးက အသေးစိတ်ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# (၄၁) ကြိမ်မြောက် အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၂**

(၄၁) ကြိမ်မြောက် အာဆီယံ စီးပွားရေး ပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ (41st Meeting of the High-level Task Force on ASEAN Economic Integration -HLTF-EI ) အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံ၏ အာဆီယံစီးပွားရေး ပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ဝင် ဦးသန်းအောင်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။




အစည်းအဝေးတွင် သဘာပတိအဖြစ် အင်ဒိုနီးရှားနိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဝန်ကြီးဌာန ဝန်ကြီး၏ နိုင်ငံတကာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ အထူးအကြံပေး Mr. Rizal Affandi Lukman က ဆောင်ရွက်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများက အာဆီယံစီးပွားရေး ပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ဝင်များနှင့် ကိုယ်စားလှယ်များ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သုံးသပ်ဆွေးနွေး**

အစည်းအဝေးတွင် ကမ္ဘောဒီးယားနိုင်ငံက ၂၀၂၂ ခုနှစ်အတွက် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌအဖြစ် တာဝန်ယူစဉ် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီးပွားရေးဆိုင်ရာ ဦးစားပေးလုပ်ငန်းများ၊ အာဆီယံဘက်စုံ ပြန်လည်ထူထောင်ရေးမူဘောင် အကောင်အထည်ဖော်မှု၏ တိုးတက်မှု၊ စတုတ္ထစက်မှု အသွင်ပြောင်းလဲမှုဆိုင်ရာ ပေါင်းစည်းမှု မဟာဗျူဟာ အကောင်အထည်ဖော်မှု၊ ဒစ်ဂျစ်တယ်စီးပွားရေးပေါင်းစည်းမှု အရှိန်မြှင့်တင်ရေးအတွက် ရည်ရွယ်ဆောင်ရွက်သည့် ဘန်ဒါဆီရီဘီဂါဝန် လမ်းပြမြေပုံ အကောင်အထည်ဖော် မှုနှင့် အာဆီယံ၏ လက်ရှိဒစ်ဂျစ်တယ် အသွင်ကူးပြောင်းမှု လုပ်ငန်းစဉ်အပေါ် ပိုမိုခိုင်မာကျယ်ပြန့်အောင် ဆောင်ရွက်ရေး လုပ်ငန်းစဉ်များ၊ ပတ်ဝန်းကျင် ထိခိုက်မှုလျော့နည်းစေသည့် ရေရှည်တည်တံ့သော စီးပွားရေးမူဘောင် အကောင်အထည်ဖော်မှု၊ ကာဗွန်လျှော့ချရေးဆိုင်ရာ အာဆီယံမဟာဗျူဟာ ရေးဆွဲရေးအတွက် သဘောတရားစာတမ်းအပေါ် အမြင်ချင်းဖလှယ် သုံးသပ်ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် အစည်းအဝေး၌ ၂၀၂၅ အလွန် အာဆီယံမျှော်မှန်းချက် ရေးဆွဲဆောင်ရွက်မှု၊ အာဆီယံစီးပွားရေး အသိုက်အဝန်း လမ်းပြမြေပုံ ၂၀၂၅ ကာလလယ် သုံးသပ်ချက်အရ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ အာဆီယံ၏ ကဏ္ဍများအကြား ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်နှင့် (၂၈) ကြိမ်မြောက် အာဆီယံ စီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးသို့ တင်ပြမည့် အာဆီယံစီးပွားရေး ပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ အစီရင်ခံစာတို့ကိုလည်း ဆွေးနွေးကြသည်။

**ရေးဆွဲဆောင်ရွက်**

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက ၂၀၂၂ ခုနှစ်အတွက် အကောင်အထည်ဖော် ဆောင်ရွက်မည့် စီးပွားရေးဆိုင်ရာ ဦးစားပေးလုပ်ငန်းများမှာ အာဆီယံနိုင်ငံအားလုံးအတွက် လက်ရှိနှင့် အနာဂတ် စိန်ခေါ်မှုများကို ရင်ဆိုင်ရာတွင် လက်တွေ့အသုံးချနိုင်မည်ဖြစ်၍ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် အာဆီယံဘက်စုံ ပြန်လည်ထူထောင်ရေးမူဘောင် အကောင်အထည်ဖော်မှုတွင် မြန်မာနိုင်ငံအနေဖြင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ အခြေအနေနှင့် ပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းစေသည့် ရေရှည်တည်တံ့သော စီးပွားရေးမူဘောင် အကောင်အထည်ဖော်မှုတွင် အာဆီယံနိုင်ငံများအကြား ဖွံ့ဖြိုးမှုကွာဟချက်ကို ထည့်သွင်းစဉ်းစား၍ လက်လှမ်းမီပြီး လက်တွေ့ဆောင်ရွက်နိုင်မည့်အစီအစဉ်များ ရေးဆွဲဆောင်ရွက်ရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

အာဆီယံ စီးပွားရေး ပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့သည် အာဆီယံ၏ စီးပွားရေး ပေါင်းစည်းမှုကို ပိုမိုတိုးမြှင့်နိုင် မည့် ကိစ္စရပ်များ၊ အာဆီယံတွင်း စီးပွားရေးဆိုင်ရာ ကိစ္စရပ်သစ်များနှင့် လက်ရှိအကောင်အထည်ဖော် လျက်ရှိသည့် စီးပွားရေးပေါင်းစည်းမှု လုပ်ငန်းစဉ်များ၏ ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ အာဆီယံ စီးပွားရေးဝန်ကြီးများထံ အကြံပြုချက်များ တင်ပြခြင်းနှင့် အာဆီယံအသိုက်အဝန်း၏ ၂၀၂၅ အလွန် မျှော်မှန်းချက်ရေးဆွဲရာတွင် အာဆီယံစီးပွားရေး အသိုက်အဝန်းအနေဖြင့် ဆောင်ရွက်သင့်သည်များကို အာဆီယံစီးပွားရေး မဏ္ဍိုင်၏ အကြံပေးအဖွဲ့အဖြစ် ဆောင်ရွက်လျက်ရှိသည်။

သတင်းစဉ်

# တိုင်းပြည်အတွက် တစ်တပ်တစ်အား ICJ သည်ဟိဂ်မြို့မှာသွားပြီး အစွမ်းကုန်ကြိုးစားဆောင်ရွက်ခဲ့ပါတယ်။ တိုင်းပြည်ရဲ့ အချုပ်အခြာအာဏာနဲ့ ပြည်သူတွေရဲ့ အမျိုးသားအကျိုးစီးပွားကို အတတ်နိုင်ဆုံးကြိုးစားပြီး ကာကွယ်ခဲ့ပါတယ်

ဦးကိုကိုလှိုင် (ပြည်ထောင်စုဝန်ကြီး)

ရန်ကုန် မတ် ၂

**မြန်မာနိုင်ငံကို အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ) ၌ ၁၉၄၈ ခုနှစ် လူမျိုးတုံးစေမှုကို တားဆီးရန်နှင့် ပြစ်ဒဏ်ပေးရန် နိုင်ငံတကာသဘောတူစာချုပ် (Convention on the Prevention and Punishment of the Crime of Genocide) ကို ကျူးလွန်ဖောက်ဖျက်သည်ဟု စွပ်စွဲချက်ဖြင့် တရားစွဲဆိုထားခြင်းနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့က ဦးဆောင်၍ တက်ရောက်ဖြေရှင်းခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ ပြည်သူများမှ သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြပြီး ပြည်သူများ၏ စကားသံများကို ဖော်ပြပေးလိုက်ပါသည်။**



ဦးကိုကိုလှိုင်
(ပြည်ထောင်စုဝန်ကြီး)



ဒေါက်တာသီတာဦး
(ပြည်ထောင်စုရှေ့နေချုပ်)



အမျိုးသားရေးဘာမထီဆရာတော်

**ဦးကိုကိုလှိုင်(ပြည်ထောင်စုဝန်ကြီး)**

ကျွန်တော်တို့အနေနဲ့ကတော့ ခုလို တိုင်းပြည်အတွက် တစ်တပ်တစ်အား ICJ သည်ဟိဂ်မြို့မှာ သွားပြီး အစွမ်းကုန် ကြိုးစားဆောင်ရွက်ခဲ့ပြီးတော့ တိုင်းပြည်ရဲ့ အချုပ်အခြာအာဏာနဲ့ ပြည်သူတွေရဲ့ အမျိုးသားအကျိုးစီးပွားကို အတတ်နိုင်ဆုံး ကြိုးစားပြီး ကာကွယ်ခဲ့ပါတယ်။ အဲ့ဒီလိုဆောင်ရွက်နေတဲ့အချိန်မှာလည်းပဲ တစ်နိုင်ငံလုံးကဝိုင်းပြီးထောက်ခံအားပေးကြပါတယ်။ အဲ့ဒီလို အားပေးထောက်ခံကြတဲ့ ပြည်သူတွေရဲ့ လက်ခုပ်သံကို ကြားရတဲ့အခါ ကျွန်တော့်အနေနဲ့ အများကြီး အားရှိခဲ့ပါတယ်။ ခုလည်းပဲ ဒီလိုမျိုး အများကြီးလာပြီး ကြိုဆိုကြတယ်။ သောင်းသောင်းဖြဖြ ထောက်ခံအားပေးကြတယ်ဆိုတဲ့အခါ တကယ်လည်း ကျွန်တော့်အနေနဲ့ ဝမ်းသာပါတယ်။ အတိုင်းထက်အလွန်ကိုပဲ ပိုပြီးဆက်လုပ်ဖို့အတွက် အားရှိသွားပါတယ်လို့ ပြောချင်ပါတယ်။

**ဒေါက်တာသီတာဦး**
**(ပြည်ထောင်စုရှေ့နေချုပ်)**

နိုင်ငံတော်အတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကျွန်မ အစွမ်းကုန် ဆောင်ရွက်ခဲ့ပါတယ်။ ကိုယ့်ကိုယ်ကိုယ်လည်း ဒီအတွက် အလွန်ကျေနပ်အားရပါတယ်။ ယခု ဒီကိစ္စက ဥပဒေကြောင်း သက်သက်သွားတာဖြစ်ပါတယ်။ Genocide Convention ရဲ့အောက်မှာ အငြင်းပွားခွင့်မရှိဘူး၊ တရားစွဲဆိုခွင့်မရှိဘူး။ တရားရုံးက စီရင်ပိုင်ခွင့်မရှိဘူး။ အမှုကို လက်မခံရဘူး ဆိုတဲ့ ဥပဒေပိုင်းသက်သက်ကိုပဲ သွားတာဖြစ်တဲ့အတွက်ကြောင့် ကျွန်မကတော့ ဥပဒေပိုင်းနဲ့ ပတ်သက်တာ အကုန်လုံးကို တကယ်ကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ဆောင်ရွက်ခဲ့ပါတယ်။ ကိုယ်က တကယ်ကို နိုင်ငံတော်အတွက် ဆောင်ရွက်တဲ့အခါမှာ ဝိုင်းပြီး ထောက်ခံအားပေးကြတဲ့အတွက် အများကြီး ဝမ်းသာတာပေါ့။

**အမျိုးသားရေးဘာမထီဆရာတော်**

မတရားစွပ်စွဲတဲ့ကိစ္စကို သွားရောက်ဖြေရှင်းတယ်။ ကမ္ဘာမှာ မြန်မာဆိုတာ မဟုတ်မခံတဲ့ လူမျိုးဆိုတာ ကမ္ဘာက သိသွားတယ်။ ဒီလို ကမ္ဘာကသိအောင် သွားရောက်ဖြေရှင်းတဲ့ ပြည်ထောင်စုဝန်ကြီးဖြစ်တဲ့ ဒကာကြီး ဦးကိုကိုလှိုင်နဲ့ အဖွဲ့ကို ဘုန်းဘုန်းဂုဏ်ပြုတဲ့အနေနဲ့ လာရောက်ကြိုဆိုတာပါ။ ဂမ်ဘီယာနိုင်ငံဆိုတာ မြန်မာနိုင်ငံနဲ့ အဝေးကြီးပါ။ ဘုန်းဘုန်းတို့ မြန်မာနိုင်ငံက အချုပ်အခြာပိုင်နိုင်ငံဖြစ်တယ်။ ဝင်ရောက်စွက်ဖက်တာကို ဘုန်းဘုန်းတို့ လက်မခံပါဘူး၊ ဒီနေ့ ဘုန်းဘုန်းတို့က ဒီထက်မက ကြိုဆိုချင်တာပါဟု မိန့်တော်မူသည်။

**ဒေါ်ခင်ဝိုင်းကြည်**
**(လွှတ်တော်ကိုယ်စားလှယ်ဟောင်း)**

နိုင်ငံတော်အတွက် သစ္စာအပြည့်နဲ့ အမှန်တရားဘက်က ရပ်တည်ပြီး မြင်အောင်ချေပပေးနိုင်ခဲ့တဲ့ ဆရာ ဦးကိုကိုလှိုင်နဲ့ အဖွဲ့တွေ ပြန်လာတာကို ဝမ်းသာအားရနဲ့ ဂုဏ်ပြုကြိုဆိုတာပါ၊ မြန်မာနိုင်ငံကို တရားစွဲတယ်ဆိုတာ ကမ္ဘာ့အလယ်မှာ သိက္ခာကျအောင် သတင်းအတုတွေလွှင့်ပြီး မတရားသဖြင့် ဆောင်ရွက်တာ နိုင်ငံတစ်နိုင်ငံရဲ့ အချုပ်အခြာအာဏာကို စော်ကားတာပါ။ နိုင်ငံတစ်နိုင်ငံက အချုပ်အခြာအာဏာကို ပိုင်ဆိုင်ထားရင် လေးစားရမယ်၊ အခုဟာက ကမ္ဘာ့အလယ်မှာ မြန်မာနိုင်ငံကို စော်ကားတာပါ။ ဒီလို စော်ကားတာကလည်း တစ်ဦးတစ်ယောက်တည်းအတွက် မတရားသဖြင့် တရားစွဲခဲ့တာကို ပြည်ပအဖွဲ့အစည်းတွေက အထောက်အပံ့တွေပေးပြီး မတရားအမှုဖွင့်ခဲ့ကြတယ်။ ဒါတွေကို ပယ်ဖျက်နိုင်အောင် မြန်မာနိုင်ငံရဲ့ သူရဲကောင်းတွေဖြစ်တဲ့ ဆရာဦးကိုကိုလှိုင်နဲ့ ဆရာမ ဒေါ်သီတာဦးတို့က သွားရောက်ဖြေရှင်းခဲ့တယ်။ ကမ္ဘာ့အလယ်မှာ ကျွန်တော်တို့မြန်မာနိုင်ငံက အပြစ်မရှိဘူးဆိုတာ သိသင့်သလောက် သိရှိသွားပြီ။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံရဲ့ သူရဲကောင်းတွေကို ကြိုဆိုတာပါ။ ကြိုလည်း ကြိုဆိုသင့်ပါတယ်။ ကျွန်တော်တို့နိုင်ငံက တိုင်းရင်းသားတွေကို ဒုက္ခပေးတုန်းကတော့ သူတို့စတင်လုပ်ဆောင်ခဲ့ကြတာပါ။ ကျွန်တော်တို့နိုင်ငံမှာမရှိတဲ့ လူမျိုးကို အရှိလုပ်ပြီး မတရားဆောင်ရွက်ခဲ့တယ်။ ဒီအတွက် တိုင်းရင်းသားတွေ မဟုတ်ဘူး။ တစ်နိုင်ငံလုံးနဲ့ သက်ဆိုင်နေပါတယ်။ အနာဂတ်အတွက်လည်း အများကြီး သက်ဆိုင်တဲ့အတွက် လက်ခံလို့မရပါဘူး။ အခု ပြည်သူတွေ လာကြိုနေကြတယ်၊ အမှန်တော့ ဒီထက်မက လာကြိုချင်ကြတာပါ။ ဒါတွေကို ကမ္ဘာ့နိုင်ငံတွေသိအောင် ချပြပေးစေချင်ပါတယ်။

**အမျိုးသားရေးဆောင်ရွက်နေသည့်**
**ပြည်သူတစ်ဦး**

ကျွန်တော်တို့ မြန်မာနိုင်ငံကို တရားစွဲခွင့်မရှိဘဲနဲ့ အကြောင်းမဲ့ တရားစွဲတယ်၊ အနေနဲ့ လက်ခံနိုင်စရာမရှိပါဘူးဟု ပြောသည်။

**ပြည်သူတစ်ဦး**

ခုလို ICJ မှာ မြန်မာနိုင်ငံကိုယ်စားပြု သွားရောက်ဖြေရှင်းကြတဲ့ ဆရာ ဦးကိုကိုလှိုင်ရယ်၊ ဒေါ်သီတာဦးရယ်ပေါ့နော်။ တစ်ဖက်က ကျွန်တော်တို့ နိုင်ငံနဲ့ နီးစပ်ခြင်းမရှိတဲ့ ဂမ်ဘီယာဟာ နယ်သာလန်မှာ ICJ အမှုနဲ့ပတ်သက်ပြီး တရားစွဲတဲ့အခါမှာ ကျွန်တော်တို့နိုင်ငံက ဥပဒေကြောင်းအရ တိတိကျကျလေးစားလိုက်နာပြီး ဖြေရှင်းတယ်ဆိုတဲ့ဟာလေးကို ပေါ်လွင်အောင် နယ်သာလန်မှာသွားပြီး ဖြေရှင်းပါတယ်။ ဖြေရှင်းတဲ့အပေါ်မှာ ဖြေကြားခြင်းများကို ပြည်သူတွေ သိရှိပြီးဖြစ်ပါလိမ့်မယ်။ ကျွန်တော်တို့တွေသည် ဥပဒေကြောင်းအရမှာ တင်စွဲလာခြင်းကို လေးလေးစားစားနဲ့ နိုင်ငံတကာက ပြဋ္ဌာန်းထားတဲ့ ဥပဒေပေါ်မှာ မြန်မာနိုင်ငံသည် လေးစားစွာပြန်ပြီး တုံ့ပြန်ဖြေရှင်းခဲ့တဲ့အပေါ် ကျွန်တော်တို့နိုင်ငံ ပြည်သူတွေက ဒီမိုကရေစီမှာ ဥပဒေကို လေးစားလိုက်နာပြီး ဆောင်ရွက်တယ်ဆိုတာကို ပေါ်လွင်အောင် ဆောင်ရွက်ခဲ့တဲ့အတွက် ကျွန်တော်တို့ မြန်မာပြည်သူ အကုန်လုံးက ဝမ်းသာပီတိဖြစ်ရပါတယ်။ အားလုံးသည် ရင်ထဲတစ်ထပ်တည်းရှိတဲ့ ပြည်သူတွေက လာရောက်ကြိုဆိုခြင်း ဖြစ်ပါတယ်။



ဒေါ်ခင်ဝိုင်းကြည်
(လွှတ်တော်ကိုယ်စားလှယ်ဟောင်း)



အမျိုးသားရေးဆောင်ရွက်နေသည့်
ပြည်သူတစ်ဦး




ပြည်သူတစ်ဦး

**သတင်း-လင်းခန့်**
**ဓာတ်ပုံ-သိန်းဝင်း**

# တောင်သူလယ်သမားနေ့ ရုံးပိတ်ရက်တွင် ကမ္ဘောဇသာဒီနန်းတော်ရာသို့ လာရောက်လေ့လာအပန်းဖြေကြသူများပြား

**ပဲခူး မတ် ၂**

မတ်လ ၂ ရက် တောင်သူလယ်သမားနေ့ ရုံးပိတ်ရက်တွင် ပဲခူးမြို့ရှိ ကမ္ဘောဇသာဒီရွှေနန်းတော်သို့ လာရောက်လေ့လာ အပန်းဖြေကြသူများ များပြားကြောင်း သိရသည်။

ကမ္ဘောဇသာဒီရွှေနန်းတော်သို့ လာရောက်လေ့လာ အပန်းဖြေကြသူများသည် အစုအဖွဲ့လိုက်ဖြင့် ရွှေနန်းတော်ကြီး ဘမရာသနပလ္လင်ဆောင်၊ မိဖုရားခေါင်ကြီး ခင်ခင်ကြီးအဆောင်တို့ကို လှည့်လည်လေ့လာခဲ့ကြပြီး စားတော်တိုက်ဝင်းအတွင်း အေးချမ်းစွာ အနားယူအပန်းဖြေကြသည်။

နန်းတော်ရာမှ တာဝန်ရှိသူများကလည်း လာရောက်လေ့လာ အပန်းဖြေကြသူများ စိတ်အေးချမ်းသာစွာ အနားယူနိုင်ရန် ရည်ရွယ်လျက် စားတော်တိုက်ဝင်းအတွင်း စားသောက်ဆိုင်များနှင့် အမှတ်တရလက်ဆောင်ပစ္စည်း အရောင်းဆိုင်များ ဖွင့်လှစ်ပေးထားခြင်း၊ ဝိုင်ဖိုင်အသုံးပြုနိုင်ရန် စီမံပေးထားခြင်း၊ အမှတ်တရဓာတ်ပုံရိုက်နိုင်ရန် နေရာပြုလုပ်ပေးထားခြင်းအပြင် နန်းတော်ရာဝင်းအတွင်း လှည့်လည်စက်ဘီးစီးနိုင်ရန် စက်ဘီးများ ငှားရမ်းပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် နန်းတော်ရာသို့ လာရောက်အပန်းဖြေကြသူများ စိတ်ရွှင်လန်းမှုရှိစေရန် ကမ္ဘောဇသာဒီပန်းခြံကို မင်္ဂလာကန်တော်အနီး ပြုလုပ်မည်ဖြစ်ကြောင်းနှင့် ပြင်ဦးလွင်တွင် အသုံးပြုသည့်မြင်းလှည်း (ရထားလုံး)မျိုး ထားရှိရန်လည်း စီစဉ်လျက်ရှိကြောင်း သိရသည်။

ကမ္ဘောဇသာဒီရွှေနန်းတော်သို့ ဝင်ကြေး လူကြီးတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၊ ကလေးတစ်ဦးလျှင် ငွေကျပ် ၅၀၀ သတ်မှတ်ကောက်ခံရာမှ မတ် ၁ ရက်မှစ၍ လူကြီးတစ်ဦးလျှင် ဝင်ကြေး ငွေကျပ် ၈၀၀ သို့ လျှော့ချကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်ယဉ်ဦး**

❖ *ရှေ့ဖုံးမှ*

ရဟန်းရှင်လူပြည်သူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံများနှင့် အပြည်ပြည်ဆိုင်ရာ တရားရုံး(ICJ) တွင် တိုင်းပြည်နှင့် လူမျိုးအကျိုးအတွက် ရဲဝံ့ပြတ်သားစွာ ဆောင်ရွက်ခဲ့ကြသော မြန်မာကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ယူဝမ်းမြောက်စွာ ကြိုဆိုပါသည်ဟူသည့် ဗီနိုင်းဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ ရန်ကုန်လေဆိပ်၌ သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာနိုင်ငံကို ဂမ်ဘီယာနိုင်ငံက အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၌ ၁၉၄၈ ခုနှစ် လူမျိုးတုံးစေမှုကို တားဆီးရန်နှင့် ပြစ်ဒဏ်ပေးရန် နိုင်ငံတကာသဘောတူစာချုပ်ကို ကျူးလွန်ဖောက်ဖျက်သည်ဟု စွပ်စွဲချက်ဖြင့် တရားစွဲဆိုထားခြင်းနှင့် ပတ်သက်၍ ICJ တရားရုံးတွင် စီရင်ပိုင်ခွင့်မရှိကြောင်း၊ ဂမ်ဘီယာနိုင်ငံအနေဖြင့်လည်း တရားစွဲဆိုခွင့်မရှိကြောင်း ကနဦးကန့်ကွက်လွှာကို မြန်မာနိုင်ငံက အပြည်ပြည်ဆိုင်ရာတရားရုံးသို့ တင်သွင်းခဲ့ပြီး ကန့်ကွက်လွှာနှင့်ပတ်သက်သည့် ကြားနာမှုကို နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့တွင် ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၈ ရက် အထိ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါကြားနာပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က ICJ အနေဖြင့် ဥပဒေကြောင်းအရ ထိုအမှုကို လက်ခံကြားနာစစ်ဆေးခွင့် မရှိကြောင်း လျှောက်လဲရှင်းလင်းပြောကြားခဲ့ပြီး မြန်မာနိုင်ငံကိုယ်စားပြု နိုင်ငံတကာရှေ့နေများကလည်း မြန်မာနိုင်ငံက တင်သွင်းခဲ့သည့် ကနဦးကန့်ကွက်ချက်များနှင့် ပတ်သက်၍ တရားရုံးသို့ အချက်အလက် ခိုင်ခိုင်မာမာဖြင့် တင်ပြလျှောက်လဲခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**




မြန်မာကိုယ်စားလှယ်အဖွဲ့၏ ဆောင်ရွက်မှုကို ထောက်ခံအားပေးကြသည့် ရဟန်းရှင်လူပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုကြစဉ်။





ကနဦးကန့်ကွက်လွှာဆိုင်ရာ ကြားနာပွဲသို့ တက်ရောက်ခဲ့သည့် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဒေါက်တာ သီတာဦးတို့ ဦးဆောင်သောအဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပြည်သူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။






မြန်မာကိုယ်စားလှယ်အဖွဲ့၏ ဆောင်ရွက်မှုကို ထောက်ခံအားပေးကြသည့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် ပြည်သူများက ဗီနိုင်းဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ သောင်းသောင်းဖြဖြ ကြိုဆိုကြစဉ်။





မြန်မာကိုယ်စားလှယ်အဖွဲ့၏ဆောင်ရွက်မှုကို ထောက်ခံအားပေးကြသည့် ပြည်သူများက ဗီနိုင်းဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ သောင်းသောင်းဖြဖြ ကြိုဆိုကြစဉ်။

# ကျန်းမာရေးအတွက် နေကြာဆီ

*ကိုရင်အောင်မိုး(MOALI)*

လူတို့ နေ့စဉ် ကြော်ချက်စားသုံးနေကြသည့် စားသုံးဆီကို ဆီထွက်သီးနှံမျိုးစုံမှ ထုတ်ယူအသုံးပြုလျက်ရှိနေကြပြီး မြန်မာနိုင်ငံတွင် မြေပဲဆီကို နှစ်သက်စွာ စားသုံးနေကြသော်လည်း အခြေခံလူတန်းစားများမှာ ဈေးနှုန်းသက်သာသည့် စားအုန်းဆီအပါအဝင် ရောနှောဆီများကိုသာ အားပြုစားသုံးနေကြလျက်ရှိသည်။

ဈေးနှုန်းလည်း သင့်တင့် အာဟာရဓာတ်လည်း ကြွယ်ဝစွာပါဝင်ပြီး ကျန်းမာရေးနှင့် ညီညွတ်စွာ စားသုံးနိုင်သည့်နေကြာဆီကို ကမ္ဘာ့နိုင်ငံများတွင် ရွေးချယ်စားသုံးလျက်ရှိနေသဖြင့် နေကြာဆီ ဈေးကွက်မှာ နေ့စဉ်နှင့်အမျှ တိုးတက်ဖြစ်ပေါ်နေလျက်ရှိနေသည်။

နေကြာတွင် ကျန်းမာရေးအတွက် လိုအပ်သည့် ဒြပ်စင်များဖြစ်သော ဗီတာမင်အီး၊ ဖောလစ်အက်စစ်၊ ဆယ်လီနီယမ်၊ မဂ္ဂနီဆီယမ် စသည့် ဒြပ်စင်များ ပါဝင်ပါသည်။

**နေကြာတွင် ပါဝင်သည့် အာဟာရတန်ဖိုး**

| စုစုပေါင်းကယ်လိုရီ | ၅၈၄ |
|---|---|
| ပရိုတင်း | ၂၀.၈ ဂရမ် |
| အဆီ | ၀.၄ ဂရမ် |
| ကာဘိုဟိုက်ဒြိတ် | ၂၀ ဂရမ် |

မြန်မာနိုင်ငံအနေဖြင့်လည်း စားအုန်းဆီနှင့် ဈေးနှုန်းချင်း များစွာကွာခြားမှုမရှိသည့် နေကြာဆီကို ပြောင်းလဲစားသုံးကြမည်ဆိုပါက ကျန်းမာရေးအတွက် များစွာအကျိုးရှိနိုင်မည်ဖြစ်သည်။

နေကြာဆီစားသုံးခြင်းဖြင့် နှလုံးကျန်းမာရေးကို တိုးတက်ကောင်းမွန်စေခြင်း၊ အဆစ်ရောင်ရမ်းမှုကို လျော့ကျစေခြင်း၊ ပန်းနာရင်ကျပ်ရောဂါ၊ ကင်ဆာရောဂါများကို ကာကွယ်ပေးခြင်း၊ ခုခံအားစနစ် တိုးတက်စေခြင်း၊ အစာခြေမှု တိုးတက်ကောင်းမွန်စေပြီး အသားရေထိန်းသိမ်းကောင်းမွန်စေခြင်း၊ ဆံပင်အရည်အသွေး တိုးတက်ကောင်းမွန်စေခြင်း၊ ကိုယ်အလေးချိန်လျှော့ချမှုကို အထောက်အကူပြုခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေနိုင်ကြောင်း အစားအစာသုတေသနပညာရှင်များက အကြံပြုထားသည်။





✲ **လေ့လာမှုများအရ နေကြာအပါအဝင် ဆီထွက်သီးနှံများ၏ တစ်တင်းဆီထွက်နှုန်းနှင့် တစ်ဧက ဆီထွက်နှုန်းများ နှိုင်းယှဉ်ကြည့်ပါက ရိုးရိုးနေကြာ တစ်ဧကလျှင် ဆီ ၆၇ ပိဿာသာ ထွက်ရှိသော်လည်း စပ်မျိုးနေကြာစိုက်လျှင် တစ်ဧက ပိဿာ ၁၄၀ ထွက်နိုင်သဖြင့် မြေပဲ၏ ဆီထွက်နှုန်းထက် မြင့်မားကြောင်း တွေ့ရသည်။ ပြည်တွင်း နေကြာဆီဖူလုံစွာ စားသုံးနိုင်ရေးအတွက် နေကြာစိုက်ပျိုးမှုတိုးမြှင့်နိုင်ရန် ဌာနဆိုင်ရာများဘက်က မျိုးကောင်းမျိုးသန့်နှင့် နည်းပညာလိုအပ်ချက်များ ကူညီပံ့ပိုးပေးခြင်း၊ အဆင့်မြင့်ဆီစက်များ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်ရေးအတွက် ပုဂ္ဂလိကအခန်းကဏ္ဍ မြှင့်တင်ပေးခြင်းတို့ကို တစ်ပြိုင်တည်းဆောင်ရွက်ရန်လည်း လိုအပ်လျက်ရှိသည်**

နေကြာသီးနှံစိုက်ပျိုးရာတွင် အထွက်ကောင်းမျိုးများဖြစ်ကြသည့် စပ်မျိုးနေကြာ၊ ရေဆင်းစပ်မျိုး-၁၊ မြန်မာနိုင်ငံ မျိုးစေ့ကော်မတီက အတည်ပြုထားသော နိုင်ငံခြားစပ်မျိုးများနှင့် OPV မျိုး (မျိုးခံနိုင်သောမျိုး) ဖြစ်သည့် ဆင်းရွှေကြာ-၂ မျိုးများကို စိုက်ပျိုးလေ့ရှိကြသည်။

နေကြာသီးနှံမှာ မြန်မာနိုင်ငံ ဒေသအနှံ့အပြားတွင် စိုက်ပျိုးဖြစ်ထွန်းသည့် သီးနှံဖြစ်သကဲ့သို့ အခြားဆီထွက်သီးနှံများထက် အရင်းအနှီးစရိတ်သက်သာခြင်း၊ စိုက်ပျိုးထုတ်လုပ်မှု လွယ်ကူခြင်း၊ သီးထပ်သီးနှံ ကြားသီးနှံများအဖြစ် စိုက်ပျိုးနိုင်ခြင်း၊ စပါးရိတ်သိမ်းပြီးချိန်၊ မိုးသီးနှံ ရိတ်သိမ်းပြီးချိန်များမှာ စိုက်ပျိုးနိုင်ခြင်း စသည့်အားသာချက်များအပြင် စိုက်ပျိုးပြီး ရက်ပေါင်း ၈၀ မှ ၈၅ ရက်အတွင်း ဈေးကွက်ဝင်ငွေ ပေါ်နိုင်သဖြင့် တောင်သူများအတွက် အကျိုးရှိစေသော သီးနှံတစ်မျိုးလည်းဖြစ်သည်။

လေ့လာမှုများအရ နေကြာအပါအဝင် ဆီထွက်သီးနှံများ၏ တစ်တင်းဆီထွက်နှုန်းနှင့် တစ်ဧကဆီထွက်နှုန်းများ နှိုင်းယှဉ်ကြည့်ပါက ရိုးရိုးနေကြာ တစ်ဧကလျှင် ဆီ ၆၇ ပိဿာသာ ထွက်ရှိသော်လည်း စပ်မျိုးနေကြာစိုက်လျှင် တစ်ဧက ပိဿာ ၁၄၀ ထွက်နိုင်သဖြင့် မြေပဲ၏ဆီထွက်နှုန်းထက် မြင့်မားကြောင်း တွေ့ရသည်။

| စဉ် | သီးနှံ | တစ်တင်းမှ ဆီထွက် ပိဿာ | တစ်ဧက ဆီထွက် ပိဿာ |
|---|---|---|---|
| ၁ | မြေပဲ | ၂ | ၁၁၄ |
| ၂ | နှမ်း | ၆ | ၅၆ |
| ၃ | နေကြာ | ၂.၅ | ၆၇ |
| ၄ | စပ်မျိုးနေကြာ | ၄-၄.၅ | ၁၄၀ |

ပြည်တွင်း နေကြာဆီဖူလုံစွာ စားသုံးနိုင်ရေးအတွက် နေကြာစိုက်ပျိုးမှုတိုးမြှင့်နိုင်ရန် ဌာနဆိုင်ရာများဘက်က မျိုးကောင်းမျိုးသန့်နှင့် နည်းပညာ လိုအပ်ချက်များ ကူညီပံ့ပိုးပေးခြင်း၊ အဆင့်မြင့်ဆီစက်များ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်ရေးအတွက် ပုဂ္ဂလိကအခန်းကဏ္ဍ မြှင့်တင်ပေးခြင်းတို့ကို တစ်ပြိုင်တည်းဆောင်ရွက်ရန်လည်း လိုအပ်လျက်ရှိသည်။

မိုးနေကြာကို မေလ၊ ဇွန်လများတွင် စတင်စိုက်ပျိုးလေ့ရှိပြီး ဆောင်းနေကြာကို စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် စိုက်ပျိုးလေ့ရှိသဖြင့် မိမိတို့ ဒေသရာသီဥတုအပေါ် ချိန်ဆပြီး စိုက်ပျိုးနိုင်ကြောင်း ရေးသားတင်ပြရပါသည်။ ။

❒ **ဈေးနှုန်းလည်း သင့်တင့်အာဟာရဓာတ်လည်း ကြွယ်ဝစွာပါဝင်ပြီး ကျန်းမာရေးနှင့် ညီညွတ်စွာ စားသုံးနိုင်သည့်နေကြာဆီကို ကမ္ဘာ့နိုင်ငံများတွင် ရွေးချယ်စားသုံးလျက်ရှိနေသဖြင့် နေကြာဆီဈေးကွက်မှာ နေ့စဉ်နှင့်အမျှ တိုးတက်ဖြစ်ပေါ်နေလျက်ရှိနေသည်**

❒ **နေကြာတွင် ကျန်းမာရေးအတွက် လိုအပ်သည့် ဒြပ်စင်များဖြစ်သော ဗီတာမင်အီး၊ ဖောလစ်အက်စစ်၊ ဆယ်လီနီယမ်၊ မဂ္ဂနီဆီယမ် စသည့်ဒြပ်စင်များ ပါဝင်ပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း စားအုန်းဆီနှင့် ဈေးနှုန်းချင်း များစွာ ကွာခြားမှုမရှိသည့် နေကြာဆီကို ပြောင်းလဲစားသုံးကြမည်ဆိုပါက ကျန်းမာရေးအတွက် များစွာ အကျိုးရှိနိုင်မည်ဖြစ်သည်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ငွေးအောင် CLMVT Forum ၏ အကျိုးကျေးဇူးများနှင့် ဆက်လက်ကျင်းပရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲတက်ရောက်

**နေပြည်တော် မတ် ၂**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ငွေးအောင်သည် ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန နီလာခန်းမ၌ ထိုင်းနိုင်ငံ Kasetsart University မှ ကြီးမှူး၍ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့ ပါဝင်သော CLMVT Forum ၏ အကျိုးကျေးဇူးများနှင့် ဖိုရမ်များ ဆက်လက်ကျင်းပရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲသို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်သည်။ **(ယာပုံ)**

ဆွေးနွေးပွဲသို့ ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများက အွန်လိုင်းမှ တက်ရောက်ကြသည်။

ဆွေးနွေးပွဲ၌ ပြည်ထောင်စုဝန်ကြီးက CLMVT Forum သည် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့အကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ဆောင်ရွက်နိုင်ရန် ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ကြိုးစားအားထုတ်မှု အစိတ်အပိုင်းတစ်ခုလည်း ဖြစ်ပါကြောင်း၊ ဖိုရမ်သည် CLMVT နိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ဆောင်ချက်တစ်ခုသာမက အစိုးရ၊ ပုဂ္ဂလိက၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ကျွမ်းကျင်ပညာရှင်များထံမှ အကြံပြုချက်များ၊ ပညာရပ်များနှင့် အမြင်များမှတစ်ဆင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ပါကြောင်း၊ ထို့အပြင် CLMVT နိုင်ငံများအကြား ကိုဗစ်-၁၉ ကပ်ရောဂါအလွန် တွေ့ကြုံရမည့်အခြေအနေများနှင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မဟာဗျူဟာများကို လေ့လာသုံးသပ်ဆွေးနွေးနိုင်ခဲ့ပါကြောင်း။

ခရီးသွားလုပ်ငန်းသည် CLMVT နိုင်ငံများအတွက် သာမက နိုင်ငံတကာတွင် စီးပွားရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အကျိုးပြုသော အဓိကအရေးပါသည့် လုပ်ငန်းကဏ္ဍများအနက် တစ်ခုပင်ဖြစ်ပါကြောင်း၊ ဖိုရမ်ကထွက်ပေါ်လာသော ရလဒ်များက CLMVT နိုင်ငံများအတွက် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးနှင့် အကောင်အထည်ဖော်ရေးအတွက် ရှင်းလင်းလွယ်ကူသော လမ်းညွှန်ချက်များနှင့် အကြံပြုချက်များမှ တစ်ဆင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုနှင့် အကျိုးကျေးဇူးများကို ဖြစ်ပေါ်လာစေမည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အစိုးရ-ပုဂ္ဂလိက ကဏ္ဍများအတွက် ကိုဗစ်-၁၉ ကပ်ရောဂါကာလနှင့် အလွန်ကာလများတွင် စီးပွားရေးနှင့် ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးတိုးတက်လာရေးအတွက် မူဝါဒပိုင်းဆိုင်ရာ အကြံပြုချက်များနှင့် ဆောင်ရွက်သင့်သော နည်းလမ်းများစသည့် အကျိုးကျေးဇူးများကို ရရှိပါကြောင်း၊ ယနေ့ဆွေးနွေးပွဲကနောင်တွင် ကျင်းပမည့် CLMVT Forum အား မြန်မာနိုင်ငံအတွက်သာမက ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့အကြား အကျိုးဖြစ်ထွန်းပြီး အထောက်အပံ့ဖြစ်သော ဖော်ထုတ်ချက်များ ပေါ်ထွက်လာမည့် ပြီးပြည့်စုံသော ဖိုရမ်တစ်ခုဖြစ်ရေး ကြိုးစားဆွေးနွေးကြစေလိုပါကြောင်း ပြောကြားသည်။




ယင်းနောက် ထိုင်းနိုင်ငံ Kasetsart University မှ Dr. Montchai Pinitjitsamut က CLMVT Forum ကျင်းပခဲ့ခြင်းနှင့် ဆက်လက်ကျင်းပရေး၊ အကျိုးကျေးဇူးနှင့် ရလဒ်တို့ကို ဆွေးနွေးတင်ပြပြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇေယျာမျိုးအောင်နှင့် မြန်မာနိုင်ငံမှ တက်ရောက်လာသော ကိုယ်စားလှယ်များက CLMVT Forum တက်ရောက်ခဲ့မှုအတွေ့အကြုံများ၊ ဖိုရမ်မှ ရရှိခဲ့သည့် အစိုးရ/ ပုဂ္ဂလိက ကဏ္ဍအတွက် အကျိုးကျေးဇူးများ၊ ဖိုရမ်များ အောင်မြင်စွာ ဆက်လက်ကျင်းပပြုလုပ်ရေး ဆောင်ရွက်ပေးစေလိုသည့်အချက်များ၊ ဖိုရမ်အစီအစဉ်များတွင် ခရီးသွားလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများ ထပ်မံထည့်သွင်းရေးနှင့် ရှေ့ဆက်ဆောင်ရွက်ရာတွင် ခရီးသွားလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်လိုသည့် ကိစ္စရပ်များကို ပြန်လည်ဆွေးနွေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# ကျွန်တော်တို့နိုင်ငံကို ကာကွယ်ဖို့အတွက်သွားပြီး အောင်မြင်အောင် ကြိုးစားတဲ့အတွက် ဂုဏ်ယူပါတယ်

**ဦးသက်ထွန်း**

နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)တွင် မြန်မာနိုင်ငံက တင်သွင်းခဲ့သော ကနဦးကန့်ကွက်လွှာဆိုင်ရာ ကြားနာပွဲသို့ တက်ရောက်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ မြန်မာကိုယ်စားလှယ်အဖွဲ့၏ ဆောင်ရွက်မှုကို ထောက်ခံအားပေးကြသည့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) မှ တာဝန်ရှိသူများ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး (YMBA) (ဗဟို)မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်ကွက်ရှင်လူပြည်သူများက ရန်ကုန်လေဆိပ်တွင် သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

လာရောက်ကြိုဆိုကြသည့် နိုင်ငံရေးပါတီများ၊ ဘာသာရေးအသင်းအဖွဲ့နှင့် ပြည်သူများအား တွေ့ဆုံမေးမြန်းထားသည်များကို ရေးသားတင်ပြလိုက်ရပါသည်။



ဦးသက်ထွန်း



ဒေါ်ဝင်းမိစံ



ဦးထိန်လင်း



ဒေါ်ရွှေမမ

**ဦးသက်ထွန်း**

**(CECအဖွဲ့ဝင်၊အမျိုးသားတိုးတက်ရေးပါတီ)**

ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်တို့အဖွဲ့ကို လာရောက်ကြိုဆိုတာပါ၊ ကျွန်တော်တို့ ပါတီက CEC သုံးဦးလာကြိုပါတယ်၊ ကျွန်တော်တို့နိုင်ငံကို ကာကွယ်ဖို့အတွက်သွားပြီး အောင်မြင်အောင် ကြိုးစားတဲ့အတွက် ဂုဏ်ယူပါတယ်၊ ကျွန်တော်တို့ နိုင်ငံကို မတရားစွပ်စွဲထားတာကို သွားဖြေရှင်းဖို့လိုတယ်၊ မဖြေရှင်းရင် ပိုဆိုးသွားမယ်၊ သူတို့အနေနဲ့လည်း ကျွန်တော်တို့နိုင်ငံကို တရားစွဲခွင့်မရှိပါဘူး၊ တရားစွဲခွင့် မရှိတာကို တရားစွဲတဲ့အတွက် တရားစွဲခွင့်မရှိဘူးဆိုတာ သွားဖြေရှင်းတယ်လို့မြင်တယ်၊ ကျွန်တော်တို့နိုင်ငံ ရေရှည်တည်တံ့ဖို့ လုပ်တာအတွက်လည်း ဂုဏ်ယူပါတယ်၊ နောက်လည်း ဒီလိုပြဿနာမျိုး မဖြစ်အောင် ကြိုးစားကာကွယ်ထားတယ်လို့မြင်ပါတယ်။

**ဒေါ်ဝင်းမိစံ**

ကျွန်မက ဆိပ်ကြီးခနောင်တိုမြို့နယ်က လာတာပါ၊ ဆိပ်ကြီးခနောင်တိုမြို့နယ်က ကျွန်မအပါအဝင် ၅၀ ကျော် လာရောက်ကြိုဆိုတာပါ၊ ကျွန်မတို့ မြန်မာနိုင်ငံအတွက် တကယ့်ကို ဝမ်းသာစရာပါ၊ ဒါတွေက အမှန်တရားတွေပါပဲ၊ ဒီလိုအမှန်တရားကို ကျွန်မတို့ပြည်သူတွေ အကုန်လုံး သိစေချင်တယ်၊ တချို့တလေ အမှန်တရားကို မသိတဲ့သူတွေ ရှိနေသေးတယ်၊ ကျွန်မတို့ မြန်မာပြည်အတွက် သိပ်အရေးကြီးတဲ့ အမှန်တရားတွေကို ပြည်သူတွေအကုန်လုံးကို သိစေချင်တယ်၊ ICJ မှာ တရားစွဲဆိုတာမလုပ်သင့်ဘူးလို့လည်းမြင်တယ်။

**ဦးထိန်လင်း(တွဲဖက်အတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း(YMBA))**

ICJ မှာ ကိုယ့်မြန်မာဂုဏ်ကို ဆောင်ဖို့နဲ့ တိုင်းပြည်အတွက်လည်း သွားခဲ့ကြတဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျွန်တော်တို့အဖွဲ့ကနေ လူအင်အား ၁၅၀ နဲ့ လာရောက်ဂုဏ်ပြုကြိုဆိုတာ ဖြစ်ပါတယ်၊ မြန်မာ့အသံအပါအဝင် နိုင်ငံပိုင်သတင်းစာတွေမှာ ICJနဲ့ ပတ်သက်ပြီး သွားရောက်ချေပကြတဲ့ သတင်းတွေအပေါ် ကျေနပ်အားရပါတယ်၊ ကိုယ့်တိုင်းပြည်အတွက်လည်း အခြေအမြစ်ကျကျ ဥပဒေအရကိုက ICJမှာ တရားစွဲခွင့် မရှိဘူးဆိုတာကို စနစ်တကျအမှန်အတိုင်း တင်ပြပြီး လျှောက်လဲတာကို အားရတယ်၊ ICJက သမာသမတ်ကျတဲ့ ခုံသမာဓိလူကြီးများကလည်း အကောင်းဆုံး၊ သမာသမတ်အကျဆုံး ဆုံးဖြတ်မယ်လို့လည်း ယုံကြည်ပါတယ်၊ မြန်မာကိုယ်စားလှယ်အဖွဲ့တွေ အနေနဲ့လည်း တက်ညီလက်ညီ တိုင်းပြည်အတွက် ဆောင်ရွက်နေတာကို ဝမ်းလည်းသာတယ်၊ ဂုဏ်လည်းယူပါတယ်၊ ကျွန်တော်တို့ တိုင်းပြည်မှာ လူမျိုးဘာသာ အယူအဆ နိုင်ငံရေး ဘယ်လိုပဲ ကွဲပြားနေပါစေ တိုင်းပြည်တစ်ပြည်လုံးအပေါ်ကို ကျရောက်လာတဲ့ ကိစ္စဖြစ်တဲ့အတွက် ညီညီညွတ်ညွတ်နဲ့ ပြန်လည်ချေပနေသူအားလုံးကို အားပေးသင့်ကြောင်း၊ ကြိုဆိုသင့်ကြောင်း၊ တိုက်တွန်းချင်ပါတယ်။

**ဒေါ်ရွှေမမ**

ကျွန်မတို့က လှည်းကူးမြို့နယ်ကနေ လာတာပါ၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်တို့အဖွဲ့ ICJမှာ သွားရောက်ဖြေရှင်းတဲ့ ကိစ္စကို ကျွန်မတို့က မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ လာရောက်ထောက်ခံကြိုဆိုခြင်း ဖြစ်ပါတယ်၊ ICJမှာ ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံကို တရားစွဲတယ်ဆိုတာမဖြစ်သင့်ဘူး၊ တကယ်နစ်နာတာက သူတို့ ဂမ်ဘီယာနိုင်ငံမဟုတ်ဘူး၊ ကျွန်မတို့ မြန်မာနိုင်ငံက နစ်နာတာပါ၊ တကယ်အသတ်ခံရတာက ကျွန်မတို့ တိုင်းရင်းသားတွေ အသတ်ခံရတာပါ၊ ဒီဟာကို သူတို့က ပြောင်းပြန်လှန်ပြီး ဘင်္ဂါလီအသတ်ခံရပါတယ်ဆိုပြီး တရားစွဲတာ၊ အဲ့ဒါမတရားဘူး၊ အဲ့ဒီအတွက် ကျွန်မတို့က မကျေနပ်ဘူး၊ ဒီကိစ္စကို သွားရောက်ဖြေရှင်းပေးတဲ့ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နဲ့အဖွဲ့ကို ကြိုဆိုတာပါ၊ ဂုဏ်လဲယူတယ်၊ ဦးကိုကိုလှိုင်တို့ ဖြေရှင်းတဲ့ အချက်ထဲမှာ မြန်မာနိုင်ငံကို တရားစွဲလို့မရဘူးဆိုတဲ့ အချက်ရယ်၊ ICJ ကနေ လက်ခံပြီး ကြားနာခွင့်မရှိဘူးဆိုတဲ့ အချက်နှစ်ချက်က အားရစရာ ကောင်းတယ်၊ အဲ့ဒီအတွက် ဦးကိုကိုလှိုင်တို့အဖွဲ့ကို ကျေးဇူးတင်လွန်းလို့ ပြည်သူတစ်ယောက်အနေနဲ့ လာရောက်ကြိုဆိုခြင်းဖြစ်ပါတယ်။

**တွေ့ဆုံမေးမြန်း-ကိုသိုက် /**
**ဓာတ်ပုံ-ကိုကိုဇော်၊ မိုးမိုး**

# ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး ၅၀၀ ကေဗွီ မိတ္ထီလာ - နေပြည်တော်-တောင်ငူ မဟာဓာတ်အားလိုင်း ကြိုးဆွဲလုပ်ငန်း ဆောင်ရွက်နေမှုကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၂**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၂၁၈ နှင့် မိုင်တိုင် အမှတ် ၂၆၀ အကြားတွင် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ၅၀၀ ကေဗွီ မိတ္ထီလာ- နေပြည်တော်-တောင်ငူ မဟာဓာတ်အားလိုင်း ကြိုးဆွဲလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၂၁၈ နှင့် မိုင်တိုင်အမှတ် ၂၆၀ အကြားတွင် ဆောင်ရွက်လျက်ရှိသည့် မဟာဓာတ်အားလိုင်း ကြိုးဆွဲလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ ယာယီရှင်းလင်းဆောင်၌ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရအောင်ဘိုနှင့် တာဝန်ရှိသူများက မဟာဓာတ်အားလိုင်းကြိုးဆွဲလုပ်ငန်း ၃၀ ဒသမ ၄ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးမှု၊ ကြိုးဆွဲခြင်းလုပ်ငန်းများကို မိတ္ထီလာဘက်အပိုင်းနှင့် တောင်ငူဘက်အပိုင်းကြိုးဆွဲအဖွဲ့ သုံးဖွဲ့ဖြင့် လုပ်ငန်းဆောင်ရွက်နေမှုနှင့် ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် ရာနှုန်းပြည့်ပြီးစီးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ရရှိသည့်ဘဏ္ဍာငွေအပေါ် စီမံကိန်းလုပ်ငန်းများကို သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးနိုင်ရေး ကြိုးစားဆောင်ရွက်သွားရန်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်သုံးပစ္စည်းများ စံချိန်စံညွှန်းပြည့်မီရေးနှင့် လေလွင့်ဆုံးရှုံးမှုမရှိစေရေး စနစ်တကျ ဂရုပြုဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စီမံကိန်းလုပ်ငန်းခွင်အတွင်း ဓာတ်အားလိုင်းကြိုးဆွဲခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် နိုင်ငံတစ်ဝန်းလုံးသို့ လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးနိုင်ရန်အတွက် ဓာတ်အားပေးစက်ရုံများနှင့် ဓာတ်အားခွဲရုံများကို အဆင့်မြှင့်တင်ပြုပြင်ခြင်း၊ ဓာတ်အားပေးစက်ရုံအသစ်များတည်ဆောက်ခြင်း၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်ခြင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး နှစ်အလိုက် တိုးတက်လာမည့်ဓာတ်အားကို နှစ်အလိုက် လိုအပ်ချက်များအတိုင်း ပြည့်ပြည့်ဝဝ ဖြည့်ဆည်းပေးနိုင်ရေး ရေတိုရေရှည်စီမံကိန်းများ ချမှတ်ပြီး အထူးအလေးထား ဆောင်ရွက်လျက်ရှိရာ လက်ရှိအခြေအနေတွင် ၂၃၀ ကေဗွီဖို့အား အဆင့်ဖြင့်သာ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနေရသည့်အတွက်





ဓာတ်အားပျောက်ဆုံးမှုများပြားခြင်း၊ ဓာတ်အားလိုင်းများဝန်အားပြည့်နေခြင်းနှင့် ဓာတ်အားလိုင်းတစ်လိုင်း အပြစ်ဖြစ်ပွားလျှင် System Breakdown ဖြစ်ပွားခြင်းစသည့် အားနည်းချက်များ ဖြစ်ပေါ်နေသည့်အတွက် ၅၀၀ ကေဗွီ ဓာတ်အားလိုင်းများကို ပင်မကျောရိုး ဓာတ်အားလိုင်း (Back Bone) အနေဖြင့် တည်ဆောက်ရန် စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မီးဘေးနှင့်သဘာဝဘေးအန္တရာယ်များကို အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်နိုင်ရန် Command and Control Center မှ ကြီးကြပ်ကွပ်ကဲဆောင်ရွက်နေ

**ရန်ကုန် မတ် ၂**



မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်အနေဖြင့် မီးဘေး၊ ရေဘေး၊ လေဘေး၊ ငလျင်ဘေးစသည့် ဘေးအန္တရာယ်များအား အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်နိုင်ရန် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်တွင်ရှိသော မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်၏ Command and Control Center မှ ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်နေကြောင်း သိရသည်။ (ယာပုံ)

Command and Control Center အား ၂၀၁၁ ခုနှစ် ဇူလိုင် ၂၅ ရက်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ၂၀၁၃ ခုနှစ် မေ ၅ ရက်တွင် လုပ်ငန်းတာဝန်များကို စတင်ဆောင်ရွက်ခဲ့သည်။ ရန်ကုန်မြို့စည်ပင်သာယာနယ်နိမိတ် အတွင်းရှိ မြို့နယ်တို့တွင် မီးဘေးနှင့် သဘာဝ ဘေးအန္တရာယ်များကို လျင်မြန်စွာသိရှိနိုင်ရန် e-Watching Tower System ဖြင့် CCTV ကင်မရာ ၁၆ လုံးကို ရန်ကုန်မြို့ရှိ အထပ်မြင့်အဆောက်အအုံများနှင့် Tower များတွင် တပ်ဆင်ထားပြီး ထိုကင်မရာများမှာ ၃၆၀ ဒီဂရီ လှည့်လည် ကြည့်ရှုနိုင်သည့်အပြင် အပေါ်/အောက် ၈၀ ဒီဂရီနှင့် Zoom ချဲ့/ချုံ့အဆ ၃၀ ပြုလုပ်နိုင်သောကြောင့် Command and Control Center မှ ၂၄ နာရီ စောင့်ကြည့်နိုင်မှုဖြင့် မြန်မြန်သိ၊ မြန်မြန်သွား၊ မြန်မြန်ငြိမ်းသတ်နိုင်မှုကို အထောက်အကူဖြစ်စေလျက်ရှိသည်။

ဆောင်းအကုန် နွေအကူးသို့ စတင်ဝင်ရောက်လာချိန်တွင် မီးဘေးအန္တရာယ်ကို အထူးဂရုပြုရန်လိုအပ်ပြီး မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့အနေဖြင့် မီးလောင်မှုဖြစ်ပေါ်လာပါက ထိခိုက်နစ်နာဆုံးရှုံးမှု အနည်းဆုံးဖြစ်စေရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် နိုင်ငံတစ်ဝန်း မီးလောင်မှုအကြိမ် ၁၅၀ ဖြစ်ပွားခဲ့ပြီး ငွေကျပ်သိန်းပေါင်း ၄၀၀၀ ကျော်၊ ဖေဖော်ဝါရီလတွင် မီးလောင်မှု ၂၅၄ ကြိမ်ဖြစ်ပွား၍ ငွေကျပ်သိန်းပေါင်း ၉၀၀၀ ကျော်ဖြင့် ထိုနှစ်လတွင် မီးလောင်မှုကြောင့် ငွေကျပ်သန်း ၁၄၂၀ ခန့်ဆုံးရှုံးခဲ့ကြောင်း မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်၏ ထုတ်ပြန်မှုအရ သိရသည်။

"မနှစ်ကထက်ဒီနှစ် ဇန်နဝါရီနဲ့ ဖေဖော်ဝါရီမှာ မီးလောင်မှုကြောင့် ဆုံးရှုံးမှုတန်ဖိုးများလာတယ်။ မြို့ပြဖွံ့ဖြိုးမှုနဲ့ စက်မှုဇုန်ဖွံ့ဖြိုးမှုများလာမှုဟာ မီးလောင်မှုအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်လာတယ်။ နှစ်စဉ် မီးလောင်မှုအကြိမ် ၂၀၀၀ ကျော်ဖြစ်လေ့ရှိတာကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံမှာ နှစ်စဉ် ဘီလီယံနဲ့ချီပြီးဆုံးရှုံးနေတယ်လို့ ဆိုရမယ်။ ဒါကြောင့် ဆုံးရှုံးမှုတတ်နိုင်သမျှ လျှော့ချဖို့ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့အနေနဲ့ ကြိုးပမ်းနေပါတယ်။ ပြည်သူလူထုပူးပေါင်းပါဝင်တဲ့ မီးဘေးလုံခြုံရေးစနစ်လည်းလိုတယ်။ စက်ရုံတွေ မီးဘေးကြုံရင် ပိုပြီးနစ်နာဆုံးရှုံးမှုကို ရင်ဆိုင်ရတာကြောင့် ဆုံးရှုံးထိခိုက်မှု အနည်းဆုံးဖြစ်စေဖို့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဌာနချုပ်ရဲ့Command and Control Center က အချိန်နဲ့တစ်ပြေးညီ တာဝန်ထမ်းဆောင်နေပါတယ်" ဟု မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ ဌာနချုပ်မှ ညွှန်ကြားရေးမှူး ဦးသိန်းထွန်းဦးက ပြောသည်။

မီးဘေးအန္တရာယ်တွင် စက်ရုံများနှင့် အထည်ချုပ်စက်ရုံများ မီးလောင်မှုသည် နိုင်ငံတော်၊ လုပ်ငန်းရှင်နှင့် အလုပ်သမားတို့အတွက် နစ်နာဆုံးရှုံးမှုများဖြစ်ရာ ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၉ နာရီ ၅၄ မိနစ်တွင် လှိုင်သာယာမြို့နယ် စက်မှုဇုန်(၄)ရှိ အထည်ချုပ်စက်ရုံနှင့် ညနေ ၆ နာရီ ၁၀ မိနစ်တွင် ဒဂုံမြို့သစ်စက်မှုဇုန်(၂)ရှိ လက်အိတ်စက်ရုံ၊ မတ် ၁ ရက် နံနက် ၅နာရီ ၄၅ မိနစ်က လှိုင်သာယာမြို့နယ် ငွေပင်လယ် စက်မှုဇုန်ရှိ အထည်ချုပ်စက်ရုံ မီးလောင်မှုတို့သည် အလုပ်ရှင်နှင့် အလုပ်သမားများ နစ်နာဆုံးရှုံးမှုများ ရင်ဆိုင်ခဲ့ရသည့်အပြင် နိုင်ငံတော်အတွက် နစ်နာဆုံးရှုံးမှုများဖြစ်သောကြောင့် ပြည်သူများအနေဖြင့် မီးဘေးအန္တရာယ်ကို စုပေါင်းကာကွယ်ရန် မြန်ဆန်စွာ ၁၉၁ သို့ ဖုန်းဖြင့်အသိပေး ဆက်သွယ်မှုနှင့်အတူ ထိခိုက်နစ်နာမှု အနည်းဆုံးဖြစ်စေရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် စေတနာ့ဝန်ထမ်း မီးသတ်တပ်ဖွဲ့ဝင်များက တာဝန်ထမ်းဆောင်လျက်ရှိကြောင်း၊ ထိုသို့ တာဝန်ထမ်းဆောင်နိုင်ရန် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ Command and Control Center မှ မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များကို ပြည်သူများ၏ အကျိုးစီးပွားကိုရှေးရှု၍ ၂၄ နာရီ ကြီးကြပ်ကွပ်ကဲ ထမ်းဆောင်နေကြောင်း သိရသည်။

**သတင်း-ညိမ်းသူ၊ ဓာတ်ပုံ - ကနူး**




ဖေဖော်ဝါရီ ၂၈ ရက်က လှိုင်သာယာမြို့နယ် စက်မှုဇုန်(၄)ရှိ အထည်ချုပ်စက်ရုံ မီးလောင်နေမှုကို မီးသတ်တပ်ဖွဲ့ဝင်များက ငြိမ်းသတ်နေစဉ်။

လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ကြို့ပင်ကောက်မြို့နယ် တရားရုံးအဆောက်အအုံသစ် မင်္ဂလာပန္နက်တော်တင်အခမ်းအနားသို့ တက်ရောက်



**ကြို့ပင်ကောက် မတ် ၂**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ကြို့ပင်ကောက်မြို့ တရားရုံးအဆောက်အအုံသစ် မင်္ဂလာပန္နက်တော်တင်အခမ်းအနားသို့ ရောက်ရှိရာ မြို့နယ်တရားသူကြီးနှင့် တာဝန်ရှိသူတစ်ဦးက တရားရုံးသစ်တည်ဆောက်ရခြင်းဆိုင်ရာ ကိစ္စရပ်များ နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မင်္ဂလာပန္နက်တော်တင်နေရာများ၌ ပန္နက်တော်များ ရိုက်သွင်းကြပြီး(ဝဲပုံ) အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တရားလွှတ်တော်တရားသူကြီးချုပ်တို့က ရတနာ ရွှေမိုးငွေမိုး ရွှာသွန်းဖြိုးကာ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြသည်။

အဆိုပါ ကြို့ပင်ကောက်မြို့နယ် တရားရုံးအသစ်၏ ပင်မတရားရုံးကို အလျား ၁၄၇ ပေ၊ အနံ ၅၆ ပေရှိ သံကူကွန်ကရစ် နှစ်ထပ်အဆောက်အအုံအဖြစ် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကန်ကြီးထောင့်မြို့၌ နှစ် (၆၀) ပြည့် တောင်သူလယ်သမားနေ့အခမ်းအနားကျင်းပ

**ကန်ကြီးထောင့် မတ် ၂**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ဝါးဒူးကျေးရွာ၌ နှစ်(၆၀)ပြည့် တောင်သူလယ်သမားနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တိုင်းဒေသကြီးအတွင်းရှိ တောင်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တောင်သူလယ်သမားနေ့ အခမ်းအနားမှခ်ဦးဆိုင်းဘုတ်ကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ခင်ဇော်၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းတို့က ဖဲကြိုးဖြတ်လှစ်ပေးသည်။ (ယာပုံ)

ဆက်လက်၍အခမ်းအနားကို ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ နှစ် (၆၀)ပြည့် တောင်သူလယ်သမားနေ့ အခမ်းအနားအတွက်ပေးပို့သော သဝဏ်လွှာအား တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖတ်ကြားသည်။

**တောင်သူများအား ကျေးဇူးတင်**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဧရာဝတီတိုင်းဒေသကြီးသည် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် တိုင်းဒေသကြီးဖြစ်ကြောင်း၊ နိုင်ငံ၏ စပါးကျီဟု ပြောရလောက်အောင် မိုးစပါး ၃၇ သိန်း၊ နွေစပါး ၁၄ သိန်း စုစုပေါင်း ၅၁ သိန်းကို စိုက်ပျိုးနိုင်ခဲ့ပြီး စပါးတင်းသိန်းပေါင်း လေးထောင်ကျော် ထွက်ရှိခဲ့ကြောင်း၊ ထို့အပြင် ပဲမျိုးစုံ၊ ဆီထွက်သီးနှံများ၊ သစ်သီးဝလံ ပန်းမန်များ၊ ငါး၊ ပုစွန်၊ ကဏန်း၊



ကြက်၊ ဝက်၊ ဘဲ၊ အသားစားနွား၊ နို့စားနွားများစသည့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများလည်း ဖြစ်ထွန်းအောင်မြင်လျက် ရှိပါကြောင်း၊ ယနေ့ကျင်းပသည့် တောင်သူလယ်သမားနေ့ အခမ်းအနားကို တက်ရောက်လာကြသည့် တောင်သူများအား ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် တောင်သူလယ်သမားနေ့ဂုဏ်ပြုမှတ်တမ်း Video Clip အား ပြသခဲ့ပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့ကြသည့် တောင်သူများ၊ ဝန်ထမ်းများနှင့် တောင်သူလယ်သမားနေ့ အထိမ်းအမှတ် ပြခန်းများတွင် ဆုရရှိသည့်ပြခန်းများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နှစ် (၆၀) ပြည့် တောင်သူလယ်သမားနေ့ အခမ်းအနားတွင် ပြသထားသော တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခြောက်ခရိုင်မှ ပြခန်းများ၊ ဌာနဆိုင်ရာပြခန်းများ၊ ကုမ္ပဏီများမှ ပြသထားသောပြခန်းများနှင့် စိုက်ပျိုးထားသော သီးပင်စားပင်နှင့် သစ်ပင်ပန်းမန်များကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မတ် ၄ ရက်အထိ ပြသမည်**

အဆိုပါတောင်သူလယ်သမားနေ့ အခမ်းအနားတွင် ဌာနဆိုင်ရာများနှင့် ကုမ္ပဏီများမှ ပြခန်း ၂၃ ခန်းကို မတ် ၄ ရက်အထိ ပြသမည်ဖြစ်ပြီး တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခြောက်ခရိုင်မှ တောင်သူများက အလှည့်ကျ လာရောက်၍ ပြခန်းများနှင့် စိုက်ပျိုးရေး နည်းစနစ်များကို လာရောက် လေ့လာကြမည်ဖြစ်ကြောင်း သိရသည်။

**လှမင်းထွဋ် (ပြန်/ဆက်)**

# စစ်တွေမြို့နယ်၌ တောင်သူလယ်သမားနေ့အထိမ်းအမှတ် စံပြစိုက်ခင်းပြသ

**စစ်တွေ မတ် ၂**

ရခိုင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူလယ်သမားနေ့ အထိမ်းအမှတ် စံပြစိုက်ခင်း ပြသခြင်းကို ယနေ့ညနေပိုင်းက စစ်တွေမြို့နယ် ဥယျာဉ်သာကျေးရွာအုပ်စု တောင်သူပညာပေး မျိုးသန့်ခြံ၌ ပြုလုပ်သည်။



စံပြစိုက်ခင်းများ၊ မျိုးစေ့ထုတ်စိုက်ခင်းများ၊ သီးနှံအလိုက် ပညာပေးစံပြကွက်များ ပြသရာတွင် စိုက်ပျိုးရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးနှင့် သီးနှံတာဝန်ခံဝန်ထမ်းများက စံပြကွက်များတွင် စိုက်ပျိုးထားသော သီးနှံများကို စိုက်ပျိုးမှု၊ မျိုးစေ့ထုတ်ယူနိုင်မှု၊ မျိုးစေ့ထုတ်လုပ်ပုံအဆင့်အဆင့်၊ မျိုးစေ့များကို သိုလှောင်ထားရှိရမည့် လုပ်ငန်းစဉ်များကို သီးနှံအလိုက်၊ စိုက်ကွင်းများသို့ လိုက်လံရှင်းလင်းပြသကြသည်။ ထိုသို့ပြသစဉ် တက်ရောက်လာသော တောင်သူများက မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်သုံးစွဲမှုနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်နယ်ဦးစီးမှူးနှင့် သီးနှံတာဝန်ခံဝန်ထမ်းများက တောင်သူများ၏ မေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြားကြသည်။

သီးနှံအလိုက် ပညာပေးစံပြကွက်များကို တောင်သူများ လေ့လာနိုင်ရန်အတွက် ပြသခြင်းနှင့်ပတ်သက်၍ စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးထွန်းမြင့်က "ကျွန်တော်တို့ ရခိုင်ပြည်နယ်ဟာ လယ်ယာစိုက်ပျိုးရေးကဏ္ဍကို အဓိကစိုက်ပျိုးဆောင်ရွက်နေတဲ့ ပြည်နယ်တစ်ခုဖြစ်ပါတယ်။ ဒါကြောင့် ရခိုင်ပြည်နယ်က တောင်သူဦးကြီးတွေရဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေ တိုးတက် ထွန်းကားဖို့အတွက်၊ နောက်ပြီး တောင်သူလယ်သမားတွေ ဝင်ငွေတိုးတက်ဖို့အတွက် တောင်သူလယ်သမားတွေ လူမှုစီးပွားဘဝ မြင့်မားဖို့အတွက် ကျွန်တော်တို့ဒေသမှာ စိုက်ပျိုးဖြစ်ထွန်းနိုင်တဲ့ သီးနှံတွေ အလားအလာရှိတဲ့ သီးနှံတွေကို ပညာပေးစံပြကွက်အဖြစ် စိုက်ပျိုးဆောင်ရွက်ထားတာ ဖြစ်ပါတယ်။ ဒီစံပြကွက်တွေကို တောင်သူလယ်သမားနေ့မှာ အမှတ်တရအနေနဲ့ တောင်သူတွေ လေ့လာနိုင်အောင် ပြသတာ ဖြစ်ပါတယ်။ ဒါ့အပြင် ရခိုင်ပြည်နယ်ရဲ့ စားသုံးဆီဖူလုံမှုဟာ ၄၄ ရာခိုင်နှုန်းကျော်သာရှိတဲ့အတွက် စားသုံးဆီဖူလုံဖို့အတွက် ဆီထွက်သီးနှံတွေကိုလည်း စိုက်ပျိုးထားပါတယ်။ ဒီသီးနှံတွေကို တောင်သူတွေ လေ့လာနိုင်အောင် ပြသပေးခြင်းဖြစ်ပါတယ်" ဟု ပြောကြားသည်။

စစ်တွေမြို့နယ် မျိုးသန့်ခြံ၌ ပြုလုပ်သော စံပြစိုက်ခင်းများ၊ မျိုးစေ့ထုတ်စိုက်ခင်းများ ပြသပွဲသို့ စစ်တွေမြို့နယ်မှ တောင်သူများ လာရောက်လေ့လာကြပြီး မျိုးသန့်ခြံတွင် သီးထပ်သီးနှံအဖြစ် စားတော်ပဲ၊ ကုလားပဲ၊ ပဲရာဇာ၊ ပဲတီစိမ်း၊ မတ်ပဲ၊ မြေပဲ၊ နေကြာ၊ နှမ်း၊ ဆီမုန်ညင်း၊ ဆူးပန်း၊ ပန်းနှမ်း၊ အာလူး၊ ကြက်သွန်နီ၊ ကြက်သွန်နီမျိုးစေ့ထုတ်စိုက်ခင်းနှင့် ပိုက်ဆံလျှော်တို့ကို စံပြစိုက်ခင်းအဖြစ် စိုက်ပျိုးထားကြောင်း သိရသည်။

**တင်ထွန်း**

**(ပြန်/ဆက်)**

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# မပေါ့လေနဲ့ ပေါ့ဆမီး

မြင့်မောင်စိုး

**နွေတောင်မရောက်သေးဘူး။ သူ့အသံကို မကြာခဏကြားနေရသည်။ သူဆိုသည်မှာအခြားမဟုတ် "မီး" ဖြစ်သည်။ မီးဆိုသည်မှာလည်း သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင်ရန်သူဟု ဆိုထားသည်။ ယခုမီးသည် မိတ်ဆွေမီးမဟုတ်၊ ရန်သူမီးဖြစ်သည်။ လူတို့၏ အသက်အိုးအိမ်စည်းစိမ်တို့ကို ဆုံးရှုံးစေသောမီး၊ သို့မဟုတ် အန္တရာယ်မီး၊ အကျိုးစီးပွားကို ထိခိုက်စေသောမီးဖြစ်သည်။ နှစ်စဉ်နှစ်တိုင်း နွေရာသီရောက်လာပြီဆိုလျှင် မီးဘေးကို ကြောက်နေရသည်။ မီးလောင်မှုသတင်းများကို မကြာခဏကြားနေရသည်။**

မီးလောင်မှုအမျိုးအစားများကို ခွဲခြမ်းစိတ်ဖြာကြည့်လျှင် တောမီး၊ ရှို့မီး၊ ဖယောင်းတိုင်မီး၊ လျှပ်စစ်ဝိုင်ယာရှော့ခ်မီး၊ မီးဖိုမီး စသည်ဖြင့် တွေ့ရမည်ဖြစ်ပါသည်။ ထိုမီးများအနက် ကြောက်စရာအကောင်းဆုံးသောမီးမှာ ပေါ့ဆမီးဖြစ်သည်။ မီးကိုပေါ့ပေါ့ဆဆအသုံးပြုမှုကြောင့် ဖြစ်ပွားရသောမီးလောင်မှုဖြစ်သည်။ ပေါ့ဆသည်ဟုဆိုရာတွင်လည်း သတိလက်လွတ်အသုံးပြုရာမှ မထင်မှတ်ဘဲ မီးလောင်ရခြင်းဖြစ်သည်။ မီးလောင်ရခြင်း၏ အဓိကအကြောင်းအရင်းသည် ပေါ့ဆမှုကြောင့်သာ ဖြစ်ပါသည်။

## နွေရာသီနှင့်ပေါ့ဆမီး

ဥပမာအားဖြင့် လျှပ်စစ်ပေါင်းအိုးမှတစ်ဆင့်မီးလောင်မှုဖြစ်ပွားသည်ဟုဆိုပါစို့။ လျှပ်စစ်ပေါင်းအိုး၊ သို့မဟုတ် လျှပ်စစ်ရေနွေးအိုးတည်ထားစဉ် မီးပျက်သွားသည့်အခါ ပလတ်ပေါက်၊ ခလုတ်တို့ကို ပိတ်ရမည်ကို မပိတ်ဘဲ မေ့လျော့ကာထားခြင်းကြောင့် မီးပြန်လာသည့်အခါ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွားတတ်ပါသည်။ ယခုအခါ လျှပ်စစ်ဓာတ်အားပေးဝေမှုမှာလည်း မကြာခဏ မီးပျက်လေ့ရှိပါသည်။ နွေရာသီတွင် ပူပြင်းလာသည့်အလျောက် ဖုန်းအားသွင်းခြင်း၊ ဘက်ထရီအားသွင်းခြင်းတို့မှလည်း ပလတ်ပေါက်များအပူလွန်ကဲကာ မီးလောင်မှုဖြစ်ပွားလေ့ရှိပါသည်။ နွေရာသီရောက်လာသည်နှင့်အမျှ လျှပ်စစ်နှင့်ပတ်သက်သော မီးလောင်နိုင်ခြေသည် အများဆုံးဖြစ်လာသည်။ လျှပ်စစ်နှင့်ပတ်သက်သော မီးလုံး၊ မီးချောင်း၊ ထမင်းပေါင်းအိုး၊ ရေခဲသေတ္တာ၊ လေအေးပေးစက်၊ ပန်ကာ၊ မီးပူ အစရှိသည်တို့မှတစ်ဆင့် မီးလောင်မှုများဖြစ်ပွားနေသည်ကို သတိပြုမိပါသည်။ ထိုသို့ဖြစ်ပွားရသည့် မီးလောင်မှုသည် လူတို့၏ သတိမမူဘဲ အသုံးပြုမှုကြောင့် ဖြစ်ပွားရသော ပေါ့ဆမီးများပင် ဖြစ်ပါသည်။ ပေါ့ဆမှုကြောင့် မီးလောင်နိုင်ပါသည်။ ညအခါ မလိုအပ်သော မီးလုံး၊ မီးချောင်း၊ မီးခလုတ်တို့ကို ပိတ်ထားခြင်းဖြင့် မီးဘေးကြိုတင်ကာကွယ်ရာ ရောက်ပါသည်။ လျှပ်စစ်သည် အပူလွန်ကဲရာမှ မီးလောင်နိုင်ပါသည်။

## မီးလောင်မှုနှင့်ဆုံးရှုံးမှုများ

မြန်မာနိုင်ငံတစ်ဝန်း ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်က မီးလောင်မှု ၂၁၀၇ ကြိမ်ဖြစ်ပွားခဲ့ကြောင်း၊ ဆုံးရှုံးမှုတန်ဖိုးအနေဖြင့် ခန့်မှန်းငွေကျပ် ၃၃ ဘီလီယံတန်ဖိုးရှိကြောင်း၊ ယင်းမှာ ၂၀၂၀ ပြည့်နှစ်က နိုင်ငံတစ်ဝန်း မီးလောင်မှု ၂၁၃၉ ကြိမ် ဖြစ်ပွားမှုနှင့် နှိုင်းစာလျှင် အနည်းငယ်သာလျော့ကျသွားခဲ့ကြောင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ သိရသည်။

ပြီးခဲ့သည့် ၂၀၂၁ ခုနှစ် တစ်နှစ်တာအတွင်း မီးလောင်မှုဖြစ်စဉ်တို့တွင် ကချင်ပြည်နယ်၌ ၈၁ ကြိမ်၊ ကယားပြည်နယ်၌ ၁၉ ကြိမ်၊ ကရင်ပြည်နယ်၌ ၃၃ ကြိမ်၊ ချင်းပြည်နယ်၌ ၃၈ ကြိမ်၊ စစ်ကိုင်းတိုင်းဒေသကြီး၌ ၃၀၁ ကြိမ်၊ တနင်္သာရီတိုင်းဒေသကြီး၌ ၈၅ ကြိမ်၊ နေပြည်တော်၌ ၇၁ ကြိမ်၊ ပဲခူးတိုင်းဒေသကြီး၌ ၁၉၄ ကြိမ်၊ မကွေးတိုင်းဒေသကြီး၌ အကြိမ် ၂၁၀၊ မန္တလေးတိုင်းဒေသကြီး၌ ၂၄၅ ကြိမ်၊ မွန်ပြည်နယ်၌ ၁၃၂ ကြိမ်၊ ရခိုင်ပြည်နယ်၌ ၆၄ ကြိမ်၊ ရန်ကုန်တိုင်းဒေသကြီး၌ အကြိမ် ၃၁၀၊ ရှမ်းပြည်နယ်၌ ၁၇၃ ကြိမ်၊ ဧရာဝတီတိုင်းဒေသကြီး၌ ၁၄၂ ကြိမ်၊ စုစုပေါင်း ၂၁၀၇ ကြိမ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။



တာမွေမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များအား မီးငြိမ်းသတ်ရေး လေ့ကျင့်သင်ကြားပေးနေစဉ်။
ဓာတ်ပုံ (ပြန်/ဆက်)

**"နှစ်စဉ်မီးလောင်မှုများ လျော့ချသွားနိုင်ရေးအတွက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ လက်အောက်ရှိ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အသီးသီးတို့၌ မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်း အစီအမံများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။ မီးဘေးကြိုတင်ကာကွယ်ရေး ပြည်သူလူထု အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေသကဲ့သို့ မီးဘေးဖြစ်ပွားပါကလည်း လျင်လျင်မြန်မြန် မီးငြိမ်းသတ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်မှုများကို မြို့နယ်များအလိုက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ လူ၊ ရေ၊ ယာဉ်ယန္တရားစသည်ဖြင့် အသင့်ဖြစ်နေစေရန် ပြင်ဆင်ထားကြောင်းလည်း သိရ"**

အဆိုပါ တစ်နှစ်တာအတွင်း မီးလောင်မှုများကြောင့် ပြည်သူများ၏ အိုးအိမ်စည်းစိမ်များသာ ဆုံးရှုံးခြင်းမဟုတ်ဘဲ လူအသက်များစွာလည်း သေဆုံးမှုများရှိသေးသည်။ ၎င်းတစ်နှစ်တာအတွင်း မီးလောင်မှုကြောင့် လူပေါင်း ၁၀၅ ဦး သေဆုံးပြီး ထိခိုက်ဒဏ်ရာရသူ ၁၅၁ ဦးရှိကြောင်းလည်း သိရသည်။ မီးလောင်မှုကြောင့် အိုးအိမ်စည်းစိမ်များသာ ဆုံးရှုံးခြင်းမဟုတ်ဘဲ လူ့အသက်ပေါင်းများစွာလည်း ဆုံးရှုံးနေရသည်ကို သတိပြုမိသည်။ ၂၀၂၀ ပြည့်နှစ်ကဆိုရင်လည်း နိုင်ငံတစ်ဝန်း မီးလောင်မှု ၂၁၃၉ ကြိမ် ဖြစ်ပွားမှုတွင် သေဆုံးသူ ၇၅ ဦးရှိပြီး ထိခိုက်ဒဏ်ရာရသူ ၂၂၀ ရှိကြောင်း သိရသည်။

## နှစ်စဉ်မီးလောင်မှုများ လျော့ချသွားနိုင်ရေး

ထို့ကြောင့်လည်း နှစ်စဉ်မီးလောင်မှုများ လျော့ချသွားနိုင်ရေးအတွက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ လက်အောက်ရှိ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အသီးသီးတို့၌ မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်း အစီအမံများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။ မီးဘေးကြိုတင်ကာကွယ်ရေး ပြည်သူလူထု အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေသကဲ့သို့ မီးဘေးဖြစ်ပွားပါကလည်း လျင်လျင်မြန်မြန် မီးငြိမ်းသတ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်မှုများကို မြို့နယ်များအလိုက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ လူ၊ ရေ၊ ယာဉ်ယန္တရားစသည်ဖြင့် အသင့်ဖြစ်နေစေရန် ပြင်ဆင်ထားကြောင်းလည်း သိရသည်။

## ပြည်သူလူထုပူးပေါင်းပါဝင်မှု

ဤသို့မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေး မည်သို့ပင်ကြိုးပမ်းစေကာမူ ပြည်သူလူထုပူးပေါင်းပါဝင်မှု အားနည်းနေလျှင် မီးလောင်မှု လျော့ချရေးလုပ်ငန်းသည် ခက်ခဲနေဦးမည်ဖြစ်ပါသည်။ မီးလောင်မှုမဖြစ်ပွားစေရေး အကာအကွယ်ပေးနိုင်ဆုံးမှာလည်း ပြည်သူလူထုပင်ဖြစ်ပါသည်။ လျှပ်စစ်မီး၊ မီးဖိုမီး၊ ဝိုင်ယာရှော့ခ်မီး မည်သည့်မီးကိုသုံးစွဲသည်ဖြစ်စေ သတိဝီရိယဖြင့် သုံးစွဲသွားမည်ဆိုလျှင် မီးလောင်မှုဖြစ်စရာအကြောင်းမရှိပါ။ လူသာလျှင် ပဓာနဖြစ်ပါသည်။ လူတိုင်းလူတိုင်းက မီးဘေးမဖြစ်စေရေး အသိလေးတစ်လုံးပေါင်းထည့်၍ မီးကို သုံးစွဲကြမည်ဆိုလျှင် မီးလောင်မှုများကို လျော့ချနိုင်မည်မှာ အသေအချာပင်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် မီးကိုပေါ့ပေါ့ဆဆ မသုံးရန် ဖြစ်ပါသည်။ အဆိပ်ရှိသော မြွေပွေးမြွေဟောက်တို့သည် အကောင်ပင်သေးငယ်သော်လည်း လူ့အသက်ကို သေစေနိုင်ပါသည်။ မည်မျှပင်သေးငယ်သော မီးပွားလေးဖြစ်စေကာမူ ကြီးမားသော မီးလောင်မှုကြီးဖြစ်နိုင်ပါသည်။ မပေါ့မဆ သတိဖြင့်သုံးစွဲခြင်းကသာ မီးလောင်မှုကို ဟန့်တားနိုင်စွမ်းရှိပါသည်။ ကာကွယ်နိုင်စွမ်းရှိပါသည်။

မြို့ပြများတွင်ဖြစ်ပွားလေ့ရှိသော မီးလောင်မှုသည် လျှပ်စစ်ဝိုင်ယာရှော့ခ်မီး၊ ထမင်းပေါင်းအိုး၊ ရေနွေးအိုးမီး၊ ရေခဲသေတ္တာ၊ လေအေးပေးစက် အစရှိသည်ဖြင့် လျှပ်စစ်နှင့်ဆက်စပ်ပတ်သက်သော မီးလောင်မှုများဖြစ်သည်။ အသုံးပြုသော လျှပ်စစ်ပစ္စည်းများ အိုဟောင်း၍လည်းကောင်း၊ ချွတ်ယွင်းပျက်စီးမှုကြောင့်လည်းကောင်း၊ အပူလွန်ကဲမှုကြောင့်လည်းကောင်း မီးလောင်မှုဖြစ်နိုင်ခြေများပါသည်။ မြို့ပြများတွင် ခြင်ဆေးခွေအသုံးပြုမှုကလည်း မီးဘေးဖြစ်နိုင်ခြေတစ်ခု ဖြစ်ပါသည်။ မီးလောင်မှုဖြစ်နိုင်ခြေအနေအထားများကို သတိပြုသုံးစွဲခြင်းသည် အကောင်းဆုံးသော မီးဘေးကြိုတင်ကာကွယ်ရေး ဖြစ်ပါသည်။

ကျေးလက်တောရွာများသည် မီးဘေးကို ပို၍ဂရုစိုက်သင့်ပါသည်။ အကြောင်းမှာ မီးလောင်မှုဖြစ်နိုင်ခြေများသည် မြို့ပြထက် ကျေးလက်က ပိုများပေလိမ့်မည်။ မီးဖိုမီး၊ ဖယောင်းတိုင်မီး၊ ဆေးလိပ်တိုမီး၊ မီးဖိုမီးကြွင်းမီးကျန်တို့မှတစ်ဆင့် မီးလောင်မှုများ ဖြစ်ပွားလျက်ရှိပါသည်။ သောက်ပြီးဆေးလိပ်တိုကို စည်းကမ်းမဲ့စွာ ပစ်လိုက်သဖြင့် မီးထလောင်နိုင်ပါသည်။ မီးဖိုပေါ်တည်ထားသော ဆီဒယ်အိုးမီးထတောက်၍ အမိုးမီးဟပ်ကာ မီးလောင် တတ်ပါသည်။ မီးဖိုပြာပုံထဲက မီးကြွင်းလေးကလည်း မီးလောင်နိုင်ပါသည်။ အိပ်ပျော်နေစဉ် ဖယောင်းတိုင်လဲကျခြင်း၊ တိုသွားခြင်းတို့ကြောင့် ကြမ်းပြင်ကို မီးစွဲလောင်ကာ မီးလောင်မှုဖြစ်ပွားနိုင်ပါသည်။

## မီးဘေးကြိုတင်ကာကွယ်ရေး

မကြာမီနွေရောက်တော့မည်။ ရာသီဥတုသည် တစ်နေ့တခြား အပူဒီဂရီတိုးလာတော့မည်။ မီးလောင်မှုသတင်းများ မကြာခဏကြားနေရသည်။ သို့ပါ၍ မီးကိုမပေါ့ဆဖို့ သတိပေးနေခြင်းဖြစ်သည်။ မီးသည်ပေါ့ဆလိုက်သည်နှင့် အန္တရာယ်ရှိသည်။ သတိထားသုံးစွဲခြင်းကသာ မီးဘေးကို ကာကွယ်ပေးနိုင်ပေလိမ့်မည်။ ကျေးရွာများတွင် နွေရာသီရောက်ပြီဆိုလျှင် မီးဘေးကြိုတင်ကာကွယ်ရေးကို အထူးဂရုပြုလေ့ရှိပါသည်။ ညနေမိုးချုပ်ပြီဆိုလျှင် ကျေးရွာလမ်းများအတွင်း လှည့်လည်၍ ဤသို့မီးဘေးကြိုတင်ကာကွယ်ရေး နှိုးဆော်တိုက်တွန်းလေ့ရှိပါသည်။

"ကျေးရွာအတွင်း မှီတင်းနေထိုင်ကြသော မိဘပြည်သူများခင်ဗျာ။ ယခုအချိန်အခါသည် ဆောင်းအကုန် နွေအကူး လေရူးလေးများ တိုက်ခတ်လာပါသဖြင့် မိမိတို့နေအိမ်တွင် သုံးစွဲသော ဖယောင်းတိုင်မီး၊ မီးခွက်မီး၊ ဘုရားမီး၊ မီးဖိုမီးတို့ကို ည ၈ နာရီကျော်သည်နှင့် မီးငြိမ်းသတ်ထားကြပါရန် ကျွန်တော်များမီးသတ်တပ်ဖွဲ့ဝင်များက လိုက်လံအသိပေးနှိုးဆော်အပ်ပါသည်"။ ကျေးလက် မီးသတ်တပ်ဖွဲ့ဝင်များ၏ ခေတ်အဆက်ဆက် တတ်စွမ်းသရွေ့ စေတနာ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေမှုပုံရိပ်တစ်ခုဖြစ်သည်။ ထို့ကြောင့် ကျေးလက်ဖြစ်စေ၊ မြို့ပြဖြစ်စေ နွေရာသီရောက်ရှိလာတော့မည်ဖြစ်၍ လူတိုင်းလူတိုင်း မီးကိုပေါ့ဆစွာ မသုံးသင့်ကြောင်း၊ ပေါ့ဆမှုကြောင့် မီးလောင်မှုကို ဖြစ်ပွားစေနိုင်ပါကြောင်း သံချောင်းခေါက် အသိပေးတင်ပြလိုက်ရပါသည်။ ။

# ကရင်ပြည်နယ်အစိုးရအဖွဲ့က လယ်ယာစီးပွားလုပ်ငန်းနှင့် စိုက်ပျိုးမွေးမြူရေးထူးချွန်တောင်သူများအား ဂုဏ်ပြု

**ဘားအံ မတ် ၂**

လယ်ယာသားငါးကဏ္ဍ စိုက်ပျိုးမွေးမြူသူတောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးကို အလေးထား ကြိုးပမ်းဆောင်ရွက်သောအားဖြင့် ကရင်ပြည်နယ်အတွင်း လယ်ယာစီးပွားလုပ်ငန်းနှင့် စိုက်ပျိုးမွေးမြူရေး ထူးချွန်တောင်သူလယ်သမားများအား မတ် ၂ ရက် နံနက် ၈ နာရီခန့်က ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည့် အကြိမ် (၆၀) မြောက် တောင်သူလယ်သမားနေ့အခမ်းအနားတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။



### သဝဏ်လွှာဖတ်ကြား

အဆိုပါအခမ်းအနားသို့ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ဇနီး ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးသိန်းကိုကို၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဇော်မင်းအောင်၊ အမှတ် (၂၂) ခြေလျင်တပ်မဌာနချုပ် ဒုတိယတပ်မမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ လယ်ယာ စီးပွားလုပ်ငန်းနှင့် စိုက်ပျိုးမွေးမြူသူ တောင်သူလယ်သမားများ၊ ထူးချွန်တောင်သူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ တောင်သူလယ်သမားနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ဖတ်ကြားသည်။

### ဂုဏ်ပြုဆုများချီးမြှင့်

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်တို့က ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးမှ လယ်ယာစီးပွားလုပ်ငန်းနှင့် စိုက်ပျိုးမွေးမြူရေး ထူးချွန်တောင်သူ ၁၂ ဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံများ ရိုက်ကူးခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အစိုးရအဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော ကရင်ပြည်နယ်အစိုးရအဖွဲ့၏ တောင်သူလယ်သမားများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ ကရင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ ခင်းကျင်းပြသထားသော တောင်သူအသိပညာပေးပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကာ အခမ်းအနားသို့ တက်ရောက်လာသူများအား နံနက်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီး၌ တောင်သူလယ်သမားနေ့ သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားကျင်းပ

**စစ်ကိုင်း မတ် ၂**

စစ်ကိုင်းတိုင်း ဒေသကြီး၌ တောင်သူလယ်သမားနေ့ သဝဏ်လွှာ ဖတ်ကြားခြင်း အခမ်းအနားကို မတ် ၂ ရက် နံနက် ၉ နာရီတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးဝင်း အတွင်းရှိ ချင်းတွင်းခန်းမတွင် ကျင်းပရာ အခမ်းအနားသို့ တိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ တောင်သူလယ်သမားနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာအား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က ဖတ်ကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်သူများက သဝဏ်လွှာ ဖတ်ကြားခြင်း အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဇေယျာသီရိ၌ ပန်းခင်းစီမံချက်ဖြင့် ပြုလုပ်ပေးသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

**ဇေယျာသီရိ မတ် ၂**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဇေယျာသီရိမြို့နယ် ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်ဖြင့် ကွင်းဆင်းပြုလုပ်ပေးခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျွန်းရောင်းကျေးရွာအုပ်စု လေသာကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

ပေးအပ်ပွဲတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဇေယျာသီရိမြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးစန်းလွင်က တက်ရောက်လာသည့် ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားသည် နိုင်ငံသားတစ်ဦးရပိုင်ခွင့်ရှိသည့် နိုင်ငံသားအခွင့်အရေးများ အပြည့်အဝရရှိနိုင်သည့် အထောက်အထားတစ်ခုဖြစ်သည်ကို ပြည်သူအားလုံးသိရှိနားလည်ကြရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ဇေယျာသီရိ မြို့နယ် ကျွန်းရောင်းကျေးရွာအုပ်စုမှ ပြည်သူ ၅၂ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့သည်။ အလားတူ ဇေယျာသီရိမြို့နယ် သာစည်ကျေးရွာအုပ်စုအတွင်းမှ ပြည်သူ ၆၂ ဦးနှင့် စည်ပင်ကြီးကျေးရွာအုပ်စုမှပြည်သူ ၆၂ ဦးကို ကျေးရွာအုပ်စုအလိုက် သွားရောက်၍ နိုင်ငံသားစိစစ်ရေးကတ်ပြား လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့တွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရုံးသစ်ဖွင့်ပွဲအခမ်းအနားကျင်းပ

ဟိုပုံး မတ် ၂

**ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒေသရုံးသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါရုံးတွင် ပြုလုပ်ခဲ့ကြသည်။**



ရှေးဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက အမှာစကားပြောကြားရာတွင် ဟိုပုံးမြို့ ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနအနေဖြင့် တန်ဖိုးမြင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း၊ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း၊ အလှကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း၊ အခြေခံစက်ချုပ်သင်တန်း၊ အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်း သင်တန်း၊ တစ်လုံးထိုး ဒီဇယ်အင်ဂျင်ပြုပြင်ထိန်းသိမ်းနည်း သင်တန်း၊ အထည်ပန်းပုံရိုက်နှင့် ဆေးရေးပန်းချီသင်တန်း၊ ဝါးအခြေခံလက်မှုထည် ထုတ်လုပ်မှု နည်းပညာသင်တန်း၊ ကော်ဖီထုတ်လုပ်ရာတွင် အသုံးပြုသည့် စက်ကိရိယာကိုင်တွယ်မောင်းနှင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းနည်း သင်တန်းများ ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် ဤနည်းပညာပေးသင်တန်းများကို တက်ရောက်ခွင့်ရပြီး ကိုယ်ပိုင်တစ်ပိုင်တစ်နိုင်အိမ်တွင်း အသေးစားလုပ်ငန်းများကို ထူထောင်နိုင်ကာ အလုပ်အကိုင် အခွင့်အလမ်းများနှင့် မိသားစုဝင်ငွေ ရရှိစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေး၊ အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းမော်နှင့် တာဝန်ရှိသူများက ဒေသရုံးသစ်ဖွင့်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** အမွှေးနံ့သာရည်များ ပက်ဖျန်းသည်။

အဆိုပါ အသေးစားစက်မှု လက်မှုလုပ်ငန်း ဦးစီးဌာနသည် ရှမ်းပြည်နယ်အတွင်း တာချီလိတ်၊ လားရှိုး၊ လွိုင်လင်ခရိုင်သုံးရုံး နှင့် ပအိုဝ်းနှင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နှစ်ခုတို့၌ ယနေ့တွင် တစ်ပြိုင်တည်း ဖွင့်လှစ်ပေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

## "ချစ်သည်းစွဲ MRTV Orchestra" ဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် မတ် ၂**

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေး အစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ အနုပညာရှင်များ စုပေါင်းတင်ဆက်ကြမည့် "ချစ်သည်းစွဲ MRTV Orchestra" ဖျော်ဖြေပွဲကို မတ် ၄ ရက် (သောကြာနေ့) ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့်




ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသမည် ဖြစ်သည်။

ယင်းအစီအစဉ်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ သံစုံတီးဝိုင်း (MRTV Orchestra) နှင့် ခေတ်ပေါ်တီးဝိုင်း၊ မြန်မာ့ဆိုင်းဝိုင်းကြီးများ၏ တီးခတ်မှုနှင့်အတူ တေးသံရှင်များဖြစ်ကြသည့် ရဲထိုက်၊ ရဲရင့်ဝေလွင်၊ မေထူးကျော်၊ နန်းစန္ဒီ၊ မြတ်နိုးစံ၊ သီရိစံ၊ သဒ္ဒါဖြူနှင့် စောဒယ်နီရယ်လ်တို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို မတ် ၆ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## "ပျော်စရာအငြိမ့်" ဖျော်ဖြေပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် မတ် ၂**

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေး အစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ မြန်မာနိုင်ငံ လူရွှင်တော်အသင်း(ဗဟို)၏ "ပျော်စရာအငြိမ့်" ဖျော်ဖြေပွဲကို ၂၀၂၂ ခုနှစ် မတ် ၅ ရက် (စနေနေ့) ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းဖျော်ဖြေမှုကို လူရွှင်တော်ဒိန်းဒေါင်ကစီစဉ်ပြီး ဟာသမင်္ဂလာရွှေဆိုင်းတော်အဖွဲ့၏ တီးခတ်မှုနှင့်အတူ ခေါင်းဆောင်မင်းသမီး တစ်ခိုင်လုံးရွှေ အေးအေးမြင့်၊ ရှေ့ထွက်မင်းသမီး သဲဦးသစ္စာ၊ လူရွှင်တော်များဖြစ်ကြသည့် ချစ်စမ်းမောင်၊ တိုက်ဂါး၊ လူမော်နှင့် နေကျော်တို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို ၂၀၂၂ ခုနှစ် မတ် ၆ ရက် (တနင်္ဂနွေနေ့) မွန်းလွဲပိုင်း National News အင်္ဂလိပ်ဘာသာ သတင်းအစီအစဉ်အပြီးတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ်၊ လူရွှင်တော်အသင်းနှင့် ကိုလူချောအဖွဲ့တို့မှ မိသားစုများ ပါဝင်ယှဉ်ပြိုင်မည်




**နေပြည်တော် မတ် ၂**

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ်အမှတ်(၅၆)ကို မတ် ၄ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဆက်လက်ထုတ်လွှင့်မည် ဖြစ်သည်။

အဆိုပါ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာပေး အစီအစဉ်ကို သရုပ်ဆောင် ကျော်ကျော်နှင့် ဆုမြတ်နိုးဦးတို့က တင်ဆက်ကြမည်ဖြစ်ပြီး လူရွှင်တော်အသင်းနှင့် ကိုလူချောတို့အဖွဲ့မှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို မတ်လ ၄၊ ၅၊ ၆ ရက်နေ့များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV HD မှ ညနေ ၆ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❐ *ကျောဖုံးမှ*


တာဝန်သိ ပြည်သူအချို့က သတင်းပေးပို့လာခဲ့သဖြင့် အဆိုပါမြို့နယ်များ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးဆိုင်ရာ လုပ်ငန်းများကို တိုးမြှင့် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိစဉ် ဝက်လက်မြို့နယ် ကျောက်တိုင်ကျေးရွာ၌ PDF အမည်ခံအကြမ်းဖက်သမားများ ရောက်ရှိနိုအောင်းလျက်ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ယနေ့တွင် အဆိုပါကျေးရွာသို့ သွားရောက်၍ လိုအပ်သည့် ရှာဖွေစစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ ကျေးရွာအတွင်းရှိ နေအိမ်အချို့မှ လက်လုပ်သေနတ် မျိုးစုံ ၁၆ လက်၊ ပြုလုပ်ဆဲလက်လုပ်သေနတ် ကိုယ်ထည် ငါးခု၊ ၁၂ ဗို့ကျည် ၄၁ တောင့်၊ လက်လုပ်ကျည် ၁၂ တောင့်၊ လက်လုပ်မိုင်း ၁၁ လုံးနှင့် လက်လုပ်မိုင်းနှင့် လက်နက်ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ NLD ပါတီ အလံ ၈၁ ခုနှင့် ပါတီတံဆိပ်ပါ အင်္ကျီတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အကြမ်းဖက်သမားများအနေဖြင့် ယခုကဲ့သို့ စစ်ရေးနှင့် မသက်ဆိုင်သော ဘာသာရေး၊ ပညာရေးဆိုင်ရာ အဆောက်အဦများနှင့် လူနေအိမ်များကို အကာအကွယ်ရယူ ပစ်ခတ်တိုက်ခိုက်ခြင်း၊ စခန်းချအခြေပြု အကာအကွယ်ယူ တိုက်ခိုက်ခြင်းတို့သည် ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု ကျူးလွန်ရာရောက်ပြီး အဆိုပါ ရာဇဝတ်မှုများအတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ ရာဇသတ်ကြီးနှင့် သက်ဆိုင်ရာ တည်ဆဲဥပဒေများဖြင့် ၎င်းတို့အပေါ် ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အကြမ်းဖက်မှု နှိမ်နင်းရေးလုပ်ငန်းများကို ပြည်သူလူထုနှင့်အတူ ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

### ဝက်လက်မြို့နယ် ကျောက်တိုင်ကျေးရွာအတွင်း PDF အမည်ခံအကြမ်းဖက်သမားများ၏ လက်နက်ခဲယမ်းဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ ဖြစ်စဉ်နေရာပြပုံ






စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ကျောက်တိုင်ကျေးရွာရှိ NLD လွှတ်တော်အမတ်ဟောင်း အကြမ်းဖက်ခေါင်းဆောင် ဒေါက်တာနိုင်အောင်၏ နေအိမ်အတွင်းမှ သိမ်းဆည်းရမိသည့် NLD ပါတီအလံနှင့် ပါတီတံဆိပ်ပါ အင်္ကျီများအား တွေ့ရှိရစဉ်။



စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ကျောက်တိုင်ကျေးရွာအတွင်း သိမ်းဆည်းရမိသည့် PDF အမည်ခံအကြမ်းဖက်သမားများ၏ လက်လုပ်မိုင်းနှင့် ဆက်စပ်ပစ္စည်းများအား တွေ့ရှိရစဉ်။

# နောက်ထပ် ယူကရိန်း-ရုရှား ဆွေးနွေးပွဲကို မတ် ၂ ရက် ညပိုင်းတွင် ပြုလုပ်မည်

ကိယက်ဗ် မတ် ၂

**ရုရှားတပ်ဖွဲ့များ ယူကရိန်းကို ဆက်လက်စစ်ဆင်နွဲနေစဉ်တွင် ကိယက်ဗ်နှင့်မော်စကို အရာရှိများသည် ဒုတိယအကြိမ် ဆွေးနွေးပွဲ စတင်နိုင်ရန် ကြိုးစားလျက်ရှိသည်။ ယူကရိန်းသမ္မတ ဗိုလိုဒီမာ ဇီလန်စကီက ပထမဆုံးစစ်ဆင်ရေးဆင်နွှဲနေမှုများကို ချက်ချင်း ရပ်ဆိုင်းရန် ရုရှားကို တိုက်တွန်းလိုက်သည်။**



ယူကရိန်းသမ္မတ ဗိုလိုဒီမာ ဇီလန်စကီ

ယူကရိန်းသမ္မတ အကြံပေး အိုလက်ဆီ အာရက်စတိုဗစ်ချ်က ယူကရိန်းနှင့် ရုရှား ကိုယ်စားလှယ်အဖွဲ့များသည် မတ် ၂ ရက်တွင် နောက်ထပ်ဆွေးနွေးပွဲ စတင်မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ ဆွေးနွေးပွဲကို ယခုည တွင် ပြုလုပ်မည်ဖြစ်ကြောင်း အိုလက်ဆီ အာရက်စတိုဗစ်ချ်က ပြည်တွင်း ဆက်စ်ပီလ်နီတီဗွီချန်နယ်သို့ ပြောကြားလိုက်သည်။

ယူကရိန်း ကိုယ်စားလှယ်အဖွဲ့တွင် ပါဝင်ဆွေးနွေးသူများကို ပြောင်းလဲမည်မဟုတ်ဘဲ နဂိုအတိုင်း ထားရှိသွားမည်ဖြစ်ကြောင်း အာရက်စတိုဗစ်ချ်က ပြောကြားလိုက်သည်။ မတ် ၂ ရက် အစောပိုင်းက ယူကရိန်းနိုင်ငံခြားရေးဝန်ကြီး ဒီမိုင်ထရိုကူလီဘာက နောက်ထပ် ယူကရိန်း - ရုရှား ဆွေးနွေးပွဲကို မည်သည့်အချိန် ပြုလုပ်မလဲဆိုသည်ကို ရှင်းရှင်းလင်းလင်း မသိရကြောင်း ပြောခဲ့သည်။

ယူကရိန်းသည် ဆွေးနွေးရန် အဆင်သင့်ဖြစ်နေကြောင်း ကူလီဘာက Facebook တွင် ပြောကြားလိုက်သည်။ ရုရှားနှင့် ယူကရိန်းသည် ၎င်းတို့၏ ပထမဆုံး ညှိနှိုင်းဆွေးနွေးမှုကို ဘယ်လာရုစ်တွင် ဖေဖော်ဝါရီ ၂၈ ရက်က လုပ်ဆောင်ခဲ့သော်လည်း နှစ်ဖက်အဖွဲ့များအကြား ရှင်းလင်းသော သဘောတူညီချက် မရရှိခဲ့ကြောင်း သိရသည်။

နှစ်ဖက်အဖွဲ့များသည် အမြင်မတူညီမှုများကို ညှိနှိုင်းဆွေးနွေးမှုမှတစ်ဆင့် ကျဉ်းမြောင်းအောင် ဘယ်လိုလုပ်ဆောင်နိုင်မလဲဆိုသည့်အပေါ် ရှင်းရှင်းလင်းလင်း မသိရသေးချေ။

**ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ**

## နေတိုးအတွင်းရေးမှူးချုပ်က ယူကရိန်းပဋိပက္ခအကျပ်အတည်းကို သံတမန်နည်းလမ်းဖြင့်ဖြေရှင်းရန် တိုက်တွန်း

**တယ်လင် မတ် ၂**

အလည်အပတ်ရောက်ရှိလာသော မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး)၏ အတွင်းရေးမှူးချုပ် ဂျန်စတိုတန်ဘာ့ဂ်ျက ဆက်လက်ဖြစ်ပွားနေသည့် ယူကရိန်းပဋိပက္ခ အကျပ်အတည်းကို သံတမန်နည်းလမ်းဖြင့် ဖြေရှင်းရန် တိုက်တွန်းသွားမည် ဖြစ်ကြောင်း မတ် ၁ ရက်က ပြောကြားလိုက်သည်။

အက်စ်တိုးနီးယား မြောက်ပိုင်း တာပါစစ်ဘက် အခြေစိုက်စခန်း၌ အလည်အပတ် ရောက်ရှိနေသော ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်နှင့် အက်စ်တိုးနီးယားဝန်ကြီးချုပ် ကာဂျာကယ်လက်စ်တို့နှင့်အတူ ပူးတွဲသတင်းစာရှင်းလင်းပွဲပြုလုပ်နေစဉ် စတိုတန်ဘာ့ဂ်ျက ထိုသို့မှတ်ချက်ပြုပြောကြားလိုက်ခြင်းဖြစ်သည်။

ယူကရိန်းတွင် ဖြစ်ပွားနေသော စစ်ပွဲများ ချက်ချင်းရပ်ဆိုင်းရန်၊ ရုရှားတပ်ဖွဲ့များကို စစ်ပွဲအတွင်းမှ ဆွဲထုတ်သွားရန်နှင့် သံတမန်နည်းလမ်းကို အားပေး လုပ်ဆောင်သွားရန် ၎င်းက တိုက်တွန်းပြောကြားလိုက်သည်။

လွန်ခဲ့သော သီတင်းပတ်များက ယူကရိန်းကို တိုက်ခိုက်နေသော ရုရှားတပ်ဖွဲ့၏ တိုက်ခိုက်မှုကို တုံ့ပြန်သောအားဖြင့် မိမိတို့၏ ခံစစ်ဖြန့်ကြက်မှုများကို မြေပြင်၊ ဝေဟင်နှင့် ပင်လယ်ပြင်ထိပါ တိုးမြှင့်ထားကြောင်း ၎င်းက ပြောသည်။





အက်စ်တိုးနီးယား ဝန်ကြီးချုပ် ကာဂျာကယ်လက်စ် (လယ်)၊ နေတိုးအတွင်းရေးမှူးချုပ် ဂျန်စတိုတန်ဘာ့ဂ်ျ (ယာ) နှင့် ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်တို့ အက်စ်တိုးနီးယားမြောက်ပိုင်းရှိ တာပါစစ်အခြေစိုက်စခန်းရှိ ပူးတွဲသတင်းစာရှင်းလင်းပွဲ၌ တွေ့ရစဉ်။

မတူညီသော နေရာပေါင်း ၃၀ တွင် ဂျက်လေယာဉ်အစင်း ၁၀၀ ကျော်ကို အဆင့်မြင့်ဆုံး တပ်လှန့်ထားပြီး ဘောလ်တစ်ပင်လယ်မှ သည်မြေထဲပင်လယ်အထိ သင်္ဘောပေါင်း ၁၂၀ ကျော်ကို ဖြန့်ကြက် လွှမ်းခြုံထားကြောင်း စတိုတန်ဘာ့ဂ်ျက ပြောကြားလိုက်သည်။ ထို့အပြင် ဗြိတိန်၊ အမေရိကန်ပြည်ထောင်စုနှင့် တခြားမဟာမိတ်များသည် အရှေ့ဘက်ပိုင်းသို့ တပ်ဖွဲ့ဝင်ထောင်ချီဖြန့်ကြက်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မိမိတို့၏ သမိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် နေတိုးတန်ပြန်တပ်ဖွဲ့များကို တပ်ဖြန့်ထားခြင်းဖြစ်ကြောင်း နေတိုးအကြီးအကဲက ပြောကြားလိုက်သည်။

**ဆင်ဟွာ**

## တောင်ကိုရီးယားသမ္မတရွေးကောက်ပွဲအတွက် ကိုယ်စားလှယ်လောင်းများ အကြိတ်အနယ်ယှဉ်ပြိုင်

**ဆိုးလ် မတ် ၂**

တောင်ကိုရီးယားသမ္မတ ရွေးကောက်ပွဲမစမီ တစ်ပတ်အလိုတွင် အာဏာရပါတီနှင့် အကြီးဆုံးအတိုက်အခံပါတီမှ ကိုယ်စားလှယ်လောင်းများသည် ပြည်သူ့စစ်တမ်းတွင် တစ်စတစ်စ အကြိတ်အနယ် ယှဉ်ပြိုင်လျက်ရှိသည်။

မတ် ၉ ရက် ဆန္ဒမဲပေးမှုက လက်ရှိသမ္မတ မွန်ဂျေအင်း နေရာတွင် အမွေဆက်ခံမည့် သမ္မတသစ်ကို ရွေးချယ်ပေးမည်ဖြစ်သည်။ တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းသည် မေလတွင် ၎င်း၏ သမ္မတသက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

သမ္မတပြိုင်ပွဲတွင် အာဏာရဒီမိုကရက်တစ်ပါတီမှ လီဂျေမြောင်နှင့် အဓိကအတိုက်အခံပါတီ ပြည်သူ့အာဏာပါတီမှ ယွန်ဆုခ်ယော်တို့သည် ရှေ့မှ ပြေးနေသူများဖြစ်သည်။

မတ် ၂ ရက်က ထုတ်ပြန်လိုက်သော စစ်တမ်းရလဒ်တွင် အတိုက်အခံပါတီမှ ယွန်သည် ပြည်သူ့သဘောကျ ထောက်ခံမှု ၄၆ ဒသမ ၃ ရာခိုင်နှုန်းရှိပြီး အာဏာရပါတီမှ သမ္မတကိုယ်စားလှယ်လောင်း လီက ၄၃ ဒသမ ၁ ရာခိုင်နှုန်း ရရှိထားသည်။





အမျိုးသားရွေးကောက်ပွဲ ကော်မရှင်ရုံးတွင် မဲများကို စစ်ဆေးနေစဉ်။

၎င်းတို့သည် မတ် ၂ ရက်က မဲဆွယ်စည်းရုံးရေး မဆင်းကြဘဲ နောက်ဆုံး တီဗွီစကားစစ်ထိုးပွဲအတွက်ကိုသာ ပြင်ဆင်နေကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## သြစတြေးလျဝန်ကြီးချုပ် စကော့မော်ရစ်ဆင်သည် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားလျက်ရှိသော်လည်း နိုင်ငံ့တာဝန်များကို ဆက်လက်ထမ်းဆောင်သွားမည်

**ဆစ်ဒနီ မတ် ၂**

သြစတြေးလျဝန်ကြီးချုပ် စကော့မော်ရစ်ဆင်သည် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားနေကြောင်း စမ်းသပ်တွေ့ရှိခဲ့သည်။ မော်ရစ်ဆင်က ၎င်းသည် တုပ်ကွေးလက္ခဏာများကို ခံစားနေရကြောင်း သို့သော်လည်း ကူးစက်ဖြစ်ပွားမှု ပြန်လည်နာလန်ထူအောင် လုပ်ဆောင်ရင်း နိုင်ငံကို ဆက်လက်ဦးဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

မော်ရစ်ဆင်က အဖျားရှိပြီးနောက် မတ် ၁ ရက်က ကိုဗစ်-၁၉ ကူးစက်ခံထားရကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်ဟု ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့သည်။ ဝန်ကြီးချုပ်က ဆစ်ဒနီရှိနေအိမ်တွင် သီးသန့်ခွဲခြားနေထိုင်ရင်း တာဝန်ဝတ္တရားများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ဇန်နဝါရီလက အမြင့်ဆုံးကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသည့် ပမာဏ ၁၅၀၀၀၀ ကျော် မြင့်တက်ခဲ့ပြီးနောက် ဖေဖော်ဝါရီလလယ်လောက်မှစကာ သြစတြေးလျနိုင်ငံတွင် နေ့စဉ်ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် ၂၀၀၀၀ နီးပါးရှိသည်။ **အင်န်အိတ်ချ်ကေ**

## အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားသူပေါင်း ၅၆၃၀၀၉၆ ဦးရှိ

ဂျကာတာ မတ် ၂

အင်ဒိုနီးရှားနိုင်ငံတွင် မတ် ၂ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၄၀၉၂၀ ရှိလာမှုနှင့်အတူ နိုင်ငံအတွင်းကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၅၆၃၀၀၉၆ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ကိုရိုနာဗိုင်းရပ်စ်ကြောင့် နိုင်ငံအတွင်း ထပ်မံသေဆုံးသူ ၃၇၆ ဦးတိုးလာခဲ့သည့်အတွက် စုစုပေါင်းသေဆုံးသူ ၁၄၉၀၃၆ ဦးအထိ ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူ ၄၂၉၃၅ ဦးရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကျန်းမာလာသူပေါင်း ၄၉၄၄၂၃၇ ဦး ရှိလာပြီဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို လျှော့ချရန် အင်ဒိုနီးရှားအစိုးရသည် အမျိုးသားကာကွယ်ဆေးထိုးအစီအစဉ်ကို အရှိန်မြှင့်တင် လုပ်ဆောင်လျက်ရှိသည်။ အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးပထမအကြိမ် ထိုးနှံပြီးသူ ၁၉၀ ဒသမ ၉၇ သန်းကျော်ရှိပြီး ဒုတိယအကြိမ် ထိုးနှံပြီးသူပေါင်းမှာ ၁၄၄ ဒသမ ၅၀ သန်းကျော် ရှိလာပြီဖြစ်သည်။ **ဆင်ဟွာ**

# နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဆွမ်းဆန်တော် ဆန်၊ ဆီ၊ ဆားနှင့် ပဲများ ထောက်ပံ့လှူဒါန်း



**နေပြည်တော် မတ် ၂**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဘုန်းကြီးကျောင်းများမှ ရဟန်း၊ သာမဏေများ၊ သီလရှင်ကျောင်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ကိုဗစ်-၁၉ ရောဂါကာကွယ် ကုသရေး Center များတွင် ကျန်းမာရေးဆိုင်ရာ အထောက်အကူပစ္စည်းများနှင့် အင်အားဖြည့် အစားအစာများကို ထောက်ပံ့လှူဒါန်းပေးလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အောင်ချမ်းသာရပ်ကွက်ရှိ ပဋ္ဌာနတာရုံကျောင်းတိုက်၌ သီတင်းသုံးနေသော ရဟန်း၊ သာမဏေများအား ဆွမ်းဆန်တော်အခက်အခဲမရှိစေရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးစိုးဦးနှင့် ဝန်ထမ်းများက ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ပဲစသည့် လှူဒါန်းဖွယ်ထောက်ပံ့ပစ္စည်းများကို ကျောင်းထိုင်ဆရာတော်ထံသို့ သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် မတ် ၂**

တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင် အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ် ပစ္စည်းများလှူဒါန်းခြင်းနှင့်နေ့ဆွမ်းများဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြောက်ပိုင်းရပ်ကွက်ရှိ ရသေ့တောင်ကျောင်းတိုက်၊ မှော်ဘီမြို့နယ် သပြေကုန်းကျေးရွာရှိ စိန္တိတာရာမနန္ဒဝန်ကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ သမိဒ္ဓေါဒယပရိယတ္တိ သီလရှင်စာသင်တိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ ဇီးဖြူကုန်းရပ်ကွက်ရှိ တပ်ဦးနန္ဒဝန်ကျောင်းတိုက်နှင့် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ဓမ္မဓရတော်ဝင်ကျောင်းတိုက်တို့ရှိ ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လေရှီးမြို့နယ်အတွင်းရှိ ကျေးရွာလေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**လေရှီး မတ် ၂**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်အတွင်းရှိ ကျေးရွာလေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းဖြင့် ကျေးလက်ရေပေးဝေရေးလုပ်ငန်းသုံးခုနှင့် ဘက်စုံသုံးခန်းမဆောင်တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက် လျက်ရှိကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခေါင်းပေါ့ထံမှ သိရသည်။



အဆိုပါလုပ်ငန်းများကို၂၀၂၁-၂၀၂၂ ခုနှစ် ခြောက်လဘဏ္ဍာနှစ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ရှာနိုင်ကျေးရွာတွင် ရေစစ်ကန်၊ ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် ဂါလန် ၂၀၀၀ ဆံ့ ရေလောင်ကန်တည်ဆောက်ခြင်းလုပ်ငန်းကို လည်းကောင်း၊ ဝမ်းဘဲကွက်သစ်ကျေးရွာ၌ ရေတားတမံတည်ဆောက်ခြင်း၊ ရေပိုက်လိုင်း သွယ်တန်းခြင်းနှင့် ဂါလန် ၂၀၀၀ ဆံ့ ရေလောင်ကန်တည်ဆောက်ခြင်းကို လည်းကောင်း၊ သာယာကျေးရွာ၌ စိမ့်စမ်းရေသွယ်တန်းခြင်း လုပ်ငန်းကို လည်းကောင်း အသီးသီး ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းအားလုံး ၉၀ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီးဖြစ်ကြောင်း သိရသည်။

အလားတူ ထိန်းဖာရုံကျေးရွာတွင် အလျားပေ ၄၀၊ အနံ ၂၂ ပေ၊ မြင့် ၁၂ ပေဖြင့် ဘက်စုံသုံးခန်းမဆောင်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးခေါင်းပေါ့ထံမှ သိရသည်။

**ယွန်း (မုံရွာကိုယ်ပွား)**

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် မတ် ၂**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၆၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

### ကာကွယ်ဆေးထိုးနှံပေး

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၉၈၀၀၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်လေးမြို့နယ်၌ ဒေသခံပြည်သူ ၄၉၈၀၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့၌ ဆရာ ဆရာမ ၂၇ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုမှ ဒေသခံပြည်သူ ၇၃၁၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးသည်။

### ကြည့်ရှုအားပေး

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၉၃ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် မတ် ၂**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် မတ် ၂**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကရင်ပြည်နယ် မြဝတီမြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၂၅ ဦး၊ အမျိုးသမီး ၇၅ ဦး စုစုပေါင်း ၂၀၀ ကို လက်ခံခဲ့သည်။

### လိုအပ်သည်များ ကူညီဆောင်ရွက်ပေး

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့်အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မတ် ၂ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၉၀၂ ဦးတွေ့ရှိ

## ထပ်မံသေဆုံးသူ သုံးဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၉၃၇၅ ဦးရှိ

(၂-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်–၁၉ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၂,၂၀၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ရောဂါ **ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၉၀၂) ဦး** တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၈.၅၇) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၁၆၅,၇၆၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၉၂,၁၃၉) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၃,၇၆၄) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၄၀,၂၄၁) ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၃) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၃၇၅) ဦး ရှိပါသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁-၃-၂၀၂၂) ရက်နေ့ အထိ လူဦးရေ စုစုပေါင်း (၂၃,၆၅၂,၄၃၂) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ (၂၁,၀၃၃,၄၃၆) ဦးနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၂,၆၁၈,၉၉၆) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၁-၃-၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးအကြိမ်ရေ စုစုပေါင်း (၄၄,၆၈၅,၈၆၈) ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၂-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၉၄၄) ခု | (၁၂၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၈၇) ခု | (၂၂) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၂၄) ခု | (၆၂) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၅) ခု | (၁၉) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၆၄၂) ခု | (၁၂၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၁၁၄) ခု | (၃၅၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၆,၈၄၈) ခု | (၁,၁၉၄) ဦး |
| **စုစုပေါင်း** | (၂၂,၂၀၄) ခု | (၁,၉၀၂) ဦး |

**ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ**

**(၁-၃-၂၀၂၂) ရက်နေ့**

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၂,၆၁၈,၉၉၆) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၂၁,၀၃၃,၄၃၆) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေစုစုပေါင်း | (၂၃,၆၅၂,၄၃၂) ဦး |
| စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း(Vaccine Doses) | (၄၄,၆၈၅,၈၆၈) ကြိမ် |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်)နှင့်ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ကူးစက်မှုမှကာကွယ်ရေးအတွက် ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါ လက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်း သတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်းစသည်တို့ကို မမေ့မလျော့သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ၂ -၃ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၀၆၉၇၉၂၄ | ၅၃၇၃၀၈၀၅ | ၉၇၇၄၀၂ |
| ၂။ | အိန္ဒိယ | ၄၂၉၃၈၅၉၉ | ၄၂၃၃၈၆၇၃ | ၅၁၄၂၄၆ |
| ၃။ | ဘရာဇီး | ၂၈၈၁၁၁၆၅ | ၂၆၅၀၆၀၀၅ | ၆၄၉၇၁၇ |
| ၄။ | ပြင်သစ် | ၂၂၇၈၂၆၀၉ | ၂၁၀၈၀၆၇၇ | ၁၃၈၅၇၆ |
| ၅။ | ဗြိတိန် | ၁၈၉၈၅၅၆၈ | ၁၇၅၃၇၂၁၄ | ၁၆၁၆၃၀ |
| ၆။ | ရုရှား | ၁၆၅၉၂၈၂၄ | ၁၃၉၃၁၉၉၅ | ၃၅၃၂၃၀ |
| ၇။ | ဂျာမနီ | ၁၄၉၇၄၇၁၃ | ၁၁၄၇၀၃၀၀ | ၁၂၃၇၂၁ |
| ၈။ | တူရကီ | ၁၄၁၄၉၃၄၁ | ၁၃၄၃၇၇၂၉ | ၉၄၆၄၈ |
| ၉။ | အီတလီ | ၁၂၈၂၉၉၇၂ | ၁၁၆၀၁၇၄၂ | ၁၅၅၀၀၀ |
| ၁၀။ | စပိန် | ၁၁၀၃၆၀၈၅ | ၉၆၇၉၂၄၇ | ၉၉၈၈၃ |


## ၂-၃-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၅၆၃၀၀၉၆ | ၄၉၄၄၂၃၇ | ၁၄၉၀၃၆ |
| ဖိလစ်ပိုင် | ၃၆၆၃၉၂၀ | ၃၅၅၆၅၈၉ | ၅၆၅၀၄ |
| ဗီယက်နမ် | ၃၅၅၇၆၂၉ | ၂၄၇၉၈၈၃ | ၄၀၃၃၈ |
| မလေးရှား | ၃၄၆၈၅၉၀ | ၃၁၄၂၁၁၂ | ၃၂၈၂၇ |
| ထိုင်း | ၂၉၃၄၅၄၄ | ၂၆၉၂၇၃၉ | ၂၃၀၂၄ |
| စင်ကာပူ | ၇၄၈၅၀၄ | ၆၈၆၄၄၈ | ၁၀၃၀ |
| မြန်မာ | ၅၉၂၁၃၉ | ၅၄၀၂၄၁ | ၁၉၃၇၅ |
| လာအို | ၁၄၃၂၄၀ | ၁၄၀၉၈၆ | ၆၂၃ |
| ကမ္ဘောဒီးယား | ၁၃၁၀၀၄ | ၁၂၄၆၂၇ | ၃၀၃၂ |
| ဘရူနိုင်း | ၇၁၆၄၉ | ၃၈၃၂၅ | ၁၂၉ |

# ပေါင်းလောင်းဆည်ရေသောက်စနစ် မြှင့်တင်ပြုပြင်ခြင်းဖြင့် တောင်သူစီးပွားတိုးပွားစေမည်

ရွှေယွန်း

**ပြောင်းလဲလာသည့် ရာသီဥတုကြောင့် တောင်သူများမိုးမျှော်၍ စိုက်ပျိုးရေးလုပ်ဆောင်ရန် ခက်ခဲလာပြီး မိုးမျှော်၍ စိုက်ပျိုးမည်ဆိုပါကလည်း စီးပွားဖြစ်မည်မဟုတ်။ ထို့အတွက် မိုးကိုမမျှော်ဘဲ အချိန်မှန် စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်းအဆောက်အအုံများကို တောင်သူများ အားကိုးအားထားပြုလာကြသည်။**



ပေါင်းလောင်းရေလှောင်တမံကို တွေ့ရစဉ်။

တောင်သူများ အားကိုးအားထား ပြုလာသည့် စိုက်ပျိုးရေကို အကျိုးထိရောက်စွာ ပေးဝေနိုင်ရန်၊ အလေအလွင့် နည်းပါးစေရန်အတွက် ဆည်ရေပေးဝေမှု တိုးတက်ခေတ်မီရေးနှင့် ဆည်မြောင်းဆိုင်ရာ သုတေသနစီမံကိန်းကို (Pilot Areas) ရွေးပြေးဧရိယာများသတ်မှတ်၍ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည်။

ဆည်ရေပေးဝေမှု တိုးတက်ခေတ်မီရေးနှင့် ဆည်မြောင်းဆိုင်ရာ သုတေသနလုပ်ငန်းစီမံကိန်းများအဖြစ် နေပြည်တော်၊ စစ်ကိုင်းတိုင်း၊ မန္တလေး၊ မကွေးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဆည်ရေသောက်စနစ် ၁၂ ခုတွင် ကွက်ဆင့်သောက် လယ်မြေ ဧက ၆၉၀၀အား ( Topographic Survey) တိုင်းတာခြင်း၊ ကွင်းမြေပုံထုတ်ခြင်း၊ ပုံစံထုတ်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

**စနစ်တကျ တိုးချဲ့ဆောင်ရွက်လျက်ရှိ**

"Pilot Project အနေနဲ့ လုပ်တာဖြစ်ပြီးတော့ နေပြည်တော်က ဆည်ရေသောက်စနစ် သုံးခု ပါဝင်ပါတယ်။ ဒီထဲမှာ ပေါင်းလောင်းရေလှောင်တမံကတော့ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ဆည်ရေပေးဝေမှု တိုးတက်ခေတ်မီရေးနှင့် ဆည်မြောင်းဆိုင်ရာ သုတေသနလုပ်ငန်းစီမံကိန်းတွေကို ဆည်မြောင်းစီမံကိန်းတွေရဲ့ ရေသိုလှောင်ထိန်းသိမ်းမှုနဲ့ ရေပေးဝေမှုလုပ်ငန်းတွေ ပိုမိုထိရောက်အကျိုးရှိဖို့၊ စိုက်ပျိုးရေပေးဝေမှု ပိုမိုစနစ်တကျဖြစ်စေဖို့၊ ရေဆုံးရှုံးမှုကို အနည်းဆုံးပမာဏနဲ့ စီမံဆောင်ရွက်နိုင်ဖို့၊ ဆည်မြောင်းစနစ် ဖွံ့ဖြိုးတိုးတက်စေဖို့နဲ့ ရေအသုံးချသူအဖွဲ့တွေ စနစ်တကျ တိုးချဲ့ ဖွဲ့စည်းဆောင်ရွက်နိုင်ဖို့ ရည်ရွယ်ဆောင်ရွက်လျက်ရှိပါတယ်" ဟု တည်ဆောက်ရေး (၅)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ပြောကြားသည်။

ထိုကဲ့သို့ သုတေသနလုပ်ငန်းစီမံကိန်းများကို ဆောင်ရွက်ရာတွင် လယ်သမားများ၏ လယ်ယာလုပ်ငန်းဆိုင်ရာ၊ ပိုင်ဆိုင်မှုဆိုင်ရာ၊ သီးနှံစိုက်ပျိုးမှုကုန်ကျစရိတ်နှင့် သီးနှံအထွက်နှုန်းဆိုင်ရာ၊ ဆည်ရေပေးဝေမှု၊ သုံးစွဲမှုနှင့် သက်ဆိုင်သည့် လယ်သမားများ၏ လယ်ယာလုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အချက်အလက်များကို ရယူဆောင်ရွက်လျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ထို့အပြင် မြေဆီလွှာ၊ ရေနမူနာများ စမ်းသပ်ခြင်း၊ ရေမှတ်များ မှတ်တမ်းတင်ခြင်း၊ ရေစီးနှုန်း တိုင်းတာခြင်း၊မိုးရေချိန်၊ ရေငွေ့ပျံနှုန်း တိုင်းတာခြင်း၊ မြေအောက်ရေ တိုင်းတာခြင်း၊ Data Logger ဖြင့် ရေအမြင့်၊ ရေဖိအား တိုင်းတာခြင်း၊ ရေစိမ့်ဝင်နှုန်းနှင့် ပင်ငွေ့ပျံနှုန်း တိုင်းတာခြင်းကဲ့သို့သော ဆည်တာတမံဆိုင်ရာ သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အသိပညာပေးမြှင့်တင်**

"သုတေသနလုပ်ငန်းတွေထဲမှာ စနစ်ကျလယ်ယာမြေ ဖော်ထုတ်တာ၊ လယ်ကြား မြောင်းတွေဖောက်တာနဲ့ စိုက်ပျိုးရေအသုံးပြုတဲ့ တောင်သူတွေ စနစ်တကျအသုံးပြုတတ်ဖို့ ရေအသုံးချသူအသင်း/ အဖွဲ့တွေ ဖွဲ့စည်းတာတွေကိုလည်း အသိပညာပေး မြှင့်တင်ဆောင်ရွက်လျက်ရှိပါတယ်" ဟု ညွှန်ကြားရေးမှူးက ဆိုသည်။

တည်ဆောက်ပြီးဆည်တာတမံများမှ စိုက်ပျိုးရေပေးဝေရာတွင် ကွက်ဆင့်သောက်စနစ်ကို အသုံးပြုနေခြင်းကြောင့် ရေခွဲဝေမှုစနစ်မကျခြင်းဖြစ်ပေါ်၍ ရေလေလွင့်ဆုံးရှုံးမှုများပြားခြင်း၊ လယ်သမားအချင်းချင်း ပြဿနာဖြစ်ပွားခြင်း စသည့် အခက်အခဲများ ရှိနေသည်။

ထိုအခက်အခဲကို ဖြေရှင်းနိုင်ရန်အတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲ ရေးဦးစီးဌာနသည် စနစ်ကျလယ်ယာမြေများ ဖော်ထုတ်ရေး၊ လယ်ကြားမြောင်းများ ဖောက်လုပ်၍ ရေရယူသုံးစွဲရေးတို့ကို ဆောင်ရွက်နိုင်ရန် ရေအသုံးချသူအသင်း/ အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

ပေါင်းလောင်းဆည်ရေသောက်စနစ်အတွင်း ဆည်ရေအသုံးပြုတောင်သူများပါဝင်သည့် ရေအသုံးချသူများအဖွဲ့ (WUG) အဖွဲ့ပေါင်း ၂၁၉ ဖွဲ့ တောင်သူဦးရေ ၃၄၅၇ ဦးအား လက်တံမြောင်းအလိုက်၊ လက်တံခွဲမြောင်းအလိုက်၊ လယ်ကြားမြောင်းအလိုက် ဖွဲ့စည်းထားပြီး WUA အဆင့် ရောက်ရှိရန် ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

"ရေအသုံးပြုတောင်သူများအဖွဲ့ (WUG) ဆိုတာကတော့ ရေအသုံးပြုနေတဲ့ တောင်သူများ ကိုယ်တိုင်ပါဝင်တဲ့ အဖွဲ့များဖွဲ့စည်းခြင်းဖြစ်ပါတယ်။ အရင်က တောင်သူတွေ ကိုယ့်လယ်မြေ ရေသွင်း/ရေထုတ် ကုန်ထုတ်ဖို့ ကိုယ်တိုင်တစ်ဦးချင်း ဆောင်ရွက်နေတဲ့အနေအထားကနေ အခု ရေအသုံးပြုတောင်သူများအဖွဲ့ (WUG) ကို မြောင်းအလိုက်၊ လယ်ကြားမြောင်းအလိုက် ဖွဲ့စည်းလိုက်ပြီးတော့ တောင်သူတွေအနေနဲ့ မြောင်းအလိုက် အဖွဲ့ငယ်တွေကနေ အဖွဲ့အစည်းစနစ်နဲ့ ဆောင်ရွက်လာနိုင်တယ်။ ရေသုံးစွဲမှုကိစ္စရပ်တွေကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနဲ့ WUG အဖွဲ့ခေါင်းဆောင်၊ ဒု-ခေါင်းဆောင်တွေက ချိတ်ဆက်ဆောင်ရွက်ပြီးတော့ တောင်သူအငြင်းပွားမှုတွေ၊ ရေသုံးစွဲမှုကိစ္စရပ်တွေ ပိုမိုအဆင်ပြေထိရောက်အောင် ဆောင်ရွက်လာနိုင်ပါတယ်" ဟု ပေါင်းလောင်းဆည်ရေ အသုံးပြုတောင်သူများ ပါဝင်သည့် ရေအသုံးချသူများအဖွဲ့ (WUG) အဖွဲ့ဝင် ကွမ်းခြံကျေးရွာမှ တောင်သူ ဦးခင်မောင်ရင်က ပြောကြားသည်။

**ရာသီပတ်လုံး စိုက်ပျိုးနိုင်အောင် အထောက်အကူပြုလျက်ရှိ**

ထိုကဲ့သို့ ရွေးပြေးသုတေသနလုပ်ငန်းများ ဆောင်ရွက်နေသည့် ပေါင်းလောင်း ရေလှောင်တမံသည် ပျဉ်းမနား၊ လယ်ဝေး၊ ရေတာရှည်မြို့နယ်များမှ လယ်ယာမြေ ဧက ၂၁၁၂၁ ဧကကို စိုက်ပျိုးရေပေးဝေကာ တောင်သူများ မိုးစပါး၊ နွေစပါး၊ ပဲ၊ ပြောင်း၊ နှမ်းစသော သီးထပ်သီးညှပ် သီးနှံများကို ရာသီပတ်လုံး စိုက်ပျိုးနိုင်အောင် အထောက်အကူပြုလျက်ရှိသည်။

"အရင်က ကုန်ထုတ်လမ်းမရှိတော့ ကုန်ထုတ်ဖို့ ခက်ခဲတာရယ်၊ ပြီးတော့ ရေသွင်းပိုက်က ကွက်ဆင့်သောက်ရေယူရတော့ ရေသွင်းစိုက်ပျိုးရတာ အဆင်မပြေခဲ့ပါဘူး။ အခုတော့ လယ်ကြားမြောင်းတွေ အသစ်တူးဖော်ပေးတော့ ကိုယ့်လယ်သူ့လယ်ဘေးမှာ လယ်ကြားမြောင်း ကိုယ်စီရှိကြတော့ ရေသွင်းဖို့ မပူရတော့ဘူး။ ပြီးတော့ လယ်ကြားမြောင်းထိပ်တွေမှာ ရေတံခါးငယ်တွေပါတော့ မလိုရင်ပိတ်လို့ရတယ်။ ကုန်ထုတ်လမ်းအသစ်ဖောက်ထားတော့ ထွန်ယက်စိုက်ပျိုးချိန်၊ စပါးရိတ်သိမ်းချိန် အဝင်အထွက်အဆင်ပြေသွားပြီး လယ်တွေထဲကရေနုတ်ဖို့ အတွက်လည်း ရေနုတ်မြောင်းပြုပြင်တူးဖော်ပေးတယ်ဆိုတော့ စိုက်ပျိုးရာသီမှာ လယ်မြေတွေ ရေနစ်မှာမပူရတော့ဘူး။ ပြီးတော့ ဒီနှစ်ထဲ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနက ရေစီးနှုန်းနဲ့ မိုးရေချိန်တို့ တိုင်းတာတယ်။ သုတေသနလုပ်ငန်းတွေ ဆောင်ရွက်တယ်။ လယ်သမားအချက်အလက် စစ်တမ်းကောက်တာတွေလုပ်တယ်။ ရေပေးဝေမှု အကျိုးရှိ ထိရောက်အောင်ပေါ့။

စာမျက်နှာ ၁၇ သို့

**"ပေါင်းလောင်းဆည်ရေသောက်စနစ်အတွင်း ဆည်ရေအသုံးပြု တောင်သူများပါဝင်သည့် ရေအသုံးချသူများအဖွဲ့ (WUG) အဖွဲ့ပေါင်း ၂၁၉ ဖွဲ့ တောင်သူဦးရေ ၃၄၅၇ ဦးအား လက်တံမြောင်း အလိုက်၊ လက်တံခွဲမြောင်း အလိုက်၊ လယ်ကြားမြောင်းအလိုက် ဖွဲ့စည်းထားပြီး WUA အဆင့် ရောက်ရှိရန် ဖွဲ့စည်းဆောင်ရွက်လျက်ရှိ"**

# ပွင့်ဖြူမြို့နယ်ရှိ နွေသီးနှံစိုက်တောင်သူများ သီးနှံအချိန်မီစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေ စတင်ဖြန့်ဝေ

**ပွင့်ဖြူ မတ် ၂**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ နွေသီးနှံအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် မတ် ၁ ရက် နံနက်ပိုင်းကစတင်ပြီး ပွင့်ဖြူမြို့နယ် မဲဇလီရေလွှဲဆည်မှ ဆည်ရေများကို တောင်မုန်းမြောင်းမကြီးနှင့် မြောက်မုန်းမြောင်းမကြီးတို့မှတစ်ဆင့် စိုက်ပျိုးရေများ ဖြန့်ဝေဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ ရာသီအလိုက် သီးနှံများအချိန်မီ စိုက်ပျိုးနိုင်ရန် နှစ်စဉ် မဲဇလီရေလွှဲဆည်မှ ဆည်ရေများကို ဖြန့်ဝေပေးလျက်ရှိရာ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင်လည်း မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ သီးနှံ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် ဖေဖော်ဝါရီလနောက်ဆုံးပတ်က စတင်၍ စိုက်ပျိုးရေဖြန့်ဝေဆောင်ရွက်ပေးနေပြီ ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးရဲထွဋ်အောင်ထံမှ သိရသည်။

"ကျွန်တော်တို့ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တောင်သူများ ရာသီအလိုက် သီးနှံအချိန်မီ စိုက်ပျိုးနိုင်ဖို့အတွက် နှစ်စဉ် မဲဇလီရေလွှဲဆည်မှ ဆည်ရေများကို ဖြန့်ဝေပေးလျက်ရှိပါတယ်။ ဒီနှစ်မှာတော့ ဆည်ရေနည်းတဲ့အတွက် နွေနှမ်းနဲ့ အခြားနွေသီးနှံအတွက်ကိုပဲ စိုက်ပျိုးရေဖြန့်ဝေပေးတာဖြစ်ပါတယ်။ ဒီနေ့ မနက်ပိုင်းကစပြီးတော့ ဒေသတွင်းရှိ တောင်သူတွေ နွေနှမ်းနဲ့ အခြားနွေသီးနှံ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် ဆည်ရေစတင်ဖြန့်ဝေပေးနေပြီ ဖြစ်ပါတယ်။ ဆည်ရေနည်းတဲ့အတွက် စိုက်ပျိုးရေဖြန့်ဝေမှုကို မတ် ၁ ရက်ကစပြီး ၃၁ ရက်အထိ တစ်လကြာ ဖြန့်ဝေပေးသွားမှာဖြစ်ပြီး ဒေသခံတောင်သူတွေကိုလည်း ဆည်ရေလေလွင့်ဆုံးရှုံးမှု မရှိအောင် စနစ်တကျ အကျိုးရှိရှိ ရယူသုံးစွဲကြဖို့ အသိပေးနှိုးဆော်ထားပါတယ်" ဟု အဆိုပါ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခု ၂၀၂၂-၂၀၂၃ ခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် မဲဇလီရေလွှဲဆည်ရေဖြင့် နွေနှမ်း ၆၀၄၂၈ ဧက၊ မင်းဘူး(စကု)မြို့နယ်အတွင်းရှိ အိုင်းမရေလွှဲဆည်ရေဖြင့် ဧက ၅၀၀ စုစုပေါင်း နွေနှမ်းစိုက်ပျိုးဧက ၆၀၉၂၈ ဧက လျာထားစိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ နွေသီးနှံစိုက်ပျိုးမှုစာရင်းများအရ သိရသည်။



ဒေသခံတောင်သူများ နွေသီးနှံအချိန်မီစိုက်ပျိုးနိုင်ရန်အတွက် မဲဇလီရေလွှဲဆည်မှ ဆည်ရေများ စတင်ဖြန့်ဝေပေးနေမှုကို တွေ့ရစဉ်။

**ရဲဝင်းနိုင်**
**(ညောင်ဦး)**

## မြောင်မြို့နယ်ရှိ ကျေးရွာအုပ်စု ခြောက်အုပ်စု၌ ဆောင်းမြေပဲစိုက်ဧက ခြောက်ထောင်ကျော် ရိတ်သိမ်းပြီးစီး



**မြောင် မတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းမြေပဲ ၁၈၅၉၁ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါကျေးရွာများမှာ ကူးတို့ကုန်း၊ ညောင်ကြီး၊ ရွှေဘုံသာ၊ ဘူးကိုင်း၊ ပေါက်တော၊ ကျောင်ဖူးကုန်း စသည့် ကျေးရွာအုပ်စု ခြောက်အုပ်စုရှိ စိုက်ဧက ခြောက်ထောင်ကျော်ကို ရိတ်သိမ်း ပြီးစီးနေပြီဖြစ်ကြောင်း မြောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

မြောင်မြို့နယ်တွင် မြေပဲစိုက်ပျိုးရာ၌ မကွေး ၁၁ မျိုးကိုသာ တန်းကြား ကိုးလက်မ၊ ပင်ကြား လေးလက်မ စိုက်ပျိုးနည်းစနစ်ဖြင့် အများဆုံးစိုက်ပျိုးကြပြီး ယခုနှစ်ဆောင်းမြေပဲစိုက်ပျိုး ရာသီ၌ ၁၈၅၉၁ ဧက စိုက်ပျိုးနိုင်ခဲ့သဖြင့် ယခင်နှစ် စိုက်ဧကထက် ၁၁၃၉ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"မြောင်မြို့နယ်မှာ ဆောင်း မြေပဲရိတ်သိမ်းခြင်းကို ဖေဖော်ဝါရီလ ဒုတိယအပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယခု ကျေးရွာအုပ်စု ခြောက်အုပ်စုမှ ဧကခြောက်ထောင်ကျော် ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ မြေပဲရိတ်သိမ်းတဲ့အခါမှာ တစ်ဧကကို မြေပဲပင် တစ်သိန်းဝန်းကျင်ရှိပြီး မြေပဲတစ်ပင်ကို မြေပဲတောင့် ၁၅ တောင့်ကနေ ၂၂ တောင့်အထိ ရရှိပါတယ်။ အထွက်နှုန်းအနေနဲ့ တစ်ဧကကို မြေပဲ အနည်းဆုံး ၇၅ တင်း၊ အများဆုံးတင်း ၁၀၀ အထိ ထွက်ရှိပါတယ်"ဟု မြောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူးက ပြောသည်။

**ယွန်း**
**(မုံရွာ၊ ကိုယ်ပွား)**

*စာမျက်နှာ ၁၆ မှ*

နောက်တစ်ခုက ကျွန်တော်တို့ လယ်ကွက်ထဲမှာ ရေတို့၊ မြေတို့ နမူနာယူပြီး ဓာတ်ခွဲခန်းပို့ကာ စမ်းသပ်မှုတွေ လုပ်ပေးတော့ တောင်သူတွေအနေနဲ့ ကိုယ့်လယ်မြေအမျိုးအစား၊ ရေလိုအပ်မှု၊ ဘာသီးနှံစိုက်ပျိုးသင့်လဲ ဆိုတာ သိနိုင်တော့မယ်"ဟု ပေါင်းလောင်းဆည်ရေသောက်စနစ်တွင် ပါဝင်သည့် ပိတောက်ချောင်ကျေးရွာမှ တောင်သူဦးကျော်စွာက ပြောကြားသည်။

### စနစ်ကျလယ်ယာမြေ စုစုပေါင်း ၂၈၄၂ ဧက ဖော်ဆောင်နိုင်ခဲ့

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနသည် ပေါင်းလောင်းဆည်ရေသောက်ဧရိယာအတွင်း၂၀၁၅-၂၀၁၆ ခုနှစ်တွင် ၃၀၃ ဧက၊ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ၅၄ ဧက၊ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ၉၅၂ ဧက၊ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ဧက ၁၀၃၀ နှင့် ၂၀၁၉-၂၀၂၀ ခုနှစ်တွင် ၅၀၃ ဧကတို့ကို စနစ်ကျ လယ်ယာမြေများအဖြစ် ဖော်ဆောင်ပေးနိုင်ခဲ့ပြီး ယနေ့ထိ စနစ်ကျလယ်ယာမြေ စုစုပေါင်း ၂၈၄၂ ဧက ဖော်ဆောင်နိုင်ခဲ့ကြောင်း သိရသည်။



တောင်သူများ ရာသီပတ်လုံး စိုက်ပျိုးရေးဆောင်ရွက်နိုင်စေရန်အတွက် ရေလှောင်တမံကြံ့ခိုင်ရေးစစ်ဆေးမှုလုပ်ငန်းများကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အနေဖြင့် ပုံမှန်ဆောင်ရွက်လျက်ရှိသည်။

"ဆည်တာတမံကြံ့ခိုင်ရေးကို ကျွန်တော်တို့ ဌာနအနေနဲ့ အလေးထား ဆောင်ရွက်နေပါတယ်။ ဆည်ရွှေ့လျားမှု နိမ့်ကျမှု ရှိ/မရှိ၊ သိုလှောင်ရေရဲ့ မြေအောက်ရေ ဆက်စပ်မှု၊ ရေစိမ့်နှုန်း တိုင်းတာမှုဒါတွေကို ပုံမှန်ဆောင်ရွက်နေပါတယ်။ ပြီးတော့ ပေါင်းလောင်းရေကို အရည်အသွေးစမ်းသပ်မှုတွေအရ PH 6.7 ရှိတယ်။ ရေရဲ့အရည်အသွေးကောင်းမွန်တဲ့အတွက် စိုက်ပျိုးရေအပြင် သောက်သုံးရေပါ အသုံးပြုနိုင်သော ရေအမျိုးအစားဖြစ်ပါတယ် " ဟု ညွှန်ကြားရေးမှူးက ပြောသည်။

### အမြင့်ဆုံးရေလှောင်တမံတစ်ခုဖြစ်

ပေါင်းလောင်းရေလှောင်တမံသည် တမံအမြင့်ပေ ၄၃၀ ရှိသော တမံတစ်ခုဖြစ်၍ နိုင်ငံအတွင်း ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ပြီး ရေလှောင်တမံများအနက် အမြင့်ဆုံးရေလှောင်တမံ တစ်ခုဖြစ်သည်။ တမံအလျားမှာ ပေ ၃၁၀၀ ဖြစ်သည်။ ရေဆင်းဧရိယာ ၁၇၁၀ စတုရန်းမိုင်ဖြစ်သည်။ ပေါင်းလောင်းတမံဘက်စုံစီမံကိန်း၏ ရေပိုလွှဲမှာ သံကူကွန်ကရစ် (Ogee Crested Stepped Type) ပုံစံဖြစ်ပြီး အကျယ် ၄၆၁ ပေနှင့် အလျား ၁၆၀၈ ပေ ရှည်လျားကာ ရေပိုလွှဲ၏ ဒီဇိုင်းရေထုစီးနှုန်းမှာ ၁၇၆၅၅၀ ကုဗပေစက္ကန့်ရှိသည်။ ရေပိုလွှဲတွင် Ogee Step လေးခုဖြင့် အဆင့်ဆင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တောင်သူများ စိုက်ပျိုးရေရရှိစေရန် ရည်ရွယ်တည်ဆောက်ပေးခဲ့သော ပေါင်းလောင်းရေလှောင်တမံသည် သိုလှောင်ရေဧကပေ ၅၄၉၄၂၀ သိုလှောင်နိုင်သဖြင့် စိုက်ပျိုးရေသာမက နှစ်စဉ် ရေအားလျှပ်စစ်ဓာတ်အား ပျမ်းမျှ ၉၁၁ ကီလိုဝပ်နာရီသန်းပေါင်း ထုတ်လုပ်နိုင်သည့် ရေလှောင်တမံဖြစ်သည်။

### အကျိုးစီးပွားကြိုးစားဖော်ဆောင်

ထိုကဲ့သို့ ပေါင်းလောင်းရေလှောင်တမံ ကြံ့ခိုင်ကောင်းမွန်အောင် ပြုပြင်ထိန်းသိမ်းခြင်း၊ ရေသောက်စနစ်များ အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းနှင့် ရေစီမံခန့်ခွဲမှုစနစ် ပိုမိုတိုးတက်ကောင်းမွန်စေရန် ဆောင်ရွက်ခြင်း၊ တောင်သူများအတွက် မရှိမဖြစ် လိုအပ်သည့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများကို ဦးစားပေး အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသည် ပြည်သူတို့၏ အကျိုးစီးပွား၊ ဒေသခံတောင်သူများ၏ အကျိုးစီးပွားကို ကြိုးစားဖော်ဆောင်လျက်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။ ။

# ကြို့ပင်ကောက်မြို့နယ် စိမ်းလန်းစိုပြည်ရေးအတွက် မြို့နယ်သစ်တောဦးစီးဌာနက ပျိုးပင်ပေါင်း ငါးသောင်း ပျိုးထောင်ထား

**ကြို့ပင်ကောက် မတ် ၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် သစ်တောဦးစီးဌာနတွင် ဒေသတွင်း စိမ်းလန်းစိုပြည်ရေးအတွက် ပျိုးပင်ပေါင်း ငါးသောင်း ဖြန့်ဝေစိုက်ပျိုးရန် ပျိုးထောင်ထားရှိကြောင်းနှင့် လာမည့် မေလနောက်ဆုံးပတ်တွင် မြို့နယ်အတွင်း စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ထားကြောင်း သိရသည်။

ရာသီဥတု မျှတကောင်းမွန်စေရေး၊ ဒေသတွင်း စိမ်းလန်းစိုပြည်ရေးအတွက် လာမည့် မိုးဦးရာသီတွင် သစ်ပင်များ စိုက်ပျိုးရန် ရန်ကုန်-ပြည်ကားလမ်း မကျီးကုန်းပျိုးဥယျာဉ်တွင် ကျွန်းပင် ၁၄၀၀၀၊ မန်ကျည်းရှား ၁၀၀၀၀၊ ပျဉ်းကတိုး ၅၀၀ နှင့် စိန်ပန်း ၅၀၀ ကိုလည်းကောင်း၊ မြို့ကိုင်းကျေးရွာ ပျိုးဥယျာဉ်တွင် ကျွန်းပင် ၁၁၅၀၀၊ မန်ကျည်းရှား ၁၂၀၀၀၊ စိန်ပန်းပင် ၁၅၀၀ ကိုလည်းကောင်းပျိုးထောင်ထားရှိကြောင်း၊ ဗာဒံပင်နှင့် မဲဇလီပင်မျိုးစေ့များ ရရှိပါက ဆက်လက်ပျိုးထောင်မည်ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးကျော်မိုးက ပြောသည်။



အဆိုပါ ပျိုးထောင်ထားရှိသော ပျိုးပင်များကို မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ၏ မြေများ၊ ဌာနဆိုင်ရာရုံးများတွင် စိုက်ပျိုးနိုင်ရေး အခမဲ့ဖြန့်ဝေပေးမည်ဖြစ်ပြီး မေလနောက်ဆုံးပတ်တွင် ဘော်ဘင်ကျိုးဝိုင်း အကွက်အမှတ် (၂၂)တွင် ကျင်းပပြုလုပ်မည့် သစ်ပင်စိုက်ပျိုးပွဲတော်တွင်လည်း ကျွန်းပင်များ စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

ဇေယျာထွန်း
(ကြို့ပင်ကောက်)



ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်းရှိ ရှေးဟောင်းသမိုင်းဝင် အပရာဇိတ ကျိုက်ဝိုင်းဆံတော်ရှင်စေတီတော်မြတ်ကြီး၏ (၁၅၉ )ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်အောင်ပွဲကို မတ် ၁ ရက်က ကျင်းပရာ သံဃာတော်အပါး ၂၀၀ ကျော်တို့အား ပြည်သူများက စာရေးတံမဲနှင့် ဆွမ်းဆန်စိမ်းများ လောင်းလှူကြစဉ်။ အာကာစိုး

# သံဖြူဇရပ်မြို့နယ်၌ မွေးကင်းစ စွန့်ပစ်ကလေးငယ်တစ်ဦးအား ကျန်းမာရေးစောင့်ရှောက်မှုပေးထား

**သံဖြူဇရပ် မတ် ၂**

သံဖြူဇရပ်မြို့နယ် စခန်းကြီးကျေးရွာ မရှိခဏဆေးတောင်ဘုန်းတော်ကြီးကျောင်း အဝင်မုခ်ဝတွင် ယမန်နေ့က မွေးကင်းစကလေးတစ်ဦးကို စွန့်ပစ်ထားသည်ကို တွေ့ရှိကြောင်း မရှိခဏဆရာတော်က မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးစိုးမင်းထံ ဖုန်းဖြင့် အကြောင်းကြားသဖြင့် ဦးစိုးမင်းက မြို့နယ်ပြည်သူ့ဆေးရုံမှ ဆရာဝန်ကြီး ဒေါက်တာ မင်းသန့်ဇင်၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းမာတို့အား အသိပေးအကြံဉာဏ်တောင်းခံပြီး ည ၈ နာရီတွင် ကြက်ခြေနီတပ်ဖွဲ့ဝင်များက သွားရောက်၍ ဆရာတော်ထံမှ ကလေးငယ်ကို လွှဲပြောင်းယူခဲ့ကြောင်း သိရသည်။

အဆိုပါကလေးငယ်မှာ မိန်းကလေးဖြစ်ကာ မွေးကင်းစ သုံးရက်သားခန့်သာ ရှိသေးကြောင်းနှင့် ပုဆိုးဖြင့် အနီးပတ်၍ ဘုန်းကြီးကျောင်းမုခ်ဝတွင် စွန့်ပစ်ထားသည်ကို တွေ့ရှိခြင်းဖြစ်ကာ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရန် မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်အပ်နှံခဲ့ကြောင်း သိရသည်။

အဆိုပါ ရင်ခွင်မဲ့ကလေးအား တရားဝင်ပြုစုစောင့်ရှောက်လိုသူများကို လွှဲပြောင်းပေးနိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် လူမှုရေးအသင်းတို့က စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသီ (ပြန်/ဆက်)**




# ချောင်းဦးမြို့၌ တောင်သူလယ်သမားနေ့ အထိမ်းအမှတ် စိုက်ပျိုးနည်းပညာပေးသင်တန်းနှင့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပြပွဲ ပြုလုပ်

**ချောင်းဦး မတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့၌ တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် စိုက်ပျိုးနည်းပညာပေးသင်တန်းနှင့်(GAP)သီးနှံ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပြပွဲကို အနော်ရထာခန်းမ၌ ယနေ့ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထူးကျော်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှူး ဒေါ်ခင်မြတ်မြတ်ဦးက မိမိတို့ဒေသအတွင်း စိုက်ပျိုးနိုင်သည့် သီးနှံစိုက်ခင်းများ၊ အောင်မြင်နေသည့် သီးနှံစိုက်ခင်းများအကြောင်းကို သိစေလိုကြောင်းနှင့် ကျန်းမာရေးအတွက် စားသုံးကြသည့် သီးနှံများ၏ အာဟာရဓာတ်ကို သိစေလို၍ သင်တန်းနှင့် ပြပွဲ ပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြပွဲတွင်ပြသထားသော (GAP) သီးနှံ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို တက်ရောက်လာသည့် ဧည့်သည်များ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများက လေ့လာခဲ့ကြပြီး စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ဒေသတွင်း စိုက်ပျိုးထားသည့် သီးနှံများ၏ စိုက်ပျိုးနည်းစနစ်နှင့် အာဟာရတန်ဖိုးများကို ရှင်းပြကာ စိုက်ပျိုးရေးနည်းပညာပေး စာအုပ်များကို အခမဲ့ဝေငှပေးခဲ့သည်။

ဝင်းမြင့်အောင်(ပြန်ဆက်)

# အုတ်တွင်းမြို့နယ်၌ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ရုံးဖွင့်လှစ်

**အုတ်တွင်း မတ် ၂**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးရေးအတွက်ရည်ရွယ်၍ ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံးခွဲကို ယနေ့နံနက်ပိုင်း က ဦးဝင်းဖေလမ်း သမဝါယမဦးစီးဌာနရုံး၌ စတင်ဖွင့်လှစ်သည်။

အဆိုပါ ခရိုင်ရုံးခွဲအသစ်ဖွင့်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီ၊ အဖွဲ့ဝင်(၁)ဗိုလ်မှူးမြင့်ဇော်၊ သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နှင်းနန္ဒာလှိုင်၊ ဦးစီးအရာရှိ ဦးဝင်းနိုင်နှင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ပြီး ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံး ဖွင့်လှစ်ခြင်းဖြင့် ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေတိုးလာခြင်းစသည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ကြောင်း၊ အဆိုပါရုံးတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကာလတိုသင်တန်းများကို ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)

# ဝက်လက်မြို့၌ တောင်သူလယ်သမားနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ဝက်လက် မတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် ဈေးကွက်ဝင် သရက်သီးနှံမျိုးကွဲများ ပြသခြင်းနှင့် စိုက်ပျိုးနည်းစနစ် စာအုပ်နှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များ ပေးအပ်ပွဲကို မတ် ၂ ရက်က ကျင်းပသည်။

ဈေးကွက်ဝင် သရက်မျိုးကွဲပြသခြင်းနှင့် စိုက်ပျိုးနည်းစနစ်စာအုပ်များ ပေးအပ်သည့် ရည်ရွယ်ချက်မှာ မြန်မာ့ဈေးကွက်ဝင် သရက်ကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီး တောင်သူများ ဝင်ငွေတိုးတက်စေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်အမာကြည်က ပြောသည်။ အခမ်းအနားတွင် မြို့နယ်ဦးစီးမှူးက နိုင်ငံတကာဈေးကွက်ဝင် အလားအလာကောင်းသော စိုက်ပျိုးနည်းစနစ်များ အကြောင်းကို ဆွေးနွေးပြီး တက်ရောက်သော တောင်သူများကလည်း မိမိတို့ သိလိုသည်များကို မေးမြန်း၍ ဦးစီးမှူးက ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် အခမ်းအနား တက်ရောက်လာသော တောင်သူများက သရက်ပျိုးပင်များကို လေ့လာကြပြီး မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက တောင်သူများအား သရက်ပျိုးပင်၊ သရက် GAP စိုက်ပျိုးနည်းစနစ်စာအုပ်၊ ဟင်းသီးဟင်းရွက်မျိုးစေ့များကို ထောက်ပံ့ပေးအပ်သည်။ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညဏ်လှိုင်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် မြို့နယ်အတွင်း ရှိ ကျေးရွာ ခုနစ်ရွာမှ တောင်သူ ၅၂ ဦး တက်ရောက်ခဲ့သည်။

**စိုးစိုးလှိုင် (ဝက်လက်)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃-၃-၂၀၂၂ ကြာသပတေးနေ့

**MRTV HD**

၀၆:၀၀ မေတ္တာသုတ်၊ ရတနသုတ်၊ တေဇ္ဇဂ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၇:၃၅ NRC အစီအစဉ်(မွန်)
၀၈:၃၅ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ(၂၀၂၂ခုနှစ်၊ ဖေဖော်ဝါရီလ)(အပိုင်း-၂)
၀၉:၁၀ ဒီပိုကရေစီဟုဆိုရာဝယ်
၁၀:၀၀ သတင်းထဲကသတင်း
၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ '**အောင်ပွဲဗဟိုချိုင်ရင်ဆိုင်ချိတက်**' (အပိုင်း-၆)
၁၃:၃၀ MRTV National News
၁၄:၀၀ တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သိကောင်းစရာများ(မြန်မာစာဘာသာရပ်)
၁၅:၄၀ Soccer View
၁၆:၃၅ မျက်မှောက်ရေးရာအဖြာဖြာ
၁၇:၁၀ လူမှုစီးပွားမြင်ကွင်းများ
၁၇:၃၀ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ(၂၀၂၂ခုနှစ်၊ ဖေဖော်ဝါရီလ)(အပိုင်း-၃)
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ '**ရုပ်ကွက်ထဲမှာဒီလိုပဲ**' (အပိုင်း-၅)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ ရုပ်မြင်သံကြားဇာတ်လမ်း '**အိပ်မြင်နှင်းချင်တယ်**'
၂၁:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ '**အဝေးဆုံးသောနေရာ**' (အပိုင်း-၄၂)

**mitv**

07:02 Evergreen Classic: Myat Day Thanar (Pan Ei Phyu)
07:10 ASEAN Socio-Cultural Community #3: Coming Out of the Crisis - Stronger, Closer, and More Resilient
07:16 Gold from Garbage
07:26 Journey To The Mogok (Part-1)
07:48 Lady Pilot
08:01 Discovering Tribes: Yin Net Tribe - Their Life and Customs
08:29 Home for the Beautiful Star Tortoises
08:45 MONASTERY (Bargayar Kyaung)
09:01 News
09:27 Sagaing: Gold Leaf
09:34 Myanmar's Beauty and Nature "Beach"
10:01 Inn-Waing Waterfall
10:04 Myanmar Traditional Instruments (MYANMA DRUM)
10:30 A Day in the Life of Pa-O Family

**MRTV NRC**

**ပအိုဝ်းကရင် (၀၆:၀၀ မှ ၀၇:၀၀)**
သွားပိုးစားခြင်း
**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
စားလို့ကောင်းတဲ့ရဲယိုရွက်ငါးပေါင်း
**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၂)
**ချင်း(လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)**
နလုံးသားထဲက ထာဝရရိဒ်ရေကန်
**ချင်း(ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
ချင်း(ချိုး)ဘာသာစကားပြောကြရအောင်(အပိုင်း-၁)
**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
မွန်ရိုးရာခေါက်မုန့်ပြုလုပ်နည်း
**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
သဲပုံစေတီပွဲတော်(သျှစ်သောင်းမြောက်ပွဲ)
**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
ရှမ်းတိုင်းရင်းသားတို့ရဲ့ချစ်စရာရိုးရာအိမ်ကလေး
**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
မုန့်လုံးပြုလုပ်နည်း
**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
ဝက်မိုးလွတ်ဆီဆမ်း
**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
ပျားမွေးမြူရေး

**MRTV NEWS**

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၁၀:၀၀ နိုင်ငံတကာသတင်း (LIVE)
၁၀:၃၅ ရှုလေမြင်လေကမ္ဘာမြေ
၁၁:၃၅ လူငယ်မျိုးဆက်သစ်အစီအစဉ်
၁၃:၀၀ ပြည်တွင်းသတင်း၊နိုင်ငံတကာသတင်း (LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ နိုင်ငံတကာသတင်း (LIVE)
၂၁:၀၀ ပြည်တွင်းသတင်း၊နိုင်ငံတကာသတင်း (LIVE)

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို '**တနာတတ်သူတာဝန်ယူ**'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၄)
၁၁:၀၀ ဒီမိုကရေစီဆိုသည်မှာ ဆောင်းပါး (အပိုင်း-၂)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၄)

**MRTV FARMERS'**

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၂၅ ပဲပင်ပေါက်ထောက်ရန် ဥရောပတင်ပို့မည့် ပဲတီစိမ်း
၀၆:၅၀ စိုက်ပါပျိုးပါ ဝင်ငွေတိုးတာ စပ်မျိုးနေကြာ
၀၇:၂၀ အပင်များအတွက် '**ဇွဲစီဝ**'
၀၈:၀၀ ဖတ်စရာမှတ်စရာဆောင်းပါးကဏ္ဍ
၀၈:၁၅ သဘာဝပတ်ဝန်းကျင်အားချစ်ခင်စောင့် ရှောက်လေသူ သစ်ပင်လျှော်ဖြူ
၀၉:၂၀ စပျစ်ချိုချို ဝင်ငွေပို

**MRTV SPORTS**

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel တို့ ဝေနေ့တနင်္ဂနွေမှအပ နံနက်(၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊

SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal



အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနား ( ၂၀၂၂ ခုနှစ် )

" စဉ်ဆက်မပြတ် တိုးတက်ဖို့ ကျား၊ မတန်းတူ ညီမျှစို့ "

" Gender equality today for a sustainable tomorrow "

၈-၃-၂၀၂၂ နေပြည်တော်


## နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်

နေပြည်တော် မတ် ၂

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်သည်။

မိုး/ဇလ

ဧရာဝတီမြစ်အတွင်း ငါးမျိုးများစိုက်ထည့်ခြင်းကို ဖေဖော်ဝါရီ ၂၈ ရက်က မကွေးမြို့နယ် ဧရာဝတီမြစ်လယ်သောင်ခုံ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်မေသန္တာဝင့်နှင့် တာဝန်ရှိသူများ၊ ရေလုပ်သားများက တောင်တွင်းကြီး ငါးလုပ်ငန်းစခန်းမှထုတ်လုပ်သော နှစ်လက်မအရွယ် ရွှေဝါငါးကြင်းသားပေါက်ကောင်ရေ ငါးသောင်းနှင့် ထိုင်းငါးခုံးမကြီးသားပေါက်ကောင်ရေ ငါးသောင်းကို ဧရာဝတီမြစ်အတွင်း မျိုးစိုက်ထည့်စဉ်။ သတင်းစဉ်



## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂-၃-၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၃၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၁၉၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၃၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၁၉၃၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၆၉၀/၁၇၃၅ ကျပ် | ၁၇၄၅/၁၇၆၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၇၀၀/၁၇၅၅ ကျပ် | ၁၇၆၅/၁၇၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၆၈၀/၁၇၆၀ ကျပ် | ၁၇၉၀/၁၈၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၇၆၀/၁၈၂၅ ကျပ် | ၁၉၀၀/၁၉၂၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၉၅ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၁၃ . ၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၄. ၆၁၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၄၆ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၄ . ၀၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၈၁ . ၆၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၆၀၃ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၉၀၀ | ၈၁၀၀ | ၁၄၃၁ | ၁၁၅၈၀၇၀၀ |
| MTSH | ၃၀၀၀ | ၂၉၅၀ | ၄၇၀၆ | ၁၄၀၆၈၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၉၀၀၀ | ၁၉၀၀၀ | ၇၀ | ၁၃၃၀၀၀၀ |
| TMH | ၂၆၅၀ | ၂၆၀၀ | ၁၆၇ | ၄၃၄၂၅၀ |
| EFR | ၂၈၀၀ | ၂၈၀၀ | ၂၀ | ၅၆၀၀၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၃၅ | ၁၇၅၀၀၀ |

ညီညီ - စုစည်းသည်


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News Presented by NPE www.mdn.gov.mm

# ကျောက်ဆည်မြို့နယ် သစ်တောဦးစီးဌာနတွင် ဒေသအတွင်း စိမ်းလန်းစိုပြည်ရေးအတွက် ပျိုးပင်ပေါင်း ငါးသောင်း ပျိုးထောင်ထားရှိ



**ကျောက်ဆည် မတ် ၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ဒေသအတွင်း စိမ်းလန်းစိုပြည်ရေးအတွက် မြို့နယ်သစ်တောဦးစီးဌာနက ပျိုးပင်ပေါင်း ငါးသောင်း ပျိုးထောင်ထားရှိပြီး ရပ်ကွက်၊ ကျေးရွာများ၊ ဌာနဆိုင်ရာရုံးများနှင့် သာသနာ့နယ်မြေများအတွင်း စိုက်ပျိုးရန် အခမဲ့ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

ဒေသတွင်း စိမ်းလန်းစိုပြည်ရေးနှင့် ရာသီဥတု ကောင်းမွန်မျှတစေရန်အတွက် ပြည်သူများ၏ နေအိမ်ခြံဝင်းများ၊ ဌာနဆိုင်ရာရုံးဝင်းများ၊ သာသနာ့နယ်မြေများတွင် စိုက်ပျိုးရန် ကျွန်းပင် ၃၀၀၀၊ လျှော်ဖြူပင် ၁၀၀၀၊ တမာပင် ၁၄၀၀၀၊ မဲဇလီပင် ၃၀၀၀၊ မယ်ဇယ်ပင် ၇၅၀၀၊ ရေတမာပင် ၆၀၀၀၊ စိန်ပန်းပင် ၄၀၀၀၊ သစ်ဆိမ့်ပင် ၁၅၀၀၊ ပင်လယ်ကဗွီးပင် ၃၀၀၀၊ ခရေပင် ၁၀၀၀၊ အာသောကပင် ၃၀၀၀ နှင့် ငုရွှေဝါပင် ၃၀၀၀၊ စုစုပေါင်း ပျိုးပင်အမျိုးအစား ၁၂ မျိုး၊ ပျိုးပင်အရေအတွက် ငါးသောင်းပျိုးထောင်ထားပြီး အခမဲ့ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြို့နယ်သစ်တောဦးစီးဌာနအနေဖြင့် လူထုဖြန့်ပျိုးပင်များ ပျိုးထောင်ထားရှိပြီး အခမဲ့ဖြန့်ဝေခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည့်အပြင် မြောက်ရဒါန်းချောင်းဆုံ သစ်တောကြိုးဝိုင်းအတွင်း အကွက်အမှတ် (၂၁၊၂၁)၊ မြေဧက ၈၀ တွင် ကျေးရွာထင်းစိုက်ခင်းအဖြစ် စိုက်ပျိုးရန်အတွက် ယူကလစ်ပျိုးပင် ၉၆၁၆၀ ၊ ရှားပင် ၁၁၆၁၆၀ ပျိုးထောင်ထားရှိကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် ၄၅ ပေ x ၁၅ ပေ ကြော်ငြာဘုတ်များကို ငွေးရမ်းခန့်မှန်း လျှော့ပေးမည်

**ရန်ကုန် မတ် ၂**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက စိုက်ထူထားရှိပြီး ၄၅ ပေ x ၁၅ ပေ ကြော်ငြာဘုတ်များကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် အငှားချထားမည်ဖြစ်ရာ စီးပွားရေးကြော်ငြာများ တပ်ဆင်ရန်အတွက် ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၆ ရက်အထိ လျှောက်ထားဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

အဆိုပါ ကြော်ငြာဘုတ်များကို A အဆင့် ငွေကျပ် ၁၂၅ သိန်း၊ B အဆင့် ငွေကျပ် သိန်း ၉၀ ၊ C အဆင့် ငွေကျပ် ၆၇သိန်း ၅ သောင်း၊ D အဆင့် ငွေကျပ်သိန်း ၅၀၊ E အဆင့် ငွေကျပ် ၂၅ သိန်းသို့ လျှော့ချငှားရမ်းမည်ဖြစ်ပါသဖြင့် ကြော်ငြာလုပ်ငန်းများ ဆောင်ရွက်ရန် ငှားရမ်းလျှောက်ထားလိုပါက မတ် ၁ ရက်မှ ၇ ရက်အထိ ရုံးချိန်အတွင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ စီမံရေးရာဌာန၊ စီမံဌာနခွဲ၊ ဖုန်း ၀၁- ၂၅၁၄၃၀ သို့ ဆက်သွယ်စုံစမ်းလျှောက်ထားနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပုဏ္ဏားကျွန်းစက်မှုဇုန် တိုက်ပွဲရှောင်ကယ်ဆယ်ရေးစခန်းသို့ သောက်သုံးရေများလှူဒါန်း

**ပုဏ္ဏားကျွန်း မတ် ၂**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်ရှိ သောက်သုံးရေ အခက်အခဲကြုံတွေ့နေရသော စက်မှုဇုန်တိုက်ပွဲရှောင် ကယ်ဆယ်ရေးစခန်းသို့ ဖေဖော်ဝါရီ ၂၈ ရက်တွင် မြို့နယ်မီးသတ်ဦးစီးဌာနက သောက်သုံးရေဂါလန် ၃၂၀၀ သွားရောက်လှူဒါန်းသည်။

မြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးဇော်သန်းထွန်း ဦးဆောင်သော တပ်ဖွဲ့ဝင်များ စုပေါင်း၍ သောက်သုံးရေ အခက်အခဲကြုံတွေ့နေရသော ကျေးရွာများသို့ နေ့စဉ် ရေဂါလန် ၃၂၀၀ စီ သွားရောက်လှူဒါန်းပေးလျက်ရှိရာ ဖေဖော်ဝါရီ ၂၈ ရက်က စက်မှုဇုန်တိုက်ပွဲရှောင် ကယ်ဆယ်ရေးစခန်းသို့ သောက်သုံးရေဂါလန် ၃၂၀၀ ကို သွားရောက်လှူဒါန်းခြင်းဖြစ်သည်။

အဆိုပါ စက်မှုဇုန်တိုက်ပွဲရှောင် ကယ်ဆယ်ရေးစခန်းတွင် ပုဏ္ဏားကျွန်းမြို့နယ် ကျောက်ဆိပ်ကျေးရွာ၊ သာစည်ကျေးရွာ၊ ပိန္နဲတောကျေးရွာနှင့် ပလက်ဝမြို့နယ် နှမဒါကျေးရွာများမှ တိုက်ပွဲရှောင်အိမ်ထောင်စု ၁၈၆ စု၊ လူဦးရေ ၆၈၅ ဦး လာရောက်ခိုလှုံလျက်ရှိကြောင်း တိုက်ပွဲရှောင် ကယ်ဆယ်ရေးစခန်း တာဝန်ခံထံမှ သိရသည်။

**နီထွန်းအောင်(ပြန်/ဆက်)**



## (၄၈)နှစ်မြောက် မွန်ပြည်နယ်နေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပမည်

**မော်လမြိုင် မတ် ၂**

၂၀၂၂ ခုနှစ် (၄၈)နှစ်မြောက် မွန်ပြည်နယ်နေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်၍ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပြည်နယ်မိုးလုံလေလုံအားကစားခန်းမ၌ ယမန်နေ့က ပြုလုပ်သည်။

အစည်းအဝေးတွင် ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမြတ်သွင်က (၄၈)နှစ်မြောက် မွန်ပြည်နယ်နေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပသည့် ရည်ရွယ်ချက်များကို ပြောကြားပြီး တက်ရောက်ကြသည့် ကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြကြသည်။

အားကစားပြိုင်ပွဲများအဖြစ် ဘော်လီဘောပြိုင်ပွဲကို မော်လမြိုင်မြို့ ကမ်းနားလမ်းတွင်လည်းကောင်း၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲကို ပြည်နယ်အားကစားခန်းမတွင်လည်းကောင်း၊ ၁၅ ကီလိုမီတာ တာဝေးအပြေးပြိုင်ပွဲကို အားကစားနှင့် ကာယပညာသိပ္ပံ(မော်လမြိုင်) ၌ လည်းကောင်း မတ် ၁၇ ရက်မှ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မြတ်(ပြန်/ဆက်)**

## အရည်အသွေးကောင်းမွန်သည့် ဟက်စ်အမျိုးအစား ထောပတ်သီးကို လာမည့်ထောပတ်ရာသီတွင် အဓိကတိုးချဲ့စိုက်ပျိုးသွားမည်

**ပြင်ဦးလွင် မတ် ၂**

ပြည်တွင်းမှထွက်ရှိသည့် ထောပတ်သီးများအား နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချနိုင်စေရန် အရည်အသွေးကောင်းမွန်သည့် ဟက်စ်အမျိုးအစားထောပတ်သီးများကို အဓိကထား၍ လာမည့် ထောပတ်ရာသီချိန်တွင် တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံထောပတ်သီးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးမျိုးညွှန့်က ပြောကြားသည်။

အဆိုပါ ဟက်စ်အမျိုးအစားထောပတ်သီးသည် ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချရသည့် နိုင်ငံတကာ ဈေးကွက်ဝင်ဖြစ်ခြင်းကြောင့် ထောပတ်စိုက်ပျိုးသူများမှ အဓိကထားစိုက်ပျိုးသွားရန်အတွက် ပြင်ဦးလွင်ရှိ ထောပတ်ခြံဝန်ဆောင်မှုပေးသည့် ကုမ္ပဏီနှင့် ချိတ်ဆက်ဆောင်ရွက်ထားရှိကြောင်း၊ စိုက်ပျိုးရာတွင် ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ဒေသများ၌ လာမည့်မိုးရာသီ ဇွန်လနှင့် ဇူလိုင်လတို့တွင် ခန့်မှန်းစိုက်ဧက ၅၀၀ တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"လာမယ့်မိုးရာသီမှာတော့ ဟက်စ်ထောပတ်မျိုးတွေကို အဓိကထားစိုက်သွားမှာပါ။ ပြင်ဦးလွင်မြို့အတွင်း ဒေသများမှာပဲ စိုက်သွားမှာပါ။ ခန့်မှန်းဧက ၅၀၀ ဝန်းကျင်လောက်ရှိတယ်။ ပြင်ဦးလွင်မှာ မေမြို့ Avocado ဆိုတဲ့ ထောပတ်ခြံဝန်ဆောင်မှုပေးတဲ့ ကုမ္ပဏီရှိနေပါပြီ။ အဲဒီကုမ္ပဏီက ထောပတ်ကို စိုက်ပျိုးရေးကအစ၊ နည်းပညာကအစ



ဝန်ဆောင်မှုပေးတယ်။ အဲဒီကုမ္ပဏီနဲ့ ပူးပေါင်းပြီး စိုက်ပျိုးဖို့အတွက် ကြိုတင်လုပ်ငန်းအပ်နှံတာတွေ ကောတော်တော်များများ ရှိနေကြပါပြီ။ ခုကတည်းက ကြိုတင်ပြင်ဆင်မှ မိုးရာသီကိုမီမှာပါ။ အသင်းနဲ့လည်း ချိတ်ဆက်ဆောင်ရွက်နေတာတွေရှိတယ်။ လာမယ့် မိုးရာသီကနေစပြီး ဟက်စ်ထောပတ်မျိုးတွေကို တိုးချဲ့စိုက်ပျိုးသွားတော့မှာပါ" ဟု ၎င်းက ရှင်းပြသည်။

အဆိုပါ ဟက်စ်ထောပတ်မျိုးသည် နိုင်ငံတကာဈေးကွက်က ကြိုက်နှစ်သက်သည့်အတွက် ဈေးကွက်အနေအထားအရ တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ပြင်ဦးလွင်၌ ထောပတ်သီးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာဖြင့် စနစ်တကျစိုက်ပျိုးနိုင်ရန် ကုမ္ပဏီကဝန်ဆောင်မှုများပေးနေကြောင်း၊ မြန်မာနိုင်ငံအတွင်း ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် ထောပတ်သီးကို စိုက်ပျိုးကြပြီး ထောပတ်သီးအမျိုးအစားအနေဖြင့် ၂၃ မျိုးရှိကာ လက်ရှိထောပတ်သီးစိုက်ဧကများအနေဖြင့် ၂၀၀၀၀ ဝန်းကျင်ရှိကြောင်း၊ ထောပတ်စိုက်ပျိုးသည့် တောင်သူဦးရေ ၆၀၀၀ ခန့်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# တောင်ဒဂုံမြို့နယ် ပြည်သူ့အငှားအိမ်ရာစီမံကိန်းနှင့် လဂွန်းပြင်ရေပေးဝေရေးစီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**ရန်ကုန် မတ် ၂**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြည်သူ့အငှားအိမ်ရာစီမံကိန်းနှင့် လဂွန်းပြင်ရေပေးဝေရေးစီမံကိန်းများကို ဖေဖော်ဝါရီ ၂၈ ရက်က ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုဘဏ္ဍာငွေနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ဘဏ္ဍာငွေများဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ အမှတ် (၇) လမ်းမကြီးအနီးရှိ ပြည်သူ့အငှားအိမ်ရာစီမံကိန်းတွင် ဆောင်ရွက်လျက်ရှိသော အဆောက်အအုံနှင့်လမ်းများ ဆောက်လုပ်ပြီးစီးမှုနှင့်ဆောက်လုပ်ရန် ကျန်ရှိသော လုပ်ငန်းများကို တိုင်းဒေသကြီးဝန်ကြီးချုပ်အား တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။ (ယာပုံ)

တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆောက်လုပ်ရေးကဏ္ဍမှတစ်ဆင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်ပြီး လူဦးရေများပြားသော နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့ကြီးများတွင် အိမ်လခဈေးနှုန်းကြီးမြင့်မှု ခံစားနေရကာ အိမ်ရာဝယ်ယူနိုင်စွမ်းမရှိသော ပြည်သူများ၏ နေရေးကို ဖြေရှင်းပေးနိုင်ရန် ပြည်သူ့အငှားအိမ်ရာအိမ်ခန်းတစ်သောင်းကို ဆောက်လုပ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးတွင် လေးခန်းတွဲ ငါးထပ် အဆောက်အအုံ ၁၉၄ လုံး (အခန်းပေါင်း ၃၁၀၄ ခန်း) ဆောက်လုပ်လျက်ရှိရာ လူနေမှုအဆင့်အတန်းမြှင့်တင်ပေးနိုင်သော နေရာများဖြစ်လာစေရေး ဌာနဆိုင်ရာတာဝန်ရှိသူများက ညှိနှိုင်းလုပ်ကိုင်ကြရန် မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒဂုံမြို့သစ်တောင်ပိုင်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ လဂွန်းပြင်ရေသန့်စင်စက်ရုံ၌ ငမိုးရိပ်ရေလှောင်တမံအနီးမှ လဂွန်းပြင်ရေသန့်စင်စက်ရုံသို့ ရေပို့ပိုက်လိုင်း ဆက်သွယ်၍ ရေပေးပို့မှု၊ ရေသန့်စက်ရုံမှ ရေပေးဝေရေးဇုန်များနှင့် သီလဝါစက်မှုဇုန်သို့ ရေပေးဝေနေမှုများနှင့် ဒဂုံမြို့သစ်တောင်ပိုင်း၊ သာကေတ၊ ဒေါပုံ၊ သဃ်္ဃန်းကျွန်းမြို့နယ်များရှိ ပြည်သူများထံ သောက်သုံးရေပေးဝေနေမှု၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်များသို့ ရေပေးဝေနေမှုများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်ချက်များအတွက် သက်ဆိုင်ရာဌာနများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်ကြရန် မှာကြားသည်။



**ဆန်းကျော်ဦး (ပြန်/ဆက်)**

# မုံရွာမြို့၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**မုံရွာ မတ် ၂**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မုံရွာမြို့နယ်ဦးစီးမှူးရုံးသည် ပြည်သူများ နိုင်ငံသားစိစစ်ရေးကတ်များ ရရှိရေးအတွက် ပန်းခင်းစီမံချက်ဖြင့် မတ် ၁ ရက်က မုံရွာမြို့နယ် နန္ဒဝန်ရပ်ကွက် သန္တဝါဒီဘုန်းတော်ကြီးကျောင်း၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။




မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးဆန်းမင်းအောင်က နိုင်ငံသားစိစစ်ရေးကတ်ပြားများလာရောက်ပြုလုပ်ကြသည့် ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်သည် နိုင်ငံသားတစ်ဦးရပိုင်ခွင့်ရှိသည့် နိုင်ငံသားအခွင့်အရေးများ အပြည့်အဝရရှိနိုင်သည့် အထောက်အထားတစ်ခုဖြစ်သည်ကို ပြည်သူအားလုံးသိရှိနားလည်ကြရန် လိုအပ်ကြောင်းနှင့် ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးနေမှုအကြောင်း ရှင်းလင်းပြောကြားပြီးနောက် နန္ဒဝန်ရပ်ကွက်မှ ပြည်သူ ၁၅ ဦးအား နိုင်ငံသား စိစစ်ရေးကတ်များ နေ့ချင်းပြီး ပြုလုပ်ပေးခဲ့သည်။

ထို့အပြင် ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ရန်အတွက် မြို့နယ်ဦးစီးမှူးရုံးတွင် မုံရွာမြို့နယ်အတွင်း ကြိုးကြာကန်ကျေးရွာအုပ်စုမှ ဖိတ်ခေါ်ထားသော ပြည်သူ ၂၀ အား နေ့ချင်းပြီးဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် မုံရွာမြို့နယ်အတွင်းရှိ ပြည်သူများအနေဖြင့်လည်း ပန်းခင်းစီမံချက်ဖြင့်နိုင်ငံသား စိစစ်ရေးကတ်ပြား ပြုလုပ်ဆောင်ရွက်လိုပါက ရပ်ကွက် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးမှတစ်ဆင့် ချိတ်ဆက်ပြီး မြို့နယ်ရုံးသို့ လာရောက်ပြုလုပ်နိုင်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ဖားကန့်မြို့နယ်ရှိ သက်တမ်းကုန်လုပ်ကွက်ဟောင်း၌ မြေပြိုမှုဖြစ်ပွား

**ဖားကန့် မတ် ၂**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဖားပြင်ကျေးရွာနှင့် မနကျေးရွာကြားရှိ သက်တမ်းကုန် မက်လင်ချောင် အကျိုးတူ (၂) လုပ်ကွက်ဟောင်းတွင် အမြင့်ပေ ၃၀၀၊ အကျယ် ပေ ၁၀၀ ခန့်ရှိသည့် လုပ်ကွက်ကမ်းပါးယံ၌ မြေစာပုံပြိုကျမှု မတ် ၁ ရက် နံနက် ၁ နာရီခွဲခန့်က ဖြစ်ပွားခဲ့သည်။

အဆိုပါ လုပ်ကွက်နေရာတွင် တာဝန်ရှိသူများ စုပေါင်း၍ မတ် ၁ ရက် ညနေပိုင်းအထိ ဆက်လက်စုံစမ်းရှာဖွေခဲ့ရာ ရေမဆေးကျောက်ရှာဖွေသူများက မိမိတို့၏ အသက်အန္တရာယ်အား ဂရုမပြုဘဲ ခေါင်းစား (လှိုက်စား)တူးဖော်ခဲ့ခြင်းကြောင့် အလျား ပေ ၁၀၀၊ အနံ ပေ ၃၀ ၊ အမြင့် ပေ ၃၀၀ ခန့်ရှိ မြေစာများနိမ့်လျှောမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ မြေစာပုံပြိုကျမှုကြောင့် အနီးပတ်ဝန်းကျင်တစ်ဝိုက်တွင် လူနှင့်တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိကြောင်းနှင့် စက်ယန္တရားများ အသုံးပြု၍ ရှာဖွေတူးဖော်ဆောင်ရွက်ထားခြင်းကို မတွေ့ရှိရဘဲ ရေမဆေးကျောက်ရှာဖွေသူများက လက်ကျင်းတူးဖော်ထားရှိသည့်နေရာများသာ စိစစ်တွေ့ရှိရကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ပွင့်ဖြူမြို့နယ်၌ ကိုဗစ် - ၁၉ ရောဂါကာကွယ် ထိန်းချုပ်နိုင်ရန် ဒေသခံပြည်သူများကို RDT(Test Kits) ဖြင့် ရောဂါပိုး ရှိ မရှိ အခမဲ့ နေ့စဉ်စစ်ဆေးပေးလျက်ရှိ

**ပွင့်ဖြူ မတ် ၂**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဒေသခံပြည်သူများ ကိုဗစ် - ၁၉ ရောဂါ အန္တရာယ်ကင်းဝေးစေရန်နှင့် ကြိုတင်ကာကွယ် ထိန်းချုပ်နိုင်ရန်အတွက် ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ ပူးပေါင်းအဖွဲ့က နေ့စဉ် RDT (Test Kits )ဖြင့် ကိုဗစ် – ၁၉ ရောဂါပိုး ရှိ မရှိ အခမဲ့ ရှာဖွေစစ်ဆေးပေးလျက် ရှိကြောင်း မြို့နယ် ကိုဗစ် – ၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီထံမှ သိရသည်။



ဒေသခံပြည်သူများအား RDT (Test Kits )ဖြင့် ကိုဗစ် – ၁၉ ရောဂါပိုး ရှိ မရှိ စစ်ဆေးပေးခြင်းလုပ်ငန်းကို မြို့နယ်ပြည်သူ့ဆေးရုံ၊ ကုန်းဇောင်း တိုက်နယ်ဆေးရုံ၊ မဲဇလီတိုက်နယ်ဆေးရုံနှင့် ကျေးလက် ကျန်းမာရေးဌာနတို့တွင် အခမဲ့ စစ်ဆေးပေးလျက်ရှိကြောင်းသိရကာ ဖေဖော်ဝါရီ ၁၁ ရက်မှ ဖေဖော်ဝါရီ ၂၈ ရက်အထိ ကိုဗစ် – ၁၉ ရောဂါ ပိုးတွေ့အတည်ပြုလူနာ စုစုပေါင်း ၉၄ ဦး စစ်ဆေးတွေ့ရှိထားပြီး ကျန်းမာရေးကောင်းမွန်၍ ဆေးရုံဆင်းခွင့်ရရှိသူ ၂၇ ဦးရှိကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ကိုဗစ် – ၁၉ ဗီဇပြောင်း အိုမီခရွန်ရောဂါကူးစက်ပြန့်ပွားမှု ထိရောက်စွာကာကွယ်ထိန်းချုပ်နိုင်ရန် ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့က မြို့တွင်း လူစည်ကားသည့်နေရာများတွင် စုရပ်ပြုလုပ်ကာ လူထုအသိပညာပေးလှုပ်ရှားမှု ပြုလုပ်ခြင်း၊ ရောဂါကြိုတင်ကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်များ အသိပေးနှိုးဆော်ခြင်းနှင့် ကာကွယ်ဆေးထိုးနှံရေး လုပ်ငန်းကို တစ်မြို့နယ်လုံး ဆေးထိုးနှံမှုရာခိုင်နှုန်း အပြည့်အဝ လွှမ်းခြုံနိုင်ရေးအတွက် ဆေးထိုးစုရပ်လေးနေရာခွဲ၍ နေ့စဉ်ကာကွယ်ဆေးထိုးနှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်ကိုဗစ် – ၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်မြတ်ခိုင်ထံမှ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# ကျွဲ၊ နွား ခွာနာလျှာနာရောဂါ ကာကွယ်ဆေး ဥတ္တရသီရိမြို့နယ်၌ အခမဲ့ထိုးနှံပေး

**ဥတ္တရသီရိ မတ် ၂**

ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ ပူးပေါင်း၍ ခွာနာလျှာနာရောဂါ ကာကွယ်ထိန်းချုပ်ရေးစီမံချက်အဖြစ် ဖေဖော်ဝါရီ ၂၂ ရက်မှ စတင်၍ ကျွဲနွားခွာနာလျှာနာ ရောဂါကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက ဥတ္တရသီရိမြို့နယ် ရွှေနံ့သာရပ်ကွက်ရှိ ကျွဲ၊ နွားများကို ကာကွယ်ဆေးထိုးနှံပေးသည်။

မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာတင်ထွန်းနှင့် ဝန်ထမ်းများက ရပ်ကွက်အတွင်းရှိ ကျွဲနွားကောင်ရေ စုစုပေါင်း ၁၅၀၀ ကျော်ကို ထိုးနှံပေးခဲ့ပြီး ထိုးနှံပေးနေမှုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တိရစ္ဆာန်ဆေးဝါးထုတ်လုပ်ရေးနှင့် ရောဂါထိန်းချုပ်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာခင်ဥမ္မာလွင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စီမံကိန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာ ခင်မာလေးတို့က လာရောက်ကြည့်ရှုသည်။

"ဥတ္တရသီရိမြို့နယ်အတွင်း စီမံချက်ဝင်ရပ်ကွက် နှစ်ရပ်ကွက်နှင့် ကျေးရွာ ၅၅ ရွာမှာရှိတဲ့ ကျွဲနွားကောင်ရေ ၁၂၀၀၀ ကို ဖေဖော်ဝါရီ ၂၂ ရက်မှ မတ် ၃ ရက်အထိ ခွာနာလျှာနာရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးမှာ ဖြစ်ပါတယ်။ ယနေ့အချိန်အထိ ကျွဲ၊ နွားကောင်ရေ စုစုပေါင်း ၉၀၀၀ ကျော်ကို ထိုးနှံပေးခဲ့ပြီး ကျန်ရှိနေတဲ့ ကျွဲ၊ နွားကို ဆက်လက်ထိုးနှံပေးမှာဖြစ်ပါတယ်"ဟု မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးက ပြောသည်။

**အောင်ကို (ပြန်/ဆက်)**

## Xiaomi က ဒုတိယအသုတ် MIUI 13 အပ်ဒိတ်ရရှိမည့် ဖုန်း ၁၃ မျိုးကို ထုတ်ပြန်

**ရန်ကုန် မတ် ၂**

အန်းဒရွိုက်ဗားရှင်း ၁၂ ကို အခြေခံထားသော Xiaomi UI သစ်ဖြစ်သည့် MIUI 13 အပ်ဒိတ်ကို Xiaomi နှင့် Redmi ဖုန်း ၁၃ မျိုးအတွက် မတ်လကုန်ပိုင်းတွင် ထုတ်ပေးမည်ဖြစ်ကြောင်း Xiaomi က ဖေဖော်ဝါရီ ၂၄ ရက်က ကြေညာခဲ့ကာ အဆိုပါဖုန်းမော်ဒယ် ၁၃ မျိုးတွင် မြန်မာနိုင်ငံဈေးကွက်အတွင်း တွင်ကျယ်စွာ ရောင်းချအသုံးပြုနေသည့် ဖုန်းမော်ဒယ်များလည်း ပါဝင်နေသည်ကို တွေ့ရသည်။

MIUI 13 Stable အပ်ဒိတ်ကို ရရှိမည့် ဖုန်းမော်ဒယ်များမှာ Redmi ဖုန်းများတွင် K40, K40 Pro, K40 Game Enhanced Edition, K30 Pro, Note 10, Note10 Pro နှင့် K30S Extreme Commemorative Edition တို့ဖြစ်သည်။ အပ်ဒိတ်ရမည့် Xiaomi ဖုန်းများမှာ Mi MIX 4, Mi 11 Youth Edition, Mi 10S, Mi 10, Mi 10 Pro နှင့် Civi တို့ဖြစ်သည်။ အဆိုပါ ဖုန်း ၁၃ မျိုးအနက် Redmi K30S Extreme Commemorative Edition နှင့် Mi 11 Youth Edition တို့မှလွဲ၍ ကျန်ဖုန်းများမှာ မြန်မာနိုင်ငံဈေးကွက်အတွင်း ရောင်းချနေသောဖုန်းများဖြစ်ကြောင်း သိရသည်။

MIUI 13 အပ်ဒိတ်သည် MIUI 12.5 နှင့် နှိုင်းယှဉ်ပါက အက်ပလီကေးရှင်းများ အသုံးပြုရာတွင် ၂၀ မှ ၂၆ ရာခိုင်နှုန်းအထိ ပို၍ ပေါ့ပါးသွက်လက်စေပြီး ရုပ်ထွက်အရည်အသွေးပိုင်းတွင်လည်း Frame Rate ကို ပိုမိုကောင်းမွန်စေကြောင်း၊ ထို့အပြင် MIUI 13 တွင် အဓိက ဖြည့်စွက်ချက်တစ်ခုဖြစ်သည့် Focus Computing 2.0 စနစ်ကြောင့် အက်ပလီကေးရှင်းအများအပြားကို တပြိုင်တည်း ဖွင့်ထားချိန်တွင် ဦးစားပေးအက်ပလီကေးရှင်းကို ရွေးချယ်ပေးခြင်းဖြင့် ဖုန်းကို ပို၍ ပေါ့ပါးမြန်ဆန်စေကြောင်း၊ လုံခြုံရေးပိုင်းအနေဖြင့်လည်း ကိုယ်ရေးကိုယ်တာ ကာကွယ်ရေး လုပ်ဆောင်ချက်သုံးမျိုးကြောင့် အသုံးပြုသူအတွက် ပို၍ လုံခြုံမှုရှိစေမည်ဖြစ်ကြောင်း သိရသည်။ ဒီဇိုင်းပိုင်းတွင်မူ စစ်စတမ်ဖောင့်အသစ်ဖြစ်သော Mi Sans ကို ထည့်သွင်းထားခြင်းနှင့် ဝစ်ဂျက်ပိုင်းအချို့မှလွဲ၍ များစွာ ထူးခြားမှုမရှိကြောင်း တရုတ်နိုင်ငံတွင်း နည်းပညာဝက်ဘ်ဆိုက်ဖြစ်သော ItHome ဝက်ဘ်ဆိုက်ကို အခြေခံ၍ Mi24x7.com ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

Xiaomi သည် ယခုနှစ် ဇန်နဝါရီ လကုန်ပိုင်းက Xiaomi နှင့် Redmi ဖုန်း ၃၂ မျိုးအတွက် ပထမအသုတ် MIUI 13 အပ်ဒိတ်ကို စတင်ထုတ်ပေးခဲ့ပြီး အဆိုပါပထမအသုတ် အပ်ဒိတ်ရသောဖုန်းများမှာ နောက်ဆုံးထွက် မော်ဒယ်မြင့်ဖုန်းများဖြစ်ကာ ယခု ဒုတိယအသုတ် အပ်ဒိတ်ရသည့်ဖုန်းများမှာ အနည်းငယ်မော်ဒယ်ပိုနိမ့်သောဖုန်းများဖြစ်သည်။ ဆက်လက်၍လည်း တတိယအသုတ် အပ်ဒိတ်ရမည့် ဖုန်းများကို ယခုနှစ်အတွင်း ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုစိုး**

## New Product

## ဆယ်လ်ဖီဝါသနာရှင်တွေအတွက် စွမ်းရည်မြင့် ဆယ်လ်ဖီကင်မရာနဲ့ Vivo V23 ဖုန်းများ

Vivo V23 ဖုန်းစီးရီးကို နိုင်ငံတကာဈေးကွက်မှာ ဇန်နဝါရီလကုန်ပိုင်းက စတင်ရောင်းချခဲ့ပြီး မြန်မာနိုင်ငံဈေးကွက်မှာတော့ ဖေဖော်ဝါရီ ၂၈ ရက်မှာ အွန်လိုင်းမိတ်ဆက်ပွဲကျင်းပပြီး စတင်ရောင်းချတာဖြစ်ပါတယ်။ နိုင်ငံတကာဈေးကွက်မှာ V23 5G, V23 Pro, V23e နဲ့ V 23e 5G လို့ လေးမျိုးရောင်းချပေမယ့် ပြည်တွင်းဈေးကွက်မှာတော့ V23 5G နဲ့ V23e တို့ကိုပဲ မိတ်ဆက်တာတွေ့ရပါတယ်။ ၅၀ မဂ္ဂါပစ်ဇယ် + ၈ မဂ္ဂါပစ်ဇယ် ဆယ်လ်ဖီကင်မရာ ပါဝင်တာကြောင့် ဆယ်လ်ဖီဝါသနာရှင်တွေ အကြိုက်တွေ့စေမယ့် ဒီဖုန်းရဲ့ အဓိကကျတဲ့အချက်တွေကို ဖော်ပြလိုက်ပါတယ်။

| | V23e | V23 5G |
|---|---|---|
| မျက်နှာပြင်အကျယ် | ၆ ဒသမ ၄၄ လက်မ | ၆ ဒသမ ၄၄ လက်မ |
| မျက်နှာပြင်အမျိုးအစား | AMOLED | AMOLED, 90Hz, HDR10+ |
| Resolution | 1080 x 2400 pixels | 1080 x 2400 pixels |
| အန်းဒရွိုက်ဗားရှင်းနဲ့ UI | Android 11, Funtouch 12 | Android 12, Funtouch 12 |
| Chipset | Mediatek Helio G96 | MediaTek Dimensity 920 5G |
| CPU | Octa–core (Cortex–A76 & Cortex–A55) | Octa–core (Cortex–A78 & Cortex–A55) |
| RAM နှင့် Memory | 8/128 | 8/128, 12/256 |
| ပင်မကင်မရာ | 64+8+2 MP(Triple Camera) | 64+8+2 MP(Triple Camera) |
| ဆယ်လ်ဖီကင်မရာ | 50 MP | 50+ 8 MP(Dual Camera) |
| USB | Type–C, On–The–Go | Type–C, On–The–Go |
| Sensors | Under Display Fingerprint, Optical | Under Display Fingerprint, Optical |
| ဘက်ထရီ | Li–Po 4050 mAh | Li–Po 4200 mAh |
| အားသွင်းစနစ် | 44W အမြန်အားသွင်းစနစ် | 44W အမြန်အားသွင်းစနစ် |



ဈေးနှုန်းတွေက V23e က ကျပ် ၆၂၉၈၀၀ နဲ့ V23 5G က ကျပ် ၁၀၉၉၈၀၀ ဖြစ်ပြီး အခုစတင်မိတ်ဆက်တဲ့အချိန်မှာ ပါဝါဘန့်၊ ကျောပိုးအိတ်နဲ့ ဘလူးတုသ်စပီကာစတဲ့ လက်ဆောင်တွေပေးပြီး ရောင်းချနေပါတယ်။

**ကိုစိုး**

## အွန်လိုင်းရှော့ပင်များအတွက် အသုံးဝင်မယ့် ဖောက်ချာအက်ပလီကေးရှင်း

အွန်လိုင်းကနေ ဈေးရောင်းဈေးဝယ် များလာတဲ့ ယနေ့အချိန်မှာ ဝယ်သူတွေကို ဖောက်ချာထုတ်ပေးတဲ့အခါ စာရွက်နဲ့ထုတ်ထားတဲ့ ဖောက်ချာကို ပေးဖို့လိုသလို အွန်လိုင်းပေါ်ကနေပဲ ဖောက်ချာကို ထုတ်ပေးနိုင်ဖို့လည်း လိုအပ်လာပါတယ်။ အွန်လိုင်းကနေ ဖောက်ချာပေးဖို့ရော၊ စာရွက်အနေနဲ့ ထုတ်ပေးဖို့ရော လိုအပ်ချက်နှစ်ခုစလုံးကို အလွယ်တကူ လုပ်ပေးနိုင်တဲ့ အက်ပလီကေးရှင်းက Instant Invoice အက်ပလီကေးရှင်းဖြစ်ပါတယ်။

အက်ပလီကေးရှင်းကို ဖွင့်ပြီးတာနဲ့ ဖောက်ချာကို စတင်ဖန်တီးနိုင်ပြီး အက်ပလီကေးရှင်းထဲမှာပါတဲ့ အခြေခံလိုဂို၊ အရောင်နဲ့ ဒီဇိုင်းတွေကို သုံးပြီးတော့ရော၊ ကိုယ်ပိုင်လိုဂိုနဲ့ စိတ်ကြိုက်ဒီဇိုင်းတွေ၊ အရောင်တွေကို သုံးပြီးတော့ရော ဖောက်ချာစာအုပ်ကို ဖန်တီးနိုင်ပါတယ်။




ဖောက်ချာစာအုပ်မှာ အစဉ်လိုက်ဖြစ်တဲ့ ဖောက်ချာအိုင်ဒီက အလိုလျောက် ပါဝင်မှာဖြစ်ပြီး ရက်စွဲနဲ့အတူ ရောင်းချတဲ့ကုန်ပစ္စည်းရဲ့ အချက်အလက်တွေ၊ အရေအတွက်တွေ၊ ဈေးနှုန်းတွေကိုတော့ ဖောက်ချာထုတ်ပေးတော့မယ်ဆိုမှ ဖြည့်စွက်နိုင်ပါတယ်။ ဈေးနှုန်းနဲ့ အရေအတွက်အပေါ်မူတည်ပြီး ကျသင့်ငွေကို တွက်ချက်တာ၊ ကျသင့်ငွေတွေကို ပေါင်းပေးတာနဲ့ လျှော့ဈေးပေးတဲ့ပမာဏကို နုတ်ပေးတာတွေကိုလည်း အက်ပလီကေးရှင်းထဲမှာပဲ အလွယ်တကူ လုပ်ဆောင်နိုင်ပါတယ်။ အချက်အလက်တွေ အကုန်ဖြည့်ပြီးရင်တော့ ပုံမှန်ဖောက်ချာစာရွက်တွေအတိုင်း jpeg ဖိုင်အဖြစ်ထုတ်ပြီး အွန်လိုင်းကနေတစ်ဆင့် ပေးပို့နိုင်သလို ပရင့်ထုတ်ချင်ရင်လည်း ဖုန်းကိုကြိုးနဲ့ဖြစ်စေ၊ ကြိုးမဲ့ဖြစ်စေ ပရင်တာနဲ့ချိတ်ဆက်ပြီး အလွယ် တကူ ထုတ်နိုင်ပါတယ်။

ဒီအက်ပလီကေးရှင်းကို ပလေးစတိုးမှာ Instant Invoice Epicsoft လို့ ရိုက်ရှာပြီး အခမဲ့ ဒေါင်းလုပ်ဆွဲရယူနိုင်ပါတယ်။ ဖိုင်အရွယ်အစားကလည်း 7MB ပဲရှိပြီး ဖုန်းအမျိုးအစားအနေနဲ့လည်း Android 5.0 ကနေ နောက်ပိုင်းထွက်ဖုန်းအားလုံးမှာသုံးနိုင်ပါတယ်။ **ကျော်ဇင်ဦး**

## ပြိုင်ကားဂိမ်းဝါသနာရှင်များ အွန်လိုင်းချိတ်ပြီး ယှဉ်ပြိုင်နိုင်မယ့် Gear Club ပြိုင်ကားဂိမ်း

အန်းဒရွိုက်ပေါ်မှာ အော့ဖ်လိုင်းရော အွန်လိုင်းရော ကစားနိုင်တဲ့ ပြိုင်ကားဂိမ်းတွေ အများကြီးရှိတဲ့အနက် Gear Club ဂိမ်းကတော့ ဂရပ်ဖစ်ပိုင်းကောင်းပြီး ပြိုင်လမ်းတွေ စုံလင်သလို ကားရဲ့ အင်ဂျင်နဲ့ ဒီဇိုင်းပိုင်းတွေကို အသေးစိတ် အဆင့်မြှင့်တင်နိုင်တဲ့အချက်တွေကြောင့် ၂၀၂၀ ကတည်းက ထွက်ထားပေမယ့် အခုအချိန်အထိ ပြိုင်ကားဂိမ်းတွေရဲ့ စာရင်းမှာ ထိပ်ပိုင်းမှာရှိနေတဲ့ဂိမ်း ဖြစ်ပါတယ်။

ဂိမ်းကိုကစားဖို့အတွက် account တွေဖွင့်စရာမလိုဘဲလည်း ကစားနိုင်သလို account တစ်ခုဖွင့်ပြီး ကစားရင်တော့ ကိုယ့်ရဲ့ ပြိုင်ပွဲရလဒ်၊ အဆင့်နဲ့ ရမှတ်တွေကို မှတ်သားပေးထားမှာဖြစ်ပြီး အဲဒီရမှတ်တွေအပေါ် မူတည်ပြီးတော့ ကိုယ့်ရဲ့ ကားကို အင်ဂျင်ပိုင်း၊ ဒီဇိုင်းပိုင်းတွေ ပိုကောင်းလာအောင် အဆင့်မြှင့်တင်နိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် ပြိုင်ပွဲတစ်ခုချင်းရဲ့ အဆင့်တွေအပေါ် မူတည်ပြီးတော့ ပိုခက်တဲ့ပြိုင်ဘက်တွေနဲ့လည်း ယှဉ်ပြိုင်ရမှာ ဖြစ်ပါတယ်။

ဂိမ်းထဲမှာ အခကြေးငွေပေးပြီး ဝယ်ရတဲ့ in game item တွေ ပါဝင်ပေမယ့် ဘာကိုမှမဝယ်ဘဲ လုံးဝအခမဲ့အနေနဲ့လည်း ကစားနိုင်ပါတယ်။ ဂိမ်းရဲ့ ဂရပ်ဖစ်အရည်အသွေးက အတော်ကောင်းပေမယ့် ဂိမ်းဖိုင်ဆိုက်က 60 MB ကျော်ပဲရှိသလို အန်းဒရွိုက်ဗားရှင်းအနေနဲ့လည်း 4.3 နောက်ပိုင်းဖုန်းအားလုံးမှာ ကစားနိုင်တာကြောင့် အလွယ်တကူဒေါင်းလုပ်ဆွဲပြီး ပေါ့ပေါ့ပါးပါး ကစားနိုင်ပါတယ်။ ဒီဂိမ်းကို ပလေးစတိုးမှာ Gear Club လို့ရိုက်ရှာပြီး ဒေါင်းလုပ်ရယူနိုင်ပါတယ်။

**ကျော်ဇင်ဦး**



# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ပုသိမ်မြို့ သူနာပြုသင်တန်းကျောင်း သစ်လွင်သူနာပြုများ ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားတက်ရောက်



**ပုသိမ် မတ် ၂**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပုသိမ်မြို့ သူနာပြုသင်တန်းကျောင်း သစ်လွင်သူနာပြု ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီလနောက်ဆုံးပတ်က ကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက သစ်လွင်သူနာပြုများသည် တိုင်းဒေသကြီးအတွက် အားထားရသည့် သူနာပြု ဆရာ ဆရာမများဖြစ်ပြီး နိုင်ငံအတွက် အားကိုးအားထားရသည့် ကျန်းမာရေးဝန်ထမ်းများကို မွေးထုတ်ပေးနိုင်သည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် ကျန်းမာရေးဝန်ထမ်းများအားလုံးကိုလည်း ကျေးဇူးအထူးတင်ရှိကြောင်း၊ သူနာပြု-သားဖွားများသည် ပင်ကိုသဘာဝ စိတ်ရောကိုယ်ပါ ဖြူစင်သူများ၊ နူးညံ့သိမ်မွေ့သူများ၊ ယဉ်ကျေးပျူငှာသူများဖြစ်ကြသည့်အတွက် မလိုလားအပ်သူတို့၏ အရောင်ဆိုးမှုကိုခံရတတ်၍ ဂါရဝတရား၊ နိဝါတတရားများ မပျက်ပြားလေအောင် ဆရာသမားများ၊ အကြီးအကဲများ၊ သူနာပြုနှင့် သားဖွားတာဝန်ရှိသူများက သတိရှိရှိဖြင့် ထိန်းသိမ်းကြပ်မတ်ပေးခြင်းကို နာခံရန်လိုအပ်ပါကြောင်း၊ သူနာပြု - သားဖွားများကလည်း ပြည်သူ့နီတိကျင့်စဉ်များကို မမေ့မလျော့ အသိရှိရှိဖြင့် ကျင့်သုံးလိုက်နာစေထိုင်ကြပြီး တာဝန်ကျရာဒေသများတွင်လည်း မိမိတို့၏တာဝန်ဝတ္တရားများကို ကျေပွန်အောင် ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သစ်လွင် သူနာပြု ၃၇ ဦးအား ခန့်အပ်လွှာများနှင့် ချီးမြှင့်ထောက်ပံ့ငွေများပေးအပ်ခဲ့ပြီးနောက် သစ်လွင်သူနာပြုများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ **တိုင်းဒေသကြီး (ပြန်/ဆက်)**

# ပန်လုံ-လွယ်ကုန်-နောင်စေကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်မှု ရာနှုန်းပြည့်ပြီးစီး

**တန့်ယန်း မတ် ၂**
ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လတာကာလတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် စိုက်ပျိုးမြေဧက ၂၀၀ ကျော် အကျိုးပြုမည့် ပန်လုံ-လွယ်ကုန်-နောင်စေကျေးရွာ ကုန်ထုတ်လမ်း၊ တံတားဖောက်လုပ်ခြင်းလုပ်ငန်းများကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ တတိယအပတ်မှ စတင်ဖောက်လုပ်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လတာကာလတွင် ပန်လုံ- လွယ်ကုန်-နောင်စေကျေးရွာ ကုန်ထုတ်လမ်း အရှည် တစ်မိုင် အကျယ် ၁၂ ပေ အမြင့် ကိုးလက်မထု မြန်းကျောက်ခင်းခြင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေ ကျပ် ၃၄ ဒသမ ၃၀၇ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီက ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ တတိယပတ်မှ စတင်ကာ တာဝန်ယူဖောက်လုပ် ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း တန့်ယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခိုင်မင်းထွန်းက ပြောသည်။

အဆိုပါ ကုန်ထုတ်လမ်းဖောက်လုပ်နိုင်မှုကြောင့် ပန်လုံ၊ လွယ်ကုန်၊ နောင်စေ စသည့် ကျေးရွာသုံးရွာရှိ လူဦးရေ ၄၆၀ တို့၏ စိုက်ပျိုးမြေဧက ၂၀၀ ကျော် အကျိုးပြုနိုင်မည်ဖြစ်ပြီး အဆိုပါ စိုက်ပျိုးမြေများမှ ထွက်ရှိသော လယ်ယာထွက်ကုန်များ ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ သယ်ယူ ပို့ဆောင်နိုင်မည်ဖြစ်သည်။ **သန်းလွင်(မကွေး)**

# ဆီဆိုင်မြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းနှင့် ရေပေးရေးလုပ်ငန်းများအား ကျေးရွာများသို့ လွှဲပြောင်းပေးအပ်

**ဆီဆိုင် မတ် ၂**
ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်နှင့် ၂၀၂၁-၂၀၂၂ ခြောက်လ ဘဏ္ဍာနှစ်တို့တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)နှင့် ရေပေးရေးလုပ်ငန်းများကို ကျေးရွာများသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလနောက်ဆုံးပတ်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ဆက်လက်၍ တာဝန်ရှိသူများက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်နှင့် ၂၀၂၁-၂၀၂၂ ခြောက်လ ဘဏ္ဍာနှစ်တို့တွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) နှင့် ရေပေးရေးလုပ်ငန်းများကို ကျေးရွာ၂၇ ရွာသို့ လွှဲပြောင်းပေးအပ်ရာ ကျေးရွာတာဝန်ရှိသူများက လက်ခံယူသည်။ အဆိုပါလုပ်ငန်းများကို ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၁၀၀ ၊ ပြည်သူ့ထည့်ဝင်ငွေ ၅၁ ဒသမ ၁၈၄ သန်းဖြင့် လုပ်ငန်း ၂၈ ခုကို ဆောင်ရွက်ပြီးစီး၍ ကျေးရွာများသို့ လွှဲပြောင်းပေးအပ်ခြင်းဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **မျိုးမြတ်(ဆီဆိုင်)**

# မိတ္ထီလာမြို့နယ် ငွေ့အိုင်ကျေးရွာတွင် မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်

**မိတ္ထီလာ မတ် ၂**
မိတ္ထီလာမြို့နယ် ငွေ့အိုင်ကျေးရွာတွင် ၂၀၂၁-၂၀၂၂ ခြောက်လ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် မြေသားရေကန် တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၁-၂၀၂၂ ခု ခြောက်လ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ် ၆ ဒသမ ၁၄၃၇၅ သန်းဖြင့် အလျား ပေ ၂၅၀ ၊ အနံ ၅၅ ပေ ၊ အနက် ငါးပေရှိ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းနှင့် လက်နှိပ်တုံကင်နှစ်စုံ တပ်ဆင်ခြင်းလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဖေဖော်ဝါရီ ၁၇ ရက်မှ စတင်၍ ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းကို ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြင့်ဝင်းနှင့် တာဝန်ရှိသူများက သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာဖြင့် ပြီးစီးနိုင်ရေး စစ်ဆေးကြကြောင်း သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

လမ်းမီးများကို
အလင်းရောင်ရှိသောအချိန်များ၌
ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# မိုးယွန်းကြီးကန်အတွင်းသို့ သတ်မှတ်ရေသွင်းပြီး ရေပိုလွှဲမှ ရေလွှတ်နိုင်ပါက ဧက ၅၀၀၀ နွေစပါး တိုးချဲ့စိုက်ပျိုးနိုင်မည်



**ပဲခူး မတ် ၂**
နိုင်ငံတော်က စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး တောင်သူတို့၏ နွေစပါးစိုက်ပျိုးရေးကဏ္ဍတွင် အခက်အခဲ မရှိစေရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချရေးဦးစီးဌာနမှ ဆည်ရေများကို သက်ဆိုင်ရာ တိုင်းဒေသကြီးများနှင့် ပြည်နယ်အသီးသီးတို့ရှိ နွေစပါးစိုက်ခင်းများသို့ ပို့လွှတ်လျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မိုးယွန်းကြီးကန်အတွင်းသို့ ရေပို့မြောင်းများဖြင့် ရေသွင်းရာ၌ ကန်၏ ရေပို လွှဲပေါက် ၁၁ ပေါက်မှ ရေပို့လွှတ်ခြင်းဖြင့် စပါးစိုက်ဧက ၄၄၀၀၀ ခန့်နှင့် စိုက်ပျိုးရန် အသင့်ရှိနေသည့် နွေစပါးဧက ၅၀၀၀ ကျော် တိုးချဲ့စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချရေး ဦးစီးဌာနမှ သိရသည်။

မိုးယွန်းကြီးရေကန်တွင် ရေပိုလွှဲပေါက် သုံးပေါက်ရှိ၍ ကန်ရေပြည့်ဝစွာ မသိုလှောင်နိုင်သောကြောင့် နွေစပါးအတွက် ရေပို့လွှတ်ရန် နှစ်စဉ်အခက်အခဲကြုံတွေ့ရလျက်ရှိရာ ရေအပြည့်အဝ သိုလှောင်နိုင်ရန် ကန်အထက်ဘက်ရှိ ဆည် ၃၀ မှ ရေပို့လက်တက်များ ချဲ့ထွင်ဆောင်ရွက်ခြင်းနှင့် ကန်မှ ရေပြည့်ဝစွာ ပို့လွှတ်နိုင်ရန် ရေပိုလွှဲပေါက် ၁၁ ပေါက်ကို တည်ဆောက်မှုပြီးစီးပါက ပဲခူးတိုင်းဒေသကြီး၏ နွေစပါးတောင်သူတို့အတွက် လယ်ယာစီးပွားကဏ္ဍတွင် အကျိုးကျေးဇူးများစွာ ရရှိမည်ဖြစ်သည်။

"မိုးယွန်းကြီးကန်ဟာ မိုးနှောင်းကာလမှ မိုးရေအပြည့်အဝမသိုလှောင်နိုင်ဘူး ဖြစ်နေတယ်။ လက်ရှိ ရေထုတ်ပေါက် သုံးပေါက်နဲ့ မလုံလောက်တာကြောင့် ရေထွက်ပေါက် ၁၁ ပေါက်ကို နှစ်ဆန်းပိုင်းမှာ တည်ဆောက်နေတာပါ။ သတ်မှတ်ရေအမြင့်ကို သွင်းပြီး ရေထုတ်နိုင်ပြီဆိုရင် နွေစပါးစိုက်တောင်သူတွေအတွက် များစွာအကျိုးရှိမှာပါ။ စိုက်ပျိုးဧက ၄၄၀၀၀ မှာ စိုက်ပျိုးရေ အပြည့်အဝရရှိစေမယ့်အပြင် နွေစပါးစိုက် တိုးချဲ့စိုက် ဧက ၅၀၀၀ အတွက်လည်း ဖူလုံစေမှာပါ။ ရေပိုလွှဲပေါက် ၁၁ ပေါက် တည်ဆောက်ပြီးသွားရင် တောင်သူတွေရဲ့ စပါးခင်းတွေ အောင်ရေ အပြည့်အဝရရှိမှာ ဖြစ်ပါတယ်" ဟု တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသီဟအောင်က ပြောသည်။ **ညီမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ - ကနူး**

# မန္တလေးတောင်တော် စိမ်းလန်းစိုပြည်ရေးနှင့် ဘက်စုံမွမ်းမံပြုပြင်ရေး အစည်းအဝေးကျင်းပ

မန္တလေး မတ် ၂

**မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုသည် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်း၊ သယံဇာတရေးရာဝန်ကြီး ဦးမျိုးအောင်တို့နှင့်အတူ မန္တလေးတောင်တော် စိမ်းလန်းစိုပြည်ရေးနှင့် ဘက်စုံမွမ်းမံပြုပြင်ရေးအတွက် ယနေ့နံနက်ပိုင်းက မဟာလောကမာရဇိန်ကုသိုလ်တော်ဂေါပက ရုံးတွင် ဂေါပကဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် ဂေါပကအဖွဲ့ဝင်များ၊ မန္တလေးတောင်တော်ဂေါပကဥက္ကဋ္ဌ ဦးသိန်းထွန်း နှင့် ဂေါပကအဖွဲ့ဝင်များအား တွေ့ဆုံသည်။ (ယာပုံ)**



ထိုသို့တွေ့ဆုံရာတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မန္တလေးတောင်တော်တွင် ရသေ့ကြီး ဦးခန္တီ တည်ထောင်ခဲ့သည့် ဦးခန္တီဧည့်ခံမဏ္ဍပ် (ဖြန့်ကြီး) အဆောက်အအုံအား ပြန်လည်မွမ်းမံပြင်ဆင်ရေး၊ တောင်ပတ်လည်ရှိ တောင်အတက်အဆင်း စောင်းတန်းများ အပိုင်းလိုက် ပြုပြင်မွမ်းမံဆောင်ရွက်ရေး၊ မန္တလေးတောင်တော်ဆုတောင်းပြည့် ဘုရားစေတီတော်အား ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရေး၊ တောင်စိမ်းလန်းစိုပြည်ရေးအတွက် နှစ်ရှည်ပင်များ စိုက်ပျိုးရေး၊ တောင်အတက်အဆင်းနှင့် မြေလွတ်နေရာများတွင် ဒေသနှင့် ကိုက်ညီမည့် နှစ်ရှည်ပင်နှင့် ရာသီပန်းအလှပင်များစိုက်ပျိုးသွားရေး၊ မီးဘေးအန္တရာယ်အထူး ဂရုစိုက်ဆောင်ရွက်ရေး၊ ဘဏ္ဍာငွေများ သုံးစွဲရာတွင် အလေအလွင့်မရှိစေရန် စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရေး၊ လျှပ်စစ်မီး အချိန်ပိုင်းအလိုက် ချွေတာသုံးစွဲရေး၊ ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်ရန် သန့်ရှင်းရေးမှအစ အလေးထား ဆောင်ရွက်ရေး တို့ကို မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တောင်တက်ကားလမ်းတစ်လျှောက် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်မည့် နေရာများ၊ စောင်းတန်းများပြုပြင်မည့်အခြေအနေ၊ ဦးခန္တီမဏ္ဍပ် (ဖြန့်ကြီး) အဆောက်အအုံအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြပြီးနောက် ဆုတောင်းပြည့်ဘုရားအား ဖူးမြော်ကြည်ညိုကာ အလှူငွေများလှူဒါန်းသည်။

မန္တလေးတောင်ပေါ်ရှိ ဦးခန္တီဧည့်ခံမဏ္ဍပ် (ဖြန့်ကြီး) အဆောက်အအုံ အကျယ်အဝန်းမှာ တောင်၊ မြောက် ၃၀၁ ပေ၊ အရှေ့အနောက် ၁၈၃ ဒသမ ၇ ပေ၊ တောင်ဘက်အမြင့် ၉၈ ဒသမ၄ ပေ၊ မြောက်ဘက်အမြင့် ၈၂ ပေရှိကြောင်း၊ အဆောက်အအုံအား ရသေ့ကြီးဦးခန္တီ ၁၂၆၉ ခုနှစ် တပို့တွဲလတွင် မန္တလေးတောင်ပေါ်သို့ ကြွရောက်တော်မူလာပြီး မီးခထားသော မန္တလေးတောင်ကို ပြုပြင်စဉ် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ အဆောက်အအုံအား ပြုပြင်ရန်အတွက် အောက်ခံအဆောက်အအုံ၏ အုတ်မြစ်ခိုင်ခံ့မှု အခြေအနေများ၊ သံတိုင်များ၏ ကြံ့ခိုင်သိပ်သည်းမှု အခြေအနေများကို မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာ အတိုင်ပင်ခံ အင်ဂျင်နီယာများအဖွဲ့၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (အထက်မြန်မာပြည်) တို့မှ ပညာရှင်များ အကူအညီဖြင့် စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ အဆောက်အအုံမှာ ကြံ့ခိုင်မှု အားနည်းလာသည့်အတွက် ပြန်လည်ပြုပြင်မွမ်းမံရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရော်ဘာပြားများ တစ်ပေါင်လျှင် ငွေကျပ် ၁၂၀၀ ရရှိသောကြောင့် ယခင်နှစ်များကထက် ဈေးနှုန်းပိုမိုရရှိ

**သုဝဏ္ဏဝတီ မတ် ၂**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့တွင် ယခုနှစ် ရော်ဘာရာသီချိန်သည် ယခင်နှစ်များကထက် ဈေးနှုန်းကောင်းမွန်စွာ ရရှိသောကြောင့် ရော်ဘာပြားများအားမှိုင်းမခံဘဲ အဝယ်ဒိုင်များဆီသို့ နေလှန်းပြားများအဖြစ်သာ ရောင်းချနေကြသည်။



"ဒီနှစ် ရော်ဘာဈေးကောင်းတယ်လို့ ဆိုရမယ်။ ရာသီစဖွင့်ကတည်းက ရော်ဘာတစ်ပေါင်ကို ငွေကျပ် ၁၁၀၀ လောက်ရရှိပြီး ငွေကျပ် ၉၅၀ ခန့်အထိ ဈေးကျသွားခဲ့သော်လည်း ဇန်နဝါရီလလောက်က စတင်ပြီး ဈေးနှုန်းပြန်လည် ကောင်းမွန်လာပါတယ်။ လွန်ခဲ့တဲ့ ဆယ်စုနှစ်အတွင်းက ဈေးနှုန်းထက်စာရင် တစ်ပေါင်ကို ငွေကျပ် ၁၂၀၀ ရတာ အများဆုံးပါ။ ဒီနှစ် ရော်ဘာလုပ်ငန်း လုပ်ကိုင်ရတာ အဆင်ပြေပါတယ်" ဟု ဝီယော်ကျေးရွာမှ တစ်နိုင်တစ်ပိုင် ရော်ဘာခြံလုပ်ငန်း လုပ်ကိုင်သူ နန်းအေးအေးခိုင်က ပြောသည်။

"ကော့သောင်းမြို့ဘက်က ကုန်သည်တွေ အော်ဒါမှာယူမှုတွေ ရှိတာကြောင့် ဈေးပေးဝယ်ယူပါတယ်။ အခုဆို မှိုင်းကျတစ်ပေါင်ကို ငွေကျပ် ၁၂၀၀ သာရှိပြီး နေလွတ်ပြားက ငွေကျပ် ၁၂၃၀ ပေါက်ဈေးရှိနေပါတယ်။ ဝယ်ယူသူရဲ့ လိုအပ်ချက်ကြောင့် ဈေးရတာလို့မြင်ပါတယ်။ ရော်ဘာအထွက်နှုန်း နည်းလာတယ်လို့ ဆိုရပေမယ့်လည်း တစ်နေ့ကို ပေါင် ခုနစ်ထောင်ကနေ ပေါင် တစ်သောင်းအထိ နေ့စဉ်ဝယ်နေရတုန်းပါ။ ဈေးနှုန်းအပြောင်းအလဲကို နေ့စဉ်ဆိုင်းဘုတ်မှာ ရေးထားပေးပါတယ်။ မှိုင်း ငွေကျပ် ၁၂၀၀၊ နေလွတ် ၁၂၃၀၊ နေလှန်း ၁၀၁၅ ကနေ ၁၁၁၅ အထိ ဝယ်နေရပါတယ် " ဟု သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ရပ်ကွက် ရွှေလက်ဆောင် ရော်ဘာ ရောင်းဝယ်ရေးဆိုင်မှ ဒေါ်ထားရွှေက ပြောသည်။

ယခုနှစ် ရော်ဘာရာသီအကုန်အထိ ရော်ဘာဈေးနှုန်း ကောင်းမွန်စွာရရှိသောကြောင့် တစ်နိုင်တစ်ပိုင် ရော်ဘာခြံလုပ်သူများ၊ ခြံသီးစား (တစ်နှစ်) ဝယ်ယူလုပ်ကိုင်သူများ၊ ထက်ဝက်စား ရော်ဘာစေး ခြစ်ယူသူများအတွက် အဆင်ပြေကြောင်း သိရသည်။

**ခွန် (ဝင်းပ)**

# အက်ဖ်အေဖလားပဉ္စမအဆင့်၌ မန်စီးတီး၊ ပဲလေ့စ်တို့ နောက်တစ်ဆင့်တက်ပြီး စပါးအသင်းပြိုင်ပွဲမှ ထွက်ခဲ့ရ

အက်ဖ်အေဖလား ပဉ္စမအဆင့်ပွဲစဉ်မှ ပွဲစဉ်သုံးပွဲကို မတ် ၂ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ပီတာဘရော့နှင့် မန်စီးတီးအသင်းတို့ ပွဲစဉ်တွင် မန်စီးတီးအသင်းက နှစ်ဂိုး-ဂိုးမရှိ၊ ပဲလေ့စ်နှင့် စတုတ်အသင်းတို့ပွဲစဉ်တွင် ပဲလေ့စ်က နှစ်ဂိုး-တစ်ဂိုး၊ မစ်ဒယ်ဘရော့နှင့် စပါးအသင်းတို့ ပွဲစဉ်တွင် မစ်ဒယ်ဘရော့အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ နောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့သည်။

ချန်ပီယံရှစ်တွင် ကစားပြီး တန်းဆင်းဇုန်အတွင်း ကျရောက်နေသည့် ပီတာဘရော့အသင်းကို ပရီမီယာလိဂ်အမှတ်ပေးဇယား ဦးဆောင်နေသည့် မန်စီးတီးအသင်းက မိနစ် ၆၀ နှင့် ၆၇ မိနစ်တို့တွင် မာရက်ဇ်နှင့် ဂရီးလစ်ချ်တို့၏ သွင်းဂိုးများဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ပဲလေ့စ်နှင့် စတုတ်အသင်းတို့ပွဲစဉ်တွင် ပဲလေ့စ်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၅၃ မိနစ်နှင့် ၈၂ မိနစ်တွင် ကူယာတေးနှင့် ရီဒီဝေးလ်တို့က သွင်းယူပေးပြီး စတုတ်အသင်းအတွက် ချေပဂိုးကို ပွဲချိန် ၅၈ မိနစ်တွင် တိုင်မွန်က သွင်းယူပေးခဲ့သည်။ ယခုပွဲစဉ်တွင် ပဲလေ့စ်အသင်းက အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မစ်ဒယ်ဘရော့နှင့် စပါးအသင်းတို့ပွဲစဉ်တွင် သာမန်ပွဲကစားချိန်အတွင်း ဂိုးမရှိသရေကျနေ၍ အချိန်ပို မိနစ် ၃၀ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရသည်။ အချိန်ပို ၁၀၇ မိနစ်တွင် မစ်ဒယ်ဘရော့အသင်းမှ လူစားဝင်ကစားသမား ကိုဘန်း၏ တစ်လုံးတည်းသောသွင်းဂိုးများဖြင့် စပါးအသင်းကို အနိုင်ရရှိကာ အက်ဖ်အေဖလား ကွာတားဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။

**အောင်ဇော်**

# မြန်မာအသင်းယှဉ်ပြိုင်မည့် အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ အုပ်စုပွဲစဉ်များ ထုတ်ပြန်

**ရန်ကုန် မတ် ၂**

အာရှ ဘောလုံးအဖွဲ့ချုပ်သည် မြန်မာအသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၂၃ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ အုပ်စုပွဲစဉ်များ ရေးဆွဲထုတ်ပြန်လိုက်ပြီဖြစ်သည်။

၂၀၂၃ အာရှဖလား တတိယအဆင့် ခြေစစ်ပွဲကို ဇွန် ၈ ရက်မှ ၁၄ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ပြီး အုပ်စုခြောက်ခုခွဲ၍ ပြုလုပ်သွားမည်ဖြစ်သည်။ မြန်မာအသင်းသည် ယင်းခြေစစ်ပွဲတွင် အုပ်စု (စ) ၌ ကာဂျစ္စတန်၊ တာဂျစ်ကစ္စတန်၊ စင်ကာပူအသင်းတို့နှင့် ကျရောက်နေသည်။ ပွဲစဉ်ရေးဆွဲထားမှုအရ မြန်မာအသင်းသည် ဇွန် ၈ ရက်တွင် တာဂျစ်ကစ္စတန်အသင်း၊ ဇွန် ၁၁ ရက်တွင် ကာဂျစ္စတန်အသင်း၊ ဇွန် ၁၄ ရက်တွင် စင်ကာပူအသင်းတို့နှင့် ကစားရမည်ဖြစ်သည်။

မြန်မာအသင်းသည် ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့် ခြေစစ်ပွဲတွင် တစ်အုပ်စုတည်း ကျရောက်ခဲ့သည့် ကာဂျစ္စတန်၊ တာဂျစ်ကစ္စတန်တို့နှင့် တတိယအဆင့် ခြေစစ်ပွဲတွင်လည်း တစ်အုပ်စုတည်း ထပ်မံကျရောက်လျက်ရှိသည်။ အာဆီယံဒေသတွင်း ပြိုင်ဘက် စင်ကာပူအသင်းနှင့်မူ ပြီးခဲ့သည့်နှစ်ကုန်ပိုင်းကကျင်းပသည့် အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲတွင် တစ်အုပ်စုတည်း ကျရောက်ခဲ့ပြီး မြန်မာအသင်း ရှုံးနိမ့်ထားသည်။

အုပ်စုခွဲဝေမှုအရ အခြားအုပ်စုများဖြစ်သည့် အုပ်စု (က) တွင် ဂျော်ဒန်၊ ကူဝိတ်၊ အင်ဒိုနီးရှား၊ နီပေါ၊ အုပ်စု (ခ) တွင် ပါလက်စတိုင်း၊ ဖိလစ်ပိုင်၊ ယီမင်၊ မွန်ဂိုလီးယား၊ အုပ်စု (ဂ) တွင် ဥဇဘက်ကစ္စတန်၊ ထိုင်း၊ မော်လ်ဒိုက်၊ သီရိလင်္ကာ၊ အုပ်စု (ဃ) တွင် အိန္ဒိယ၊ ဟောင်ကောင်၊ အာဖဂန်နစ္စတန်၊ ကမ္ဘောဒီးယား၊ အုပ်စု (င) တွင် ဘာရိန်း၊ တာ့ခ်မင်နစ္စတန်၊ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်အသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် အုပ်စုကျပ်အတွင်း ကျရောက်နေခြင်းဖြစ်ပြီး ခြေစစ်ပွဲအောင်မြင်ရန် ရုန်းကန်ရဖွယ်ရှိနေသည်။ တတိယအဆင့်ခြေစစ်ပွဲကို တစ်ကျော့တည်းသာ ပြုလုပ်မည်ဖြစ်ပြီး အုပ်စုခြောက်ခုမှ ထိပ်ဆုံးခြောက်သင်းနှင့် ဒုတိယနေရာရ အသင်းများအနက် အကောင်းဆုံးငါးသင်း စုစုပေါင်း ၁၁ သင်း ခြေစစ်ပွဲ အောင်မြင်မည်ဖြစ်သည်။

ဒုတိယအဆင့်ခြေစစ်ပွဲတွင် မြန်မာနှင့် တာဂျစ်ကစ္စတန်အသင်း တွေ့ဆုံခဲ့စဉ်။



မြန်မာအသင်းသည် ၁၉၆၈ အာရှဖလားပြိုင်ပွဲတွင် ဒုတိယဆု ရရှိပြီးနောက်ပိုင်း အာရှဖလားပြိုင်ပွဲ နောက်ဆုံးအဆင့်တွင် ယှဉ်ပြိုင်ခွင့်မရတော့သလို ခြေစစ်ပွဲအောင်မြင်ခြင်း မရှိတော့ကြောင်း သိရသည်။

**ရဲရင့်လွင်**

ဓာတ်ပုံ - AFC

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်၊ လူသုံးကုန်၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် မတ် ၂

**တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၅ ရက်၊ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ရန်ကုန်တိုင်းဒေသကြီး၊ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီးသစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေး အဖွဲ့များမှ စစ်ဆေးမှုများပြုလုပ်ခဲ့ရာ ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်း တရားမဝင် သစ်မျိုးစုံ ၁၀ ဒသမ ၂၉၈၄ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁,၁၇၉,၆၅၂) နှင့် အဆိုပါသစ်များ တင်ဆောင်လာသော မော်တော်ယာဉ် သုံးစီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀,၀၀၀,၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၁,၁၇၉,၆၅၂ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။**



အလားတူ ဖေဖော်ဝါရီ ၂၈ ရက်တွင် ရခိုင်ပြည်နယ်၊ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေး အဖွဲ့များမှ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဂွမြို့နယ်နှင့် တောင်ကုတ်မြို့နယ်များအတွင်း တရားမဝင် တောင်သရက်ခွဲသား ၈ ဒသမ ၈၃၈၆ တန် (ခန့်မှန်း တန်ဖိုးငွေကျပ် ၆၁၈,၇၀၂) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မတ် ၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေး စခန်း၌ တာဝန်ကျအကောက်ခွန်အဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားခြင်းမရှိသော တရားမဝင် အထည်အလိပ်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀,၇၉၆,၆၁၃) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူပင် မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းမှ အကောက်ခွန်ဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က သတင်းအရ ရန်ကုန်-မြဝတီလမ်းမကြီး ရှောင်ကွင်းလမ်းတစ်နေရာ၌ စောင့်ဆိုင်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လိုင်စင်မဲ့မော်တော်ယာဉ် လေးစီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၁,၅၀၀,၀၀၀) ကို လည်းကောင်း၊ စခန်း၌တာဝန်ကျ ပူးပေါင်းအဖွဲ့မှ စစ်ဆေးခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသည့် ၂၂ ဘီး ကုန်တင်ယာဉ် တစ်စီးပေါ်တွင် သွင်းကုန်ကြေညာလွှာ (ID) တွင်ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်မီးဖိုများ ခန့်မှန်းတန်ဖိုး ငွေကျပ် ၂,၁၃၃,၆၀၀ ကို လည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃,၆၃၃,၆၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူပင် ရှမ်းပြည်နယ် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျအကောက်ခွန်အဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ခရီးသည်ပစ္စည်းများနှင့်အတူ ရောနှောတင်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် တရားမဝင် စိုက်ပျိုးရေးသုံးပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁,၈၈၀,၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ချင်းရွှေဟော် ကုန်သွယ်ရေးစခန်း၌ ပူးပေါင်းစစ်ဆေးရေး အဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားမဝင် အားကစားပစ္စည်းများနှင့် လက်ကိုင်ဖုန်းအပိုပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃,၁၆၁,၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃,၀၀၀,၀၀၀၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆,၁၆၁,၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မွန်ပြည်နယ် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်း စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သံလွင်တံတားထိပ်တွင် ခရီးသည်ယာဉ် နှစ်စီး ပေါ်တွင် တင်ဆောင်လာသော တရားဝင်စာရွက် စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြ နိုင်ခြင်းမရှိသည့် တရားမဝင် စားသောက်ကုန်ပစ္စည်း များနှင့် အိမ်သုံးလျှပ်စစ်ပစ္စည်းများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃,၆၅၀,၀၀၀) ကို လည်းကောင်း၊ ကျိုက်မရောမြို့ သွေးသောက်ကျေးရွာအနီး လမ်းဘေးတွင် စုပုံထားသော ပိုင်ရှင်မဲ့တရားမဝင် စားသောက်ကုန်ပစ္စည်းများ ခန့်မှန်းတန်ဖိုးငွေကျပ် ၁,၁၇၀,၀၀၀ ကို လည်းကောင်း၊ စုစုပေါင်းခန့်မှန်း တန်ဖိုးငွေကျပ် ၄,၈၂၀,၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက် လျက်ရှိသည်။

ထို့အတူ မတ် ၁ ရက်နှင့် ၂ ရက်တို့တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သောအဖွဲ့နှင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့ များမှ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မုံရွာမြို့နယ် အတွင်း လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီး ခန့်မှန်း တန်ဖိုးငွေကျပ် ၃,၀၀၀,၀၀၀ နှင့် လိုင်စင်မဲ့မော်တော် ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀,၀၀၀) ကို လည်းကောင်း၊ ခန္တီးမြို့နယ်အတွင်း တရားမဝင် ကိုဗစ်-၁၉ ရောဂါပိုး စစ်ဆေးသည့် ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃,၀၇၀,၀၀၀)၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆,၄၂၀,၀၀၀ ကို ဖမ်းဆီးရမိ ခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇန်နဝါရီ ၂၅ ရက်၊ ၂၆ ရက်၊ ၂၇ ရက်၊ ၂၈ ရက်နှင့် မတ် ၁ ရက်၊ ၂ ရက် တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၂ မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၅,၅၀၉,၅၆၇) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ဘားအံ၊ သာစည်နှင့် မောင်တောမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂**

ကရင်ပြည်နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁ ရက် နံနက် ၁၀ နာရီခွဲတွင် ဘားအံမြို့ အမှတ် (၆) ရပ်ကွက်၊ စိန်စီမြလမ်းတွင် ဝင်းနိုင်ဦး (ခ) အရှည်ကြီး မောင်းနှင်လာသော မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၆၇ ပြား သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ နံနက် ၁၁ နာရီခွဲတွင် ဘားအံမြို့ အမှတ် (၄) ရပ်ကွက်၊ သုခမိန်လမ်း အိမ်အမှတ် (၄/၂၈၂) ရှိ သန်းဦး၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆,၆၀၀ ကိုလည်းကောင်း၊ ထို့နေ့ မွန်းလွဲ ၃ နာရီတွင် သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအုပ်စု ဘုရားငါးဆူ (မြောက်) ကျေးရွာအနီး မိတ္ထီလာ-တောင်ကြီး သွားကားလမ်းတွင် ထွန်းလှိုင်ဖြိုး ကို မသင်္ကာဖွယ် တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၅၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၄ နာရီတွင် ဘုရားငါးဆူ (မြောက်) ကျေးရွာရှိ မခိုင်ရွှေစင်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁,၂၀၀ ကိုလည်းကောင်း။



ဝင်းနိုင်ဦး(ခ) အရှည်ကြီး၊ သန်းဦး တို့အား သိမ်းဆည်း ရမိသည့် စိတ်ကြွရူးသွပ် ဆေးပြားများ နှင့်အတူ တွေ့ရစဉ်။

မတ် ၁ ရက် ည ၇ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မောင်တောမြို့နယ် သီဟိုဠ်ကျွန်း ကျေးရွာအုပ်စု ဟာဘီ(အနောက်) ကျေးရွာရှိ အေရှာတ်ဟူဆောင်း၏ ကုန်စုံဆိုင်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁,၇၅၅ ပြားသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မတ် ၂

ထူးခြားသည့် နေ့အပူချိန်များမှာ ဘော်လခဲမြို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်၊ ချောက်မြို့၊ ပြည်မြို့၊ ရွှေကျင်မြို့၊ သာယာဝတီမြို့၊ ငါးသိုင်းချောင်းမြို့နှင့် သိမ်ဇရပ်မြို့တို့တွင် ၃၉ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မြိတ်မြို့တွင် ၀ ဒသမ ၆၇ လက်မဖြစ်သည်။ **မိုး/ဇလ**

## လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာနိုင်

**နေပြည်တော် မတ် ၂**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာတို့တွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာတို့တွင် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာနိုင်ပြီး အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**

## မလေးရှားနိုင်ငံသားတစ်ဦးကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**နေပြည်တော် မတ် ၂**

၂၀၁၉ ခုနှစ် ဧပြီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာသော မလေးရှားနိုင်ငံသား Fariz Azman Bin Zainul Azman (Passport No.A 36662046) သည် မူးယစ်ဆေးဝါးမှုဖြင့် ဖမ်းဆီးခံရပြီး ယင်းပြစ်မှုဖြင့် အင်းစိန်အကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံလျက်ရှိရာ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ဆက်ဆံရေးကို ရှေးရှု၍လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း ၎င်းအားကျခံရန်ကျန်ရှိသည့် ပြစ်ဒဏ်များကို လွတ်ငြိမ်းခွင့်ပြုပြီး ယနေ့တွင် အကျဉ်းထောင်မှ လွှတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၂**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်နေ နေမျိုးကျော် (ခ) နေဘုန်းလတ်သည် ၎င်းအသုံးပြုသည့် "Nay P Latt" Facebook အကောင့်၊ ကမာရွတ်မြို့နယ်၌ အကောင့်ပိုင်ရှင် (စိစစ်ဆဲ) အသုံးပြုသည့် "Aung Sanlin" Facebook အကောင့်နှင့် လှည်းကူးမြို့နယ်၌ အကောင့်ပိုင်ရှင် (စိစစ်ဆဲ) အသုံးပြုသည့် "Aung Kyaw Thu" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လယ်ဝေးမြို့နယ်၌ စကေဘာနှင့် ခဲဦးချွန်ကိုင်ဆောင်သူ အမျိုးသား နှစ်ဦး ဖမ်းဆီးအရေးယူ

**နေပြည်တော် မတ် ၂**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်၌ မတ် ၁ ရက်က စကေဘာနှင့် ခဲဦးချွန်ကိုင်ဆောင်သူ အမျိုးသား နှစ်ဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၈ ရက် ည ၁၁ နာရီ ၁၅ မိနစ်တွင် လယ်ဝေးမြို့နယ်ရဲတပ်ဖွဲ့ မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အမှတ် (၆) ရပ်ကွက် မြို့သစ် (၈) လမ်းထိပ်၌ ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်စဉ် ဒက္ခိဏသီရိမြို့နယ် သဲဖြူကျေးရွာနေ စိုးထက်အောင်(၂၁ နှစ်) နှင့် လယ်ဝေးမြို့နယ် (၇) ရပ်ကွက်နေ အေးလွင်(၂၁ နှစ်) တို့ နှစ်ဦးစီးနင်းလာသည့် ဆိုင်ကယ်အား စစ်ဆေးရန် ရပ်တန့်စေခဲ့ရာ ရပ်တန့်ပေးခြင်းမရှိဘဲ ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီး၍ ရှာဖွေစစ်ဆေးခဲ့ရာ စကေဘာ တစ်ချောင်း၊ ခဲဦးချွန် တစ်ချောင်း၊ လောက်လေးခွ နှစ်လက်၊ လောက်စာလုံး ၁၈ လုံးတို့အား သိမ်းဆည်းရမိခဲ့သဖြင့် စိုးထက်အောင်နှင့် အေးလွင်တို့ နှစ်ဦးကို လယ်ဝေးမြို့မရဲက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**


"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊ စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊

၀၆၇-၈၁၀၃၃၃၄၊

Email Address – accm@accm.gov.mm၊

Website Address – http://www.accm.gov.mm




ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်ကြက်ခြေနီအသင်းက ကြီးမှူး၍ ရပ်ရွာလူထုအတွင်း မိုင်းအန္တရာယ်ကင်းဝေးရေး အသိပညာပေးဟောပြောပွဲကို မတ် ၂ ရက်က ဟောပြောရာ ပြည်သူ ၁၅၆ ဦး တက်ရောက်စဉ်။ စိုင်း(သီပေါ)

# ကာတာနိုင်ငံ၌ ကျင်းပမည့် ၂၀၂၂ ကမ္ဘာ့စနူကာပြိုင်ပွဲ၊ အာရှဘီလိယက်နှင့် စနူကာပြိုင်ပွဲတို့တွင် မြန်မာကစားသမားများ ယှဉ်ပြိုင်မည်

**ရန်ကုန် မတ် ၂**

နိုင်ငံတကာဘီလိယက်နှင့်စနူကာအဖွဲ့ချုပ်က စီစဉ်သည့် ၂၀၂၂ ကမ္ဘာ့ချန်ပီယံရှစ် စနူကာပြိုင်ပွဲ၊ အာရှဘီလိယက်နှင့် စနူကာချန်ပီယံရှစ်ပြိုင်ပွဲတို့တွင် မြန်မာကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ယင်းပြိုင်ပွဲ နှစ်ခုစလုံးကို ကာတာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိပြီး ကမ္ဘာ့စနူကာချန်ပီယံရှစ်ပြိုင်ပွဲကို မတ် ၁ ရက်မှ ၁၁ ရက်၊ အာရှဘီလိယက်နှင့် စနူကာချန်ပီယံရှစ်ပြိုင်ပွဲကို မတ် ၁၂ ရက်မှ ၁၉ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ ကမ္ဘာ့စနူကာပြိုင်ပွဲတွင် စီနီယာစနူကာတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲနှင့် ယူ-၂၁ အမျိုးသားပြိုင်ပွဲတို့ ပါဝင်ပြီး မြန်မာကစားသမားနှစ်ဦးမှာ စီနီယာ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲကို မတ် ၁ ရက်တွင် စတင်နေသော်လည်း မြန်မာကစားသမားများ ယှဉ်ပြိုင်မည့် ပွဲစဉ်ကို မတ် ၆ ရက်မှ ၁၁ ရက်အထိ ပြုလုပ်မည်ဖြစ်သည်။ အာရှဘီလိယက်နှင့် စနူကာပြိုင်ပွဲကို ကမ္ဘာ့ပြိုင်ပွဲအပြီးတွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာကစားသမားများမှာ စနူကာတစ်ဦးချင်းပြိုင်ပွဲနှင့် ဘီလိယက်တစ်ဦးချင်းပြိုင်ပွဲတို့တွင် ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာဘီလိယက်နှင့် စနူကာကစားသမားများမှာ ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲပြီးကတည်းက နိုင်ငံတကာပြိုင်ပွဲ ယှဉ်ပြိုင်ရခြင်းမရှိတော့ဘဲ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ယခုနှစ်မှ ပြန်လည်ယှဉ်ပြိုင်ခွင့်ရရှိခြင်းဖြစ်သည်။

ယင်းပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာဘီလိယက်နှင့် စနူကာအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဒေါက်တာမင်းနိုင် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဘီလိယက်နှင့် စနူကာအဖွဲ့ချုပ်)၊ ဘီလိယက်ကစားသမားများအဖြစ် အောင်ဆန်းဦး၊ ပေါက်စ၊ မင်းစည်သူထွန်း၊ စနူကာကစားသမားများအဖြစ် ဝင်းကိုနှင့် အောင်ဖြိုးတို့ ပါဝင်နေသည်။ ယင်းကစားသမားများမှာ မေလတွင် ကျင်းပမည့် (၃၁) ကြိမ်မြောက် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲအတွက် လေ့ကျင့်နေသူများဖြစ်ပြီး ပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် ယှဉ်ပြိုင်ခြင်းဖြစ်သည်။

**ရဲရင့်လွင်**

**အောင်ကမ္ဘာ**
ဒဂုံမြို့သစ်(တောင်ပိုင်း၊ ဆိပ်ကမ်း၊အရှေ့ပိုင်း၊ မြောက်ပိုင်း)ရွှေပေါက်ကံ
မြေကွက်များဝယ်လိုသည်။
အိမ်အရောက်ငွေချေသည်။
ပွဲစပေးရန်မလိုပါ။
09-43118200
09-450096155

## ဖောင်းကြွပျောက်ဆုံးလျှောက်ထားခြင်း

ယာဉ်အမှတ် 4Q/5449 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/86937 Yunde-110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရီရီလွင် ၉/အမရ(နိုင်)၁၁၃၁၃၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/14866 Honda Scoopy 110, M/C ယာဉ်လက်ဝယ်ရှိသူ မမေဇင်ကျော် ၅/မမန(နိုင်)၁၁၃၃၆၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၅၃၈၆၄ ယာဉ်လက်ဝယ်ရှိသူ ဦးမင်းခင်မောင်ချင်း ၁၀/ခဆန(နိုင်)၀၅၇၉၆၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5L/6327 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန္ဒာဝေ ၁၀/ကထန (နိုင်)၀၈၀၇၆၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၆၃၅၂၁ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်နိုင်မိုး ၉/ ညဥန(နိုင်) ၁၈၂၉၁၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
## တင်ဒါအဆိုပြုလွှာခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်အောက်ရှိ အောက်ဖော်ပြပါ မွေးမြူရေးခြံ(၃)ခြံ၊ စက်ရုံ(၂)ရုံတို့တွင် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ မွေးမြူထုတ်လုပ်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူ ထုတ်လုပ်မှုလုပ်ငန်းများနှင့် ဆက်စပ်သော Processing အပိုင်းနှင့် Value Added အပိုင်းများ ဆောင်ရွက်ရန် စိတ်ပါဝင်စားသူ ပြည်တွင်းပြည်ပ လုပ်ငန်းရှင်/ကုမ္ပဏီများသို့ နှစ်ရှည်ငှားရမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်-

| စဉ် | ခြံ/စက်ရုံအမည် | ဧက | Lot No |
|---|---|---|---|
| (က) | ဒိုက်ဦးဝက်မွေးမြူရေးခြံ၊ အစာစပ်စက်ရုံနှင့် ဝက်သားကုန်ချောစက်ရုံ | ၁၀၂.၀၂ | Lot-1 |
| (ခ) | ဒိုက်ဦးသဘာဝဓာတ်မြေဩဇာစက်ရုံ | ၇.၂ | Lot-2 |
| (ဂ) | ဘုရားကြီးကြက်မွေးမြူရေးခြံ | ၁၀၁.၉၇ | Lot-3 |
| (ဃ) | ဘုရားကြီးဘဲမွေးမြူရေးခြံ | ၄၃.၃၆ | Lot-4 |
| (င) | ဝမ်းဘဲအင်း ဝက်မွေးမြူရေးခြံ | ၂၂.၄၃ | Lot-5 |

၂။ တင်ဒါအဆိုပြုလွှာနှင့် စည်းကမ်းချက်များအား မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စီးပွားရေးရာ အထောက်အကူပြုဌာနခွဲ၊ ရုံးအမှတ်(၃၆)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူရရှိနိုင်ပါသည်။

၃။ တင်ဒါအဆိုပြုလွှာ တင်သွင်းသူများအနေဖြင့် တင်ဒါအဆိုပြုလွှာများအား ၂-၄-၂၀၂၂ရက် ၁၄:၃၀နာရီ နောက်ဆုံးထား၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စီးပွားရေးအထောက်အကူပြုဌာနခွဲသို့ ပေးပို့တင်ပြရမည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ဖုန်း-၀၆၇-၃၄၀၈၄၈၀၊ ၀၆၇-၃၄၃၈၄၅၇၇တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါအဆိုပြုလွှာလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၄-၂-၂၀၂၂ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ (၂၃)ပါ မဟာအောင်မြေမြို့နယ်တရားရုံး၊ ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ်-၂၀၊ ငြင်းချက်ထုတ်ရန်သမ္မန်စာ၌ တရားလိုအမည်ကို ဒေါ်ခင်အောင်ဟု ဖော်ပြထားချက်အား ဒေါ်ခင်မေအောင်ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်နှင့် ထိုရက်သတင်းစာပါ စာမျက်နှာ(၂၇)ပါ မဟာအောင်မြေမြို့နယ်တရားရုံး၊ ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ်-၂၂၊ ငြင်းချက်ထုတ်ရန်သမ္မန်စာ၏ ဒုတိယစာပိုဒ်၌ တရားလိုအမည်ကို ဒေါ်ချမ်းချမ်းအောင်ဟု ဖော်ပြထားချက်အား ဒေါ်ခင်မမဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## အရွယ်မရောက်သေးသူအတွက် အုပ်ထိန်းသူအဖြစ် ခန့်ထားရန် လျှောက်ထားကြောင်း အကြောင်းကြားစာ
## (အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူတို့ အက်ဥပဒေ-၁၁)
## မန္တလေးခရိုင်တရားရုံးတော်
## ၂၀၂၁ ခုနှစ် တရားမအထွေထွေမှုအမှတ် ၃

ဒေါ်မာမာအေး နှင့် ဦးထွန်းနိုင်ဦး
လျှောက်ထားသူ လျှောက်ထားခံရသူ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မာလကာခြံရပ်ကွက်၊ အကွက်(၄၂၆)နေ အရွယ်မရောက်သေးသူ မသာယာမိုးဦး၏ဖခင် ဦးထွန်းနိုင်ဦး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

မန္တလေးမြို့၊ အမရပူရ မြို့နယ်၊ မှန်တန်းရပ်ကွက်နေ ဒေါ်မာမာအေးက အထက်အမည်ပါရှိသော အရွယ်မရောက်သေးသူ မသာယာမိုးဦး၏ မိခင်အရင်း ဖြစ်သည်ဟူ၍ ၎င်းသူ၏ကိုယ်ကို အုပ်ထိန်းသူအဖြစ် ခန့်ထားပါမည့်အကြောင်း လျှောက်ထားသည်ဖြစ်၍ ထိုသို့လျှောက်ထားခြင်းကို လူအများသိရှိစေရန် အလို့ငှာ ဤကြော်ငြာစာကို ထုတ်ဆင့်လိုက်သည်။ ထိုလျှောက်ထားချက်ကို ၂၀၂၂ ခုနှစ် မတ် ၁၁ ရက် (၁၃၈၃ ခုနှစ် တပေါင်းလဆန်း ၁၀ ရက်)တွင် ဆိုင်ဆိုရန် ချိန်းဆိုသည်။

၂၀၂၂ ခုနှစ် မတ် ၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**မျိုးကျော်အောင်**
**ဒုတိယခရိုင်တရားသူကြီး(၇)**
**မန္တလေးခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ ၂၀)
## ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ် -၁၆၉

ဒေါ်သန်းသန်းမိုး နှင့် ၁။မခင်စန်းနွယ်
၂။ မလွဲလွဲဝင်း
**တရားလို** **တရားပြိုင်များ**

ဝမ်းတွင်းမြို့နယ်၊ ညဏ်ကန်ကျေးရွာ၊ ရှောက်တောကျေးရွာအုပ်စုနေ ၁။ မခင်စန်းနွယ်၊ ၂။ မလွဲလွဲဝင်း (ယခုနေရပ်လိပ်စာမသိသူများ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်သန်းသန်းမိုးက လုပ်ငန်းလုပ်ကိုင်ရန် ထုတ်ချေးငွေပေါင်း ကျပ်(၁၀၀၀၀၀၀၀/)ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၂ခုနှစ် မတ် ၁၈ရက် (၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ရက်)မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကျုံးထောင်းလျှန်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ဝမ်းတွင်းမြို့နယ်တရားရုံး**

**Myanmar Women Entrepreneurs Network**
မြန်မာ စီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးများ ကွန်ယက်

## မြန်မာစီးပွားရေးလုပ်ငန်းရှင်အမျိုးသမီးများကွန်ယက်
## ၂၀၂၂-၂၀၂၅ ခုနှစ် သက်တမ်းအတွက် အမှုဆောင်များရွေးချယ်တင်မြှောက်ပွဲကျင်းပရန် ကြေငြာခြင်း

၁။ ၂၀၂၂-၂၀၂၅ ခုနှစ် သက်တမ်းအတွက် အလုပ်အမှုဆောင်နှင့် ဗဟိုအလုပ်အမှုဆောင် အသစ်များ ရွေးချယ် တင်မြှောက်ပွဲကို ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂) ရက်၊ စနေနေ့တွင် ကျင်းပပြုလုပ်မည်ဖြစ် ပါသည်။
(*အသေးစိတ် အစီအစဉ်ကို အသင်းဝင်များထံသို့ ထပ်မံအကြောင်းကြားပေးမည်ဖြစ်ပါသည်။)

၂။ အမှုဆောင်အဖြစ် ရွေးချယ်ခံရန် ဆန္ဒပြုသူများနှင့် ဆန္ဒမဲပေးမည့် အသင်းဝင်များအနေဖြင့် ၁၇.၃.၂၀၂၂ ရက်နေ့ နောက်ဆုံး ထား၍ မြန်မာစီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးများကွန်ယက်၏ အီးမေးလ်ဖြစ်သော admin@myanwen.com သို့ အလုပ်အမှုဆောင်အဖြစ်ပါဝင်ဆောင်ရွက်ရန် ကိုယ်တိုင်ဆန္ဒပြုလွှာ နှင့် အလုပ်အမှုဆောင်အဖြစ် ပါဝင်ဆောင်ရွက်လိုသူများ အတွက် မဲပေးလိုသူများ၏ ဆန္ဒပြုလွှာများကို ပေးပို့ရပါမည်။

၃။ ရွေးကောက်ပွဲနှင့် ပတ်သက်သော အသေးစိတ်အစီအစဉ်များကို သိရှိလိုပါက ဖုန်း ၀၉ ၄၂၀၀၇၇၁၃၆/၀၉ ၄၂၁၀၁၂၁၅၄ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

မြန်မာစီးပွားရေးလုပ်ငန်းရှင်အမျိုးသမီးများကွန်ယက်

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၉၁လမ်း၊ တိုက်နံပါတ်(၉၆) ဒုတိယထပ်၊ ညာဘက်ခန်းဟု ခေါ်တွင်သော အခန်းတွင် အမည်ပေါက် ပိုင်ဆိုင်နေထိုင်ခဲ့သော ဒေါ်ခင်မေအိ ၁၂/မဂတ(နိုင်)၀၄၃၈၆၈ အသက် (၇၈)နှစ်သည် ၁-၃-၂၀၂၂ရက်တွင် အဆိုပါနေအိမ်တွင် ကွယ်လွန်သွားသဖြင့် ဥပဒေအရ ဆိုရေးဆိုခွင့်ရှိသူ ညီမအရင်းဖြစ်သော ဒေါ်ခင်မေသွယ် ၁၂/ရကန(နိုင်)၀၅၆၁၁၄ ၏ အကျိုးစီးပွားကို ထိခိုက်စေမည့် ထိုအခန်းအား အမွေပေးခြင်း၊ ရောင်းချခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းပေးအပ်ခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းစသည့် မည်သည့်လုပ်ဆောင်မှုမျိုးကိုမဆို ကန့်ကွက်ပါကြောင်းနှင့်ကွယ်လွန်သူ ဒေါ်ခင်မေအိ ပိုင်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများအားလည်း မိမိမသိရှိရဘဲ၊ မိမိ၏သဘောတူညီမှုမရှိဘဲ မည်သည့်လုပ်ဆောင်မှုမျိုးကိုမဆို မဆောင်ရွက်ကြပါရန် သတိပေးပါကြောင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်မေသွယ် ၁၂/ရကန(နိုင်)၀၅၆၁၁၄**
**(အငြိမ်းစား /ဒုတိယညွှန်ကြားရေးမှူး၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန)**
**ဖုန်း-၀၁-၅၄၉၇၇၈၊ ၀၉-၄၄၃၁၅၃၇၇၃**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့်၅)
## မန္တလေးခရိုင်တရားရုံးတော်
## ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ် -၃၅၆

ဦးထွန်းထွန်းလတ်(ခ) ဦးခင်မောင်လတ် **နှင့်** ၁။ ဦးအိုက်ဦး
(ခ)ဦးလတ် ၂။ ဒေါ်ဖြူဖြူဝင်း
**တရားလို** **တရားပြိုင်များ**

ဒေါ်ဖြူဖြူဝင်း ၊ လက်ပန်ကုန်းကျေးရွာ၊ ကျွဲနွားထောက်ကျေးရွာအုပ်စု၊ ပြင်ဦးလွင်မြို့နယ်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ထည့်ဝင်ထားသည့်စုကြေးငွေ ၁၅၆၅၀၀၀၀ကျပ်နှင့် နစ်နာကြေးငွေ ကျပ်သိန်း ၁၀၀၊ စုစုပေါင်း ၂၅၆၅၀၀၀၀ကျပ် ရလိုကြောင်းနှင့်လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ် မတ် ၁၁ရက် (၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၁၀ရက်) မွန်းမတည့်မီ ၉:၃၀နာရီတွင်အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဖေဖော်ဝါရီ ၂၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဌေးဌေးလွင်)**
**ဒုတိယခရိုင်တရားသူကြီး(၁၀)**
**မန္တလေးခရိုင်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ရွှေမြိုင်သီရိရပ်ကွက်၊ (၆)လမ်း၊ အမှတ်(၁၃)နေ ဦးသန်းကျော်၏သားဖြစ်သူ မောင်နိုရဲကျော် ၁၀/သထန(နိုင်)၁၆၇၃၆၉ ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

မော်လမြိုင်မြို့၊ သီရိမြိုင်ရပ်ကွက်၊ ဦးပိုင်အမှတ်(၂၀/၁)၊ အမှတ်(၉၆) ဦးတင်သိန်း၏သမီးဖြစ်သူ မဇာခြည်သိန်း ၁၀/မလမ(နိုင်)၂၀၃၆၇၆နှင့်မောင်နိုရဲကျော်တို့သည် ၁၂-၁-၂၀၂၂ ရက်တွင် အသိသက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူလင်ခန်း၊ မယားခန်း၊ ပစ္စည်းခန်းပြတ်စဲခြင်းကတိစာချုပ် ချုပ်ဆိုပြီးဖြစ်ပါသည်။ ၁၂-၁-၂၀၂၂ ရက်မှစ၍ မောင်နိုရဲကျော်၏ဇနီးအဖြစ်မှ လုံးဝမသက်ဆိုင်တော့ပါကြောင်း ၊ ၎င်းနှင့်ပတ်သက်သောမည်သည့်ကိစ္စကိုမျှ တာဝန်မရှိကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘုန်းဇေယျစိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၉၀၅၉) (၂၃-၅-၂၀၁၃)**
**အမှတ်(၃၈)၊ ယုဇနလမ်း၊ ကွင်းရပ်ရပ်ကွက်၊ မော်လမြိုင်မြို့**
**ဖုန်း-၀၉-၄၃၀၇၁၃၇၃**

## နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်မေဦးလွင်(ခ)သဇင်နှင်း ၁၂/အလန(နိုင်)၀၄၅၃၄၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဒေါ်မေဦးလွင်(ခ)သဇင်နှင်းနှင့် ဦးဘုန်းသန့် ၁၃/တကန(နိုင်) ၁၈၉၅၉၈ တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်ကြသောကြောင့် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့သဖြင့် ၂၄-၂-၂၀၂၂ ရက်တွင် မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး၊ မြို့နယ်တရားသူကြီးရှေ့မှောက်၌ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ ထို့အပြင် "ကလေးအုပ်ထိန်းခြင်းနှင့်ပစ္စည်းခွဲဝေခြင်း နှစ်ဦးသဘောတူစာချုပ်"ကိုလည်း နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးပြီးဖြစ်ပါသည်။

ထို့ကြောင့် ဒေါ်မေဦးလွင်(ခ)သဇင်နှင်းနှင့် ဦးဘုန်းသန့်တို့သည် တရားဝင်ကွာရှင်းပြတ်စဲပြီး အထက်ပါအတိုင်း စာချုပ်များချုပ်ဆိုကြပြီးဖြစ်၍ နောက်နောင် တစ်ဦးနှင့်တစ်ဦး မည်သည့်အကြောင်းနှင့်မျှ သက်ဆိုင်ပတ်သက်ခြင်း မရှိတော့ပါကြောင်းနှင့်အတူတကွ ပေါင်းသင်းစဉ်ထွန်းကားခဲ့သည့် သားသမီး(၂)ဦးတို့ကို မိခင်ကပင် ဆက်လက်အုပ်ထိန်း၍ တာဝန်ယူ ထိန်းသိမ်းစောင့်ရှောက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါက်တာဇာခြည်အောင်** | **ဒေါ်ကြာဖြူဝတ်ရည်** |
| **(LL.B, LL.M, MRes, PhD)** | **(LL.B, LL.M,D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၃၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၀၈၉)** |

**LEGAL STEPS LEGAL CONSULTING LIMITED**
**တိုက်(၁)၊ အခန်း(၁၁၂၊ ၁၁၃)၊ ဟိုတယ်ရန်ကုန်၊ ပြည်လမ်း၊ (၈)မိုင်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၉၇၇၁၁၁၂၉၁မှ ၀၉-၉၇၇၁၁၁၂၉၅ ထိ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၁၊ ဇေယျာအေးမြ(၁)လမ်း၊ မြေကွက်အမှတ် ၆၆၈(က)၊ ဦးစိန်မြင့် ၁၂/သဃက(နိုင်)၀၂၇၁၅၁ အမည်ပေါက်ထံမှ ကျွန်ုပ်တို့၏ အမှုသည် ဒေါ်တင်တင်ဝင်း ၅/ဆလက(နိုင်)၀၂၀၅၂၇ မှ ဝယ်ယူခဲ့ရာ အဆိုပါအိမ်နှင့်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ပြုလုပ်လိုပါသဖြင့် သတင်းစာတွင် ပါရှိသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ဆက်သွယ်ပေးပါရန်ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထွန်းလင်းအောင်(LL.B, D.B.L, D.M.L)**
**(၈၃၀၆/၂၀၁၂)**
**တရားလွှတ်တော်ရှေ့နေ**

| | |
|---|---|
| **ဒေါ်ခိုင်ဆုဝေ(LL.B)** | **ဒေါ်မိုးမီမီခိုင်(LL.B)** |
| **(၅၃၃၆၉/၂၀၂၀)** | **(၅၃၄၉၁/၂၀၂၀)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**THAPYAY THAR HTAY MYINT LAW FIRM**
**အမှတ် ၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (ဘားလမ်း) ၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၇၃၀၂၀၁၈၃၄**

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ ကွင်းရပ်ရပ်ကွက်၊ ကျောက်မီးသွေးရုံလမ်း၊ အမှတ်(၂၉/စီ)နေ ဒေါ်ဇင်မာအောင် ၁၀/မလမ(နိုင်)၂၀၈၄၈၇ မှ အောက်ပါအတိုင်းကြေညာအပ်ပါသည်-

မော်လမြိုင်မြို့၊ ကွင်းရပ်ရပ်ကွက်၊ အကွက်အမှတ်(၇၈)ကွင်းရပ်၊ ဦးပိုင်အမှတ်(၇၄/စ) ၊ ဧရိယာ ၀ ဒသမ ၁၀၆ ဧကရှိ ဘိုးဘွားပိုင်မြေကွက်နှင့်၎င်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံနှင့် အကျိုးခံစားခွင့်အားလုံးကို ကျွန်မသည် မော်လမြိုင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ "အိမ်နှင့် မြေကွက်အပြီးအပိုင် အရောင်းအဝယ် စာချုပ်" မှတ်ပုံတင်စာချုပ်အမှတ်-၇၉/၂၀၁၇ အရ ဝယ်ယူပိုင်ဆိုင်ထားပြီးမော်လမြိုင်မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးတွင် ဘိုးဘပိုင်အမည်ပြောင်းအမှုတွဲအမှတ် ၀၃၈/ဘိုးဘ/၂၀၂၁-၂၀၂၂အရ အမည်ပြောင်းအမှုတွဲဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ၂၀၂၂ခုနှစ် မတ် ၂၃ ရက်အတွင်း ကျွန်မထံသို့ ခိုင်လုံသော အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက ကျွန်မမှ အမည်ပြောင်းအမှုတွဲ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဒေါ်ဇင်မာအောင်**
**(၂၉/စီ) ၊ ကျောက်မီးသွေးရုံလမ်း၊**
**ကွင်းရပ်ရပ်ကွက်၊ မော်လမြိုင်မြို့**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၉ယ/၆၉၅၁ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းကြည် ၆/လလန(နိုင်)၀၅၆၉၂၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၇၅ယ/၁၈၃၇၀ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးကြည်သောင်း ၆/ရဖန(နိုင်)၀၃၉၄၉၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ဒါယိကာမကြီး
## ဒေါ်တင်ဝင်း(သီဂီရွှေဆိုင်)
## အသက်(၇၂)နှစ်

ဒေါ်ငွေငွေဦး၊ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်း+ဒေါ်ငွေငွေဝင်း၊ ဦးအောင်ကျော်စိုး+ဒေါ်နန်းမိုးအွမ်၊ ဦးမင်းမင်းထွန်း+ဒေါ်ယုဇင်ထွန်းတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး(၈)ယောက်၊ မြစ်(၂)ယောက်တို့၏အဘွား၊ (ဦးငွေးလှိုင်)၏ချစ်လှစွာသောဇနီး ဒေါ်တင်ဝင်း(သီဂီရွှေဆိုင်) အသက်(၇၂)နှစ်သည် ၂-၃-၂၀၂၂ ရက်(ဗုဒ္ဓဟူးနေ့) ည(၇း၅၀)နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ၄-၃-၂၀၂၂ ရက်(သောကြာနေ့) နံနက်(၁၀း၃၀)နာရီတွင် မန္တလေးမြို့ ၆၄ လမ်း၊ ဏ-၅/၉၉၊ ၁၀၅ လမ်း×၁၀၆ လမ်းနေအိမ်မှ တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## သွေးသည် အသက်

**ပြင်ပြီးကွန်ဒို/တိုက်ခန်းများရောင်းမည်(စမ်းချောင်းမြို့နယ်)**

၁။ မင်းလမ်း၊ ပေ(၁၅x၅၀) 5.Fၢ ကျွန်းပါကေး 1BR တိုက်သန့် (၅၁၀)သိန်း
၂။ သုခမိန်လမ်း၊ ပေ(၁၂ ၁/၂x၅၀) 4.Fၢ ကျွန်းပါကေး 2BR တိုက်သန့် (၅၉၅)သိန်း
၃။ ရှင်စောပုဘုရားလမ်း၊ ပေ(၁၅x၆၀) 2Fၢ ကျွန်းပါကေး 2BR တိုက်သန့် (၉၇၀)သိန်း
၄။ မြောင်းမြလမ်း၊ ပေ(၂၅x၅၀) ပထပ်၊ ကျွန်းပါကေး 2BR တိုက်သန့် (၁၂၇၀)သိန်း
၅။ မင်္ဂလာလမ်း၊ ပေ(၂၅x၅၀)6.Fၢ ကျွန်းပါကေး 1MBR, 1BR(Lift)ပါ (၁၃၉၀)သိန်း

(နေရာကောင်း/အသင့်နေ)

ဖုန်း-၀၉-၅၁၈၅၃၅၀၊ ၀၉-၅၆၆၁၂၇

## အများသိစေရန်အသိပေးကြေညာခြင်း

"ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(16C-2)၊ မြေကွက်အမှတ်(2nd Eastern 1/4 of I.5)၊ မြေအမျိုးအစား (မြေပိုင်မြေ)၊ ဧရိယာ(28'.9" x 100' Adjacent to and north of 1'x 28'.9")အကျယ်အဝန်းရှိ ဒေါ်ဇင်မာသန်းအောင်အမည်ပေါက် မြေပိုင်မြေကွက် (တစ်နည်းအားဖြင့်ဆိုသော်) ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၄)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၅၂၄/၅၂၆) ခေါ်တွင်သော အကျယ်အဝန်း (၂၈ပေ၉လက်မx၁၀၀ပေ)နှင့် ထိုမြေကွက်၏ မြောက်ဘက်ကပ်လျက် မြောက်မှတောင်သို့ (၁)ပေနှင့် အရှေ့မှ အနောက်သို့ (၂၈ပေ ၉လက်မ)ရှိ မြေပိုင်မြေကွက်နှင့်တကွ ယင်းမြေပေါ်ရှိ (၂)ခန်းတွဲ ဟောင်ကောင်(၄)ထပ်တိုက် အခန်း(၈)ခန်းပါ အဆောက်အအုံ၏ အိမ်လခနှင့်မြေအကျိုးခံစားခွင့်သက်သက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး"တို့ကို လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၏ မြို့မြေစာရင်းမှတ်တမ်းတွင် အမည်ပေါက်မှတ်တမ်းတင်ရှိသူ ဒေါ်ဇင်မာသန်းအောင် ၁၂/ပဘတ(နိုင်)၀၂၆၆၈၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် တရားဝင်နည်းလမ်းတကျစာချုပ်စာတမ်းများချုပ်ဆို၍ ဝယ်ယူရန်အတွက် သဘောတူညီပြီး အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေများအနက်စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေနှင့်အဆောက်အအုံနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခိုင်မာသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထား(မူရင်း)များအား ယူဆောင်ကာယနေ့မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင်ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် ကန့်ကွက်ချက်မရှိပါက မြေနှင့်အဆောက်အအုံအရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးသီတာမော်(LL.B, D.B.L)
(တရားလွှတ်တော်ရှေ့နေ)(စဉ်-၈၄၂၉/၁၂)
THAN THAN WIN & ASSOCIATES (LAW FIRM)
အမှတ်(၉၉/၁၀၁)၊ ကျောက်မြောင်းလမ်းနှင့် မလ္လကုန်းလမ်းထောင့်၊
ကျားကွက်သစ်(စံပြ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၅၀၄၈၂၂၁၊ ၀၉-၇၉၃၅၃၇၀၇၈

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေး(မြောက်)၊ ဘုရင့်နောင်လမ်း၊ အမှတ်(၃၆၇-က၊ခ)၊ ပထမထပ်(ဝဲ)၏ အကျယ်အဝန်း (၁၉ပေx၅၄ပေ) အကျယ်ရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အားလုံးကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဦးကျော်သီဟ ၇/ပခန(နိုင်)၀၀၃၀၃၄ နှင့် ဒေါ်အေးမိုးဦး ၇/ပခန(နိုင်)၁၉၇၆၆၃ မှ ထုတ်ဖော်မြွက်ဆိုလျက် ရောင်းချလိုကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခိုင်ပွင့်ဖြူ (ဘ)ဦးမောင်မောင်(ခ)ဦးမြင့်တင် ၁၂/စခန(နိုင်)၀၆၈၆၁၂ နှင့် ဒေါ်မေပွင့်ဖြူ (ဘ)ဦးမောင်မောင်(ခ)ဦးမြင့်တင် ၁၂/စခန(နိုင်)၀၇၀၁၁၀ တို့က အပြီးအပိုင်ဝယ်ယူရန် အရောင်းတန်ဖိုး၏ ငွေအချို့ကိုစရန်ငွေအဖြစ် ၂၀၂၂ခုနှစ် မတ် ၁ ရက်တွင် ပေးချေပြီးဖြစ်ရာ အဆိုပါတိုက်ခန်းအပေါ်တွင် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းခိုင်လုံသော အထောက်အထားမူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နှင်းဝေဖြိုး(LL.B, D.B.L, D.M.L, D.I.P.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၈၀၁)
အမှတ်(၆၀)၊ (၄)လွှာ၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၅၀၁၆၁၂၈

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့၊ မြေကွက်အမှတ်(၂၆၁)၊ ကွင်းအမှတ် (၂)၊ ဈေးပိုင်းရပ်၊ ဦးပိုင်အမှတ်(၁၃၉)၊ မြေဧရိယာ ၀ ဒသမ ၀၃၀၆ဧကရှိ နှစ်(၃၀)ဂရန်အမည်ပေါက်ရရှိပြီး မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သနပ်ပင်မြို့၊ နဝရတ်ကိုးသွယ်လမ်း၊ အိမ်အမှတ်(၁၃၆)ဟုခေါ်တွင်သည့် အိမ်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်၊ ယင်းမြေကွက်နှင့် တစ်ဆက်တည်းတွင်တည်ရှိသော ကွင်းအမှတ်(၂)၊ ဈေးပိုင်းရပ်၊ ဦးပိုင်အမှတ်(၁၅၀)၊ မြေဧရိယာ ၀ ဒသမ ၀၃၃၈ဧကရှိ နှစ်(၃၀)ရရှိပြီးသော အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သီးပင်စားပင်နှင့် အခြားအကျိုးခံစားခွင့်အားလုံးတို့အား တရားဝင်လက်ဝယ်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးသိန်းနိုင်၊ ဒေါ်ထက်ထက်လင်း သားဖြစ်သူ မောင်ဘုန်းထက်နိုင်တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါမြေနှင့် မြေကွက်ပေါ်ရှိ နေအိမ်အကျိုးခံစားခွင့်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက မြေနှင့် နေအိမ်အရောင်းအဝယ်ပြုလုပ်ခြင်းအား ဥပဒေနှင့်အညီအပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးကျော်သိန်း B.A(Law), LL.B | ဦးမျိုးမင်းခိုင် LL.B |
| (စဉ်-၄၂၇၈) | (စဉ်-၅၃၁၄၅) |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |

အမှတ်(၁၉၅၀)၊ ဗဟိုရ်စည်(၂)လမ်း၊ နန်းတော်ရာရပ်ကွက်၊
ပဲခူးမြို့၊ ဖုန်း-၀၉-၄၂၈၁၄၂၈၄၄

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ စိုက်/မွေး (၁)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ လူနေရပ်ကွက်အမှတ် စိုက်မွေး(၁)၊ မြေတိုင်းရပ်ကွက်အမှတ် ၃၊ မြေကွက်အမှတ်(၅၃)နှင့်ပတ်သက်၍ အများသိစေရန် ကြော်ငြာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ စိုက်/မွေး(၁)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အိမ်အမှတ် ၃/၆/၁၈(ခ)နေ ဒေါ်ချိုချိုမာ ၁၄/မမန(နိုင်)၀၁၄၇၁၆၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြော်ငြာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ စိုက်/မွေး(၁)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ လူနေရပ်ကွက်အမှတ်(၁)၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ်(၅၃)၊ အလျား ပေ၈၀x အနံ ပေ၁၂၀အကျယ်ရှိ မြေကွက်အတွင်းမှ အလျား ပေ၄၀ x အနံ ပေ၁၂၀အကျယ်ရှိ အမှတ် ၃/၆/၁၈(ခ)၊ မင်းရဲကျော်စွာလမ်း၊ စိုက်မွေး(၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ဟုခေါ်ဆိုသော မြေကွက်အား မြေကွက်အမည်ပေါက် ပိုင်ရှင်ဖြစ်သူ ဦးမင်းသိန်း ၁၀/မဒန(နိုင်)၀၀၆၆၉၈ထံမှ ဦးဟန်ရှိန် ၁၂/ဥကတ(နိုင်) ၁၄၃၁၈၂ က ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးဟန်ရှိန်ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ချိုချိုမာ ၁၄/မမန(နိုင်)၀၁၄၇၁၆က ၂၃-၁၀-၂၀၁၄ရက်စွဲပါ နှစ်ဦးသဘောတူအရောင်းအဝယ် စာချုပ်ချုပ်ဆို၍ တန်ဖိုးငွေကျပ် ၁၄၅၀၀၀၀၀ (တစ်ရာ့လေးဆယ့်ငါးသိန်းကျပ်)တိတိဖြင့် ဝယ်ယူလက်ရောက်ရယူခဲ့ပါသည်။ ထိုသို့ဝယ်ယူစဉ်က အဆိုပါမြေကွက်နှင့် စပ်လျဉ်း၍ မှတ်ပုံတင်စာချုပ်ချုပ်ဆိုခြင်း၊ နှစ်(၆၀)မြေငှားဂရန်ခွဲခြင်း၊ မြေအမည်ပေါက်ပိုင်ဆိုင်သူ၏ အမည်မှ ဝယ်ယူသူ ကျွန်ုပ်မိတ်ဆွေ၏ အမည်သို့ ပြောင်းလဲလျှောက်ထားလိုပါက လိုအပ်သည့်ကိစ္စအရပ်ရပ်ကို သက်ဆိုင်ရာဌာနများသို့ လိုက်လံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရောင်းချသူ နှစ်ဦးမှ ကတိပြုပြောဆိုခဲ့ပါသည်။ အရောင်းအဝယ်စာချုပ်ချုပ်ဆိုပြီးနောက်ပိုင်းတွင် မှတ်ပုံတင်စာချုပ် ချုပ်ဆိုခြင်း၊ မြေပုံမြေရာဇဝင်ကူးယူခြင်း နှစ်(၆၀) မြေငှားဂရန်ခွဲခြင်း၊ မြေအမည်ပေါက်ပိုင်ဆိုင်သူ၏ အမည်မှဝယ်ယူသူ၏ အမည်သို့ ပြောင်းလဲရန်အတွက် ရောင်းချသူထံသို့ တောင်းဆိုခဲ့ရာတွင် ရောင်းချသူများမှ လိုက်လံဆောင်ရွက်ပေးမည်ဟု ဆိုခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် မပြုလုပ်ဖြစ်ခဲ့သည့်အတွက် အထက်ပါကိစ္စအရပ်ရပ်ကို ပြုလုပ်ဆောင်ရွက်နိုင်ရန်အတွက် မြေအမည်ပေါက်ပိုင်ရှင်ဖြစ်သူနှင့် ရောင်းချသူတို့မှ ယခုကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ဆောင်ရွက်ပေးပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ဆက်သွယ်ဆောင်ရွက်ပေးခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ထိုသို့ဆောင်ရွက်မှုကို ကန့်ကွက်လိုသူများရှိပါက သတ်မှတ်ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ဖြစ်စေ အထောက်အထားစာရွက်စာတမ်းများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူ- | လွှဲအပ်ညွှန်ကြားချက်အရ- |
| ဒေါ်ချိုချိုမာ ၁၄/မမန(နိုင်)၀၁၄၇၁၆ | ဒေါ်ခိုင်ညွှာဦး LL.B, D.B.L, D.I.L, D.M.L |
| မ-၃/၆/၁၈(ခ)၊ မင်းရဲကျော်စွာလမ်း၊ | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၄၃၂) |
| စိုက်/မွေး(၁)ရပ်ကွက်၊ ဒဂုံမြို့သစ် | ၃/၅/၄ ဦးစလမ်း၊ စိုက်မွေး(၁)ရပ်ကွက်၊ |
| (တောင်ပိုင်း)မြို့နယ်၊ | ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ |
| ရန်ကုန်တိုင်းဒေသကြီး | ဖုန်း-၀၉-၆၈၀၃၃၉၃၇၃၊ |
| | ၀၉-၄၄၆၂၇၃၁၅၇ |

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အနောက်ပိုင်းလမ်း၊ (၁)ရပ်ကွက်၊ အမှတ်(၁၀၆၂)နေ မြိတ်မြို့နယ်မြေစာရင်းဦးစီးမှူးဦးထွန်းရွှေ ၁၂/မဘန(နိုင်)၀၅၅၃၃၀ နှင့် ဒေါ်ခင်နှင်းအေး ၁၂/လကန(နိုင်)၀၅၅၄၈၁ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဦးထွန်းရွှေနှင့် ဒေါ်ခင်နှင်းအေးတို့၏သားဖြစ်သူ မောင်လွင်ကိုကိုစန်း ၁၂/မဘန(နိုင်)၁၄၆၆၄၇ သည်မိဘတို့၏ ဆိုဆုံးမမှုကို မနာခံသည့်အပြင် မိဘနှစ်ပါးစိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုမူဆောင်ရွက်၍ ၂၆သိန်းတန် ဖုန်း (၁)လုံး၊ (၂)သိန်းတန်နာရီ (၁)လုံး၊ (၅)မူးသားလက်စွပ်တစ်ကွင်း၊ နားကွင်းတစ်ဖက်၊ ခြောက်သိန်းတစ်သောင်းတန်ပီခြူးလက်ပတ်(၁)ကွင်း၊ ငွေသား(၁၂)သိန်း တို့ကိုယူဆောင်ပြီးမိမိသဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီဖြစ်ပါကြောင်းနှင့်နောက်နောင်ငှင်းနှင့်ပတ်သက်ပြီး ဖြစ်ပေါ်လာသည့် မည်သည့်ကိစ္စကိုမဆို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စန္ဒာစိုး(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၀၀၅၊ ၂၇-၇-၂၀၁၇)
အမှတ်(၁၄၈)၊ မင်္ဂလာလမ်း၊ ကန်ခေါင်းရပ်၊ မြိတ်မြို့
ဖုန်း-၀၉-၄၂၂၁၉၈၀၄၇

## ဦးထွန်းဦး
## အသက် (၈၇) နှစ်
### ဒုတိယညွှန်ကြားရေးမှူး၊ ဆောက်လုပ်ရေး(ငြိမ်း)
### ထန်းတပင်မြို့နယ်၊ (နဲဖျောကျေးရွာ)

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ နဲဖျောကျေးရွာနေ (ဦးသူတော်-ဒေါ်ငွေဘုံ)တို့၏သား၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုဘုရားလမ်း၊ တိုက်အမှတ်(၄၁)၊ (၅)လွှာနေ[ဒေါ်ကျင်ကျင်(ကုန်သွယ်ရေး၊ ဆေး(ငြိမ်း)]၏ခင်ပွန်း ဦးကျော်ဇော (ဆောက်လုပ်ရေး-ငြိမ်း)-ဒေါ်ခင်ခင်မော်(စိုက်မွေး-ငြိမ်း)၊ ဦးမျိုးသန့်(SAVE THE CHILDREN)-ဒေါ်စန္ဒာဦး၊ ဦးကျော်ကျော်ဦး-ဒေါ်ဥမ္မာထွန်း(THREE RED STAR Co.,LTD)၊ ဦးအောင်မင်းဟန် (ဒုတိယအထွေထွေမန်နေဂျာ၊ MOGE -CNG)-ဒေါ်ကေသီထွေး (ကြည့်မြင်တိုင်-ဆောက်လုပ်ရေး)တို့၏ ဖခင်၊ မြေးနှစ်ဦး၊ မြစ်သုံးဦးတို့၏ အဘိုးသည် ၂-၃-၂၀၂၂(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂:၃၀ နာရီတွင်(၈၆ ပါးသောရောဂါဖြင့်ကွယ်လွန်သွားပါသဖြင့် ၄-၃-၂၀၂၂(သောကြာနေ့) မွန်းလွဲ ၃:၀၀ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားပါသည်။

(နေအိမ်မှ ကားများ မွန်းလွဲ ၁:၀၀ နာရီတွင် စတင်ထွက်ပါမည်)။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးညွှန့်ကျော်
### လက်ထောက်ကထိက(ငြိမ်း)၊ ဗဟိုနိုင်ငံရေးတက္ကသိုလ်
### အသက်(၈၂)နှစ်

ကသာမြို့နေ (ဦးပေါ်ဟန်-ဒေါ်စောတင်)တို့၏သား၊ ပင်လယ်ဘူးမြို့နေ (ဦးဘအေး-ဒေါ်အေးစိန်)တို့၏သားသမက်၊ မိုးညှင်းမြို့နေ ဒေါ်ခင်ရွှေ ၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်မေဝိုင်း၊ ဦးစိုးမင်းသူ-ဒေါ်မေလှိုင်း၊ ဦးကျော်အောင်မြင့်-ဒေါ်ခိုင်ခိုင်ညွှန့်၊ ဦးကျော်သူရ-(ဒေါ်ငွေငွေ)၊ ဒေါ်မေခင်ချောတို့၏ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး၊ မြေး (၇)ယောက်တို့၏ချစ်လှစွာသော အဘိုး ဦးညွှန့်ကျော်သည် ၂-၃-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၃-၂၀၂၂ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၈-၃-၂၀၂၂ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီမှ ၁၂နာရီအထိ ရန်ကုန်မြို့နေ ဦးစိုးမင်းသူ-ဒေါ်မေလှိုင်းတို့၏ နေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## (၇)လပြည့် လွမ်းဆွတ်သတိရခြင်း

ဦးကောင်းထွင်ဠ (Country Director of Master Card Company) အမှတ် (၃၃၁)၊ အခန်း (၄/ခ)၊ ကြည့်မြင်တိုင် ကမ်းနားလမ်း၊ အလုံမြို့နယ်သည် မိသားစုနှင့် ခွဲခွာသွားသည်မှာ ၂-၃-၂၀၂၂ရက်တွင် (၇)လ ပြည့်ပြီဖြစ်သော်လည်း တစ်နေ့မှ မေ့မရပါ။ ပြုသမျှ ကုသိုလ်ကောင်းမှုအစုစုကို မြင့်မြတ်သော ဘုံဘဝမှ သာဓုအနုမောဒနာခေါ်ဆိုနိုင်ပါစေ။

**ကျန်ရစ်သူမိသားစု**
**မိခင်-ဒေါ်စန္ဒာခင် (USA)**
**အစ်ကို-ဦးထက်လင်း (Japan)**

## လွမ်းဆွတ်သတိရခြင်း

ဦးကောင်းထွင်ဠ (Country Director of Master Card Company) အမှတ် (၃၃၁)၊ အခန်း (၄/ခ)၊ ကြည့်မြင်တိုင် ကမ်းနားလမ်း၊ အလုံမြို့နယ်သည် မိသားစုနှင့် ခွဲခွာသွားသည်မှာ ၂-၃-၂၀၂၂ရက်တွင် (၇)လ ပြည့်ပြီဖြစ်သော်လည်း တစ်နေ့မှမေ့မရပါ။ ပြုသမျှ ကုသိုလ်ကောင်းမှုအစုစုကို မြင့်မြတ်သော ဘုံဘဝမှ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါစေ။

ကျန်ရစ်သူမိသားစု
ဒေါ်သွယ်သွယ်ဝင်း
ဒေါ်နီလာခင်
ဒေါ်ခင်ဖုန်းမူ

## အများသိစေရန်ကြေညာခြင်း

ကျွန်မ၏ အမွှသည် ဦးဇော်မင်း၊မှတ်ပုံတင်အမှတ် (၈/မထန(နိုင်)၀၇၈၀၄၆) ကိုင်ဆောင်သူသည် ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ရတနာသီရိလမ်း၊ ကြည်စု ရပ်ကွက်၊ အမှတ်(၂၄၉)၊ အလျား၂၅×အနံ၅၀ပေအကျယ်အဝန်းရှိသည့် အိမ်ရာမြေကွက် နှင့်အကျိုးခံစားခွင့်တို့အား ဦးသာညိုထံမှ အရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့်ကျွန်မ၏ အမှုသည် ဦးဇော်မင်းသည် (၁၁-၉-၂၀၀၈) ခုနှစ်တွင်ငှင်း၊ ဦးထွန်းကြည်+ဒေါ်ဝင်းတို့ ထံမှ အရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် ကျွန်မ၏အမှုသည် ဦးဇော်မင်းသည် (၃၁-၁-၂၀၀၉) ခုနှစ်တွင်ငှင်း၊ အပြီးအပိုင်ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ ဝယ်ယူပိုင်ဆိုင်ထားပြီးအချိန်မှစ၍ ယနေ့အချိန်အထိ ကန့်ကွက်ထားခြင်းမရှိကြောင်းနှင့်လက်ရောက်ပိုင်ဆိုင်ထားပြီး ဖြစ်ပါသည်။ ယင်းမြေကွက်နှင့် ပတ်သက်၍ကျွန်မ၏အမှုသည်ဦးဇော်မင်းသည် တစ်ဦးတည်းပိုင်ဆိုင်ထားသူ ဖြစ်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်မ၏အမှုသည် ဦးဇော်မင်း၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဇင်ဝင်းနွယ် (LL.B.)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၈၃၃) (၁၇-၁-၂၀၁၇)
တိုက်အမှတ်(၁၇၈၊ဘီ)၊ (၈)လွှာ၊ ဂန္ဓဝင်နန်းတော်ကွန်ဒို၊
အထက်ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။
ဖုန်း-- ၀၉ ၂၅၉၇၁၅၅၈၈၊ ၀၉ ၄၅၈၇၀၅၆၈၆

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၂ယ/၅၄၅၇၃ Honda Wave NF 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နှင်းရီ ၆/လလန(နိုင်)၀၁၀၃၁၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## ဇီဝမျိုးစုံ မျိုးကွဲတွေ
## ကြွယ်စေဖို့ သဘာဝ တောတွေ
## ထိန်းသိမ်းစို့

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တံတား၊ လမ်း ဒါယကာကြီး
## ဦးလှမြင့် (MD, HM Group Company)
### အသက်(၇၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ သမိန်ဗရမ်းလမ်းသွယ်၊ အိမ်အမှတ်(၄၄)နေ (ဦးဘာဘာ–ဒေါ်လှကြည်)တို့၏သား၊ ဦးတင်ဦး–(ဒေါ်တင်မြင့်)တို့၏ သားသမက်၊ ဒေါက်တာသန်းသန်းဦး ၏ခင်ပွန်း၊ မမေဇင်ဦး (Mirror Bridal Services & Photo Studio)၊ ကိုဝေဟင်ဦး (HIGH MAX Group of Companies Limited)– မနှင်းဝါလင်း (More & More Gold & Jewellery)၊ ကိုပြည့်စုံဦး၊ မမေဦးငယ် တို့၏မွေးသဖခင် ကျေးဇူးရှင်၊ မချမ်းဦးမေ၊ မောင်ချမ်းဦးကမ္ဘာ၊ မသွန်းပြည့်ဝေဟင်၊ မောင်ထူးပြည့်ဝေဟင်တို့၏ ချစ်လှစွာသော အဘိုးဖြစ်သူ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တံတား၊ လမ်း ဒါယကာကြီး ဦးလှမြင့် အသက်(၇၃)နှစ်သည် ၁–၃–၂၀၂၂ ရက် (အင်္ဂါနေ့) ညနေ ၄:၃၀ နာရီအချိန်တွင် ကွယ်လွန်သွားပါသဖြင့် ၃–၃–၂၀၂၂ ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်တွင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးမောင်မောင်အေး
### (အထွေထွေမန်နေဂျာ ရောင်း/စက်–ငြိမ်း)
### အသက် (၇၈)နှစ်

ဆင်ဖြူကျွန်းမြို့၊ ပရိက္ခရာရပ်နေ ဦးပု–ဒေါ်ကျင်စွမ်တို့၏သား၊ ဦးမင်းသူထက်(ခ)ကိုဂျွန်–ဒေါ်ခင်မြတ်နိုးသူ၊ ဦးဟန်ဇော်တိုး (ဒု–ညွှန်ကြားရေးမှူး–လမ်းဦးစီးဌာန)–ဒေါ်ဟေမာန်သူနှင်းအေး၊ ဦးဆွေထက်အေး–ဒေါ်ရတနာနိုင်၊ ဒေါ်ဆွေမွန်သူနှင်းအေးတို့၏ ချစ်လှစွာသောဖခင်၊ မြေးငါးယောက်တို့၏အဘိုး၊ အေးသုခခြံ၊ (58/B)၊ သစ်တောလမ်းသွယ်၊ ဆင်လမ်းမ၊ နန်းရှေ့၊ မန္တလေးနေ ဒေါ်ခင်ဆွေဝင်း၏ခင်ပွန်းသည် ၂–၃–၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁:၃၀နာရီတွင် (၉၆)ပါးသောရောဂါဝေဒနာဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ၄–၃–၂၀၂၂ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် နေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကွယ်လွန်သူအားရည်စူး၍ ၆–၃–၂၀၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၉:၃၀နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးစောထွန်းဇံ
### အသက်(၈၂)နှစ်

ပြင်ဦးလွင်မြို့၊ ချယ်ရီလမ်း၊ အမှတ်(၉၅)နေ (ဒေါ်နော်အိုင်ဗီထွန်းဇံ)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသန်းမြင့်ထွန်း–ဒေါ်နော်အက်ဒနာဂျင်းကျော်ဇံတို့၏ ချစ်လှစွာသောဖခင်၊ နော်မေသန္တာထွန်း၊ နော်ခင်ကြည်သာထွန်း၊ နော်ယဉ်သူဇာထွန်း၊ မီးကြီး၊ စန်းစန်းအေးတို့၏ ချစ်လှစွာသောအဘိုးသည် ၂–၃–၂၀၂၂ရက် မွန်းလွဲ ၁၂:၅၀နာရီတွင်ခရစ်တော်၌ အိပ်ပျော်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဗိုလ်မှူးသောင်းလွင်
## (တပ်မတော်လေ–ငြိမ်း) (လေ–၁၄၄၁)
## (OTS–33)
## ဒု–အထွေထွေမန်နေဂျာ(ပစ္စည်းထိန်းချုပ်)(အငြိမ်းစား)
## မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
### အသက် (၈၆)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၅လမ်း၊ အမှတ် ၁၁/၁၃၊ ၄ လွှာနေ ဒေါ်ခင်ဝင်း(ငွေစာရင်း(ငြိမ်း) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)၏ ခင်ပွန်း၊ ဒေါ်လွင်မာဦး၊ ဒေါ်တင်မိမိလွင်–ဦးကြည်မင်းဟန်၊ ဒေါ်မေဝင်းလွင်–ဦးမြတ်နိုင်၊ ဒေါ်အေးအေးလွင်–ဦးညီညီထွေး၊ ဦးအောင်မျိုးလွင်တို့၏ဖခင်၊ မောင်ဥက္ကာမင်းဟန်၊ မရွှန်းလဲ့မင်းလွင်၊ မကြည်ဖြူရှင်းသန့်တို့၏အဘိုးသည် ၂–၃–၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉:၂၈နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၃–၃–၂၀၂၂ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးလှမြင့်
## (Managing Director–HM Group Company)
### အသက် (၇၃)နှစ်

ရန်ကုန်မြို့နေ ဦးဝေဟင်ဦး (Managing Director–High Max Group of Companies Limited)–ဒေါ်နှင်းဝါလင်း (More & More Gold & Jewellery) တို့၏ ကျေးဇူးရှင်ဖခင်ကြီးသည် ၁–၃–၂၀၂၂ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

High Max Group of Companies မှ
ဝန်ထမ်းမိသားစုများ

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးလှမြင့်
## (Managing Director–HM Group Company)
### အသက် (၇၃)နှစ်

ရန်ကုန်မြို့နေ ဦးဝေဟင်ဦး (Managing Director–Mawlamyine Century Logistics Company Limited)–ဒေါ်နှင်းဝါလင်း (More & More Gold & Jewellery) တို့၏ ကျေးဇူးရှင်ဖခင်ကြီးသည် ၁–၃–၂၀၂၂ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Mawlamyine Century Logistics Co.,Ltd. မှ
ဝန်ထမ်းမိသားစုများ

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
## ဒေါ်အမာတင်
### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သီရိဇေယျာလမ်း၊ တိုက်အမှတ်(၈၁၁–B၊ မြေညီ)နေ (ဦးခင်အေး) ၏ဇနီး၊ သမီးငါးယောက်၊ မြေးခုနစ်ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၁–၃–၂၀၂၂ရက် (အင်္ဂါနေ့) ည ၁၁:၁၀နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၂–၃–၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့)တွင် မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၇–၃–၂၀၂၂ရက်(တနလာၤနေ့) နံနက် ၆နာရီမှ မွန်းတည့် ၁၂နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးချူတီ
## မြန်မာနိုင်ငံစိတ်ပညာအသင်း နာယကကြီး
### အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြားလမ်းနေ မြန်မာနိုင်ငံစိတ်ပညာအသင်း၏နာယကကြီးဖြစ်သူ ဦးချူတီသည် ၂၈–၂–၂၀၂၂ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ကွယ်လွန်သွားခဲ့ပါသည်။ ဦးချူတီသည် မြန်မာနိုင်ငံစိတ်ပညာအသင်းကြီးဖြစ်ပေါ်လာရေးနှင့် အသင်းကြီးတွင် (၂၃)နှစ်ကျော် ယနေ့တိုင် လစဉ်မပျက်မကွက် ကျင်းပပြုလုပ်ခဲ့သော စိတ်ပညာကျောင်းသားဟောင်းများ ညစာစားပွဲဖြစ်မြောက်ရေးအတွက် ဦးဆောင်ကြိုးပမ်းခဲ့သူ ဖြစ်ပါသောကြောင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံစိတ်ပညာအသင်း

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမောင်မောင်အေး(B.Sc,Forestry, 1965 Batch)
### အထွေထွေမန်နေဂျာ(ပြည်တွင်းရောင်း/စက်–ငြိမ်း)
### အသက်(၇၈)နှစ်

မန္တလေးမြို့၊ အောင်မြေသာဇံမြို့နယ်၊ ၅၇ x ၅၈ကြား၊ ဆင်လမ်းမကြီးလမ်း၊ ၅၈ Bလမ်းသွယ်၊ သေုခခြံနေ ဦးမောင်မောင်အေး(အထွေထွေမန်နေဂျာ၊ ပြည်တွင်းရောင်း/စက်–ငြိမ်း)သည် ၂–၃–၂၀၂၂ရက် နံနက် ၁:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာ့သစ်လုပ်ငန်း
ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစုများ

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမောင်မောင်အေး
### အသက် (၇၈)နှစ်

မြန်မာ့သစ်လုပ်ငန်း ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန၊ အထွေထွေမန်နေဂျာ(ငြိမ်း) ဦးမောင်မောင်အေး အသက် (၇၈)နှစ်သည် ၂–၃–၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁:၃၀ နာရီတွင် မန္တလေးမြို့နေအိမ်၌ ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန
အထွေထွေမန်နေဂျာနှင့် ဝန်ထမ်းမိသားစုများ

---

### ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ နဝရတ်(၃)လမ်း (အထက်)၊ အမှတ်(၅၀၂)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၆) ထပ်တိုက် အဆောက်အအုံ၏ ပထမထပ် (တိုက်ရှေ့မျက်နှာမူလျှင် –ညာဘက်)၊ အကျယ်အဝန်း (၁၉ x ၅၄)ပေ ရှိ တိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်ပါလိပ်စာဖြစ်သည့် တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ယခုလက်ရှိ လက်ရောက်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးဇော်နိုင် ၁၄/လပတ(နိုင်) ၀၀၁၆၀၁ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုပေါ်ပေါက်ခြင်းမရှိပါက အဆိုပါ အရောင်းအဝယ်ကို ပြီးဆုံးသည့်တိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

| | |
|---|---|
| ဦးဘူမောင်(LL.B) | ဒေါ်ဖြိုးဖြိုးအောင်(LL.B) |
| (စဉ်–၂၂၇၄၇) | (စဉ်–၄၈၄၃၁) |

အထက်တန်းရှေ့နေများ
အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း–၀၉–၅၁၁၈၀၀၇၊ ၀၉–၅၁၁၅၉၉၀၊ ၀၉–၅၁၈၃၅၆၉

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ရဲမှူးကြီးသိမ်းစိုး(ငြိမ်း)
### အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ရွှေပုန်းညက်အိမ်ရာနေ ဒေါ်တင်တင်ဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာကျော်ကံကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန)–ပါမောက္ခ ဒေါက်တာခိုင်ရွှေဝါ(ဓာတ်မှန်ပညာဌာန၊ ခုတင်–၁၀၀၀၊ ပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်)တို့၏ဖခင်ကြီး ရဲမှူးကြီး သိမ်းစိုး(ငြိမ်း) သည် ၂–၃–၂၀၂၂ရက် နံနက် ၆:၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်အရာထမ်း၊ အမှုထမ်းများ
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

---

## မူးယစ်ကိုပစ်
## ပန်းတိုင်သစ်
## စိတ်သစ် လူသစ်
## ဘဝသစ်

---

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မော်လမြိုင်ကျွန်းမြို့၊ အမှတ် (၁၂)ရပ်ကွက်၊ မြောက်မြတ်လေးလမ်း၊ ကမ်းနားနေ ဦးတင်လှိုင် ၁၄/မမက(နိုင်)၁၁၄၄၁၉ ၏သား မောင်ပိုင်မင်းခန့်သည် မိဘစကားအကြိမ်ကြိမ်နားမထောင်ပါသဖြင့် ယနေ့မှစပြီး သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝလုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါ သည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါရန်)

ဖခင် ဦးတင်လှိုင်

---

## အမွေပြတ်စွန့်လွှတ်ခြင်းမှ ပြန်လည်ရုပ်သိမ်းခြင်း

ပြည်မြို့၊ လမ်းမတော်လမ်း၊ အမှတ်(၈၇)နေ ကျွန်တော်ဦးတင်မောင် ၇/ပမန(နိုင်)၁၀၃၄၄၄သည် သမီးဖြစ်သူ မလဲ့လဲ့ဝင်း ၇/ပမန(နိုင်)၀၈၉၂၄၂အား ၁၉၈၆ခုနှစ် စက်တင်ဘာလထုတ် ဗိုလ်တထောင်နေ့စဉ် သတင်းစာတွင် ကြော်ငြာထားသော အမွေပြတ်စွန့်လွှတ်ခြင်းမှ မိမိသဘောဆန္ဒအလျောက်ပြန်လည်ရုပ်သိမ်းအပ်ပါသည်။

ဦးတင်မောင် ၇/ပမန(နိုင်)၁၀၃၄၄၄

## ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များ

ကျွန်တော်တို့ အစိုးရအနေဖြင့် ဆက်လက်ဦးစားပေး လုပ်ဆောင်မှာကတော့-

❖ အမျိုးသားရေးလုပ်ငန်းစဉ် (၂) ခုအဖြစ် တိုင်းပြည်သာယာဝပြောရေးနဲ့ စား၊ ရေ၊ ရိက္ခာဖူလုံရေးကို ဦးစားပေးလုပ်ဆောင်သွားမှာပဲဖြစ်တယ်။

❖ နိုင်ငံရေးလုပ်ငန်းစဉ်(၂)ခုအဖြစ် စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်သွားမှာဖြစ်ပါတယ်။

❖ ငြိမ်းချမ်းရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးလုပ်ငန်းစဉ်အဖြစ် ၂၀၂၂ ခုနှစ်ဟာ အရေးပါတဲ့ နှစ်ပဲဖြစ်ပါတယ်။ လာမယ့်ဖေဖော်ဝါရီလ ၁၂ ရက်နေ့ဟာ စိန်ရတု ပြည်ထောင်စုနေ့ ဖြစ်ပြီး ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ဟာ စိန်ရတု လွတ်လပ်ရေးနေ့ဖြစ်တဲ့အတွက် နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာ ပိုမိုခိုင်မာစေဖို့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ခြင်း အသီးအပွင့်တွေနဲ့ ပြည့်စုံဖို့အရေးကြီးပါတယ်။ ဒါ့ကြောင့် ဒီနှစ်မှာ ငြိမ်းချမ်းရေးအတွက် ခြေလှမ်းသစ်များ စရပါမယ်။ ကျွန်တော်တို့ရဲ့ ရှေ့လုပ်ငန်းစဉ် ၅ ရပ် စတုတ္ထအချက်ထဲမှာလည်း ဖော်ပြပြီးဖြစ်လို့ သက်ဆိုင်သူများ၊ အဖွဲ့အစည်းများအားလုံး ငြိမ်းချမ်းရေးအတွက် ဆွေးနွေးနိုင်ဖို့ ဖိတ်ခေါ်လိုပါတယ်လို့ ၂၀၂၂ ခုနှစ် နှစ်သစ်ကူးမိန့်ခွန်းမှာ ကျွန်တော်ပြောကြားခဲ့ပါတယ်။ ကျွန်တော်တို့ဟာ ငြိမ်းချမ်းရေးအတွက် အစဉ်အမြဲ အသင့်ရှိနေကြောင်း ဖြည့်စွက်ပြောကြားလိုပါတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (၁) နှစ်ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားခဲ့သည့် မိန့်ခွန်းကောက်နုတ်ချက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ လူမှုရေး

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## အနုပညာရှင်အချို့အား ပြစ်ဒဏ်လွှတ်ငြိမ်းခွင့်ပြု

နေပြည်တော် မတ် ၂

နိုင်ငံတော်၏ တည်ဆဲဥပဒေများကို ကျူးလွန်ဖောက်ဖျက်မှုကြောင့် ပြစ်ဒဏ်ကျခံလျက်ရှိသော အနုပညာရှင်များဖြစ်သည့် ပိုင်တံခွန်(သရုပ်ဆောင်)၊ လူမင်း(သရုပ်ဆောင်)၊ ပြေတီဦး (သရုပ်ဆောင်)၊ အိန္ဒြာကျော်ဇင်(သရုပ်ဆောင်)တို့အား အနုပညာဖြင့် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်စေရေးအတွက် ၎င်းတို့ကျခံရန်ရှိသည့် ပြစ်ဒဏ်များကို ၂၀၂၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် လွှတ်ငြိမ်းခွင့်ပြုခဲ့ပြီး ဝင်းမင်းသန်း(Beauty Blogger)အား ၎င်းကျခံလျက်ရှိသည့် ပြစ်ဒဏ်များအနက် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် ကျခံရန်ရှိသည့် ပြစ်ဒဏ်များကို လွှတ်ငြိမ်းခွင့်ပြုခဲ့ကြောင်းနှင့် ဒါရိုက်တာ ဝိုင်း အပေါ် အရေးယူထားသည့်ပြစ်မှုအား ပိတ်သိမ်းပေးခဲ့ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။

သတင်းစဉ်

## မတ် ၂ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၉၀၂ ဦး တွေ့ရှိ

ပြည်တွင်းသတင်း စာ - ၁၅

## တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်၊ လူသုံးကုန်၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

မှုခင်းသတင်း စာ - ၂၅

## စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ကျောက်တိုင်ကျေးရွာအတွင်း ခိုအောင်းနေထိုင်၍ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် PDF အမည်ခံအကြမ်းဖက်သမားများ၏ လက်နက်ခဲယမ်းဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ



စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ကျောက်တိုင်ကျေးရွာအတွင်း သိမ်းဆည်းရမိသည့် PDF အမည်ခံအကြမ်းဖက်သမားများ၏ လက်နက်ခဲယမ်းများ၊ လက်လုပ်မိုင်းနှင့် ဆက်စပ်ပစ္စည်းများအား တွေ့ရှိရစဉ်။

နေပြည်တော် မတ် ၂

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်၊ ယင်းမာပင်မြို့နယ်၊ ကျွန်းလှမြို့နယ်တို့အတွင်းရှိ အချို့ကျေးရွာများ၌ PDF အမည်ခံအကြမ်းဖက်အဖွဲ့များ ခိုအောင်းနေထိုင်၍ အပြစ်မဲ့ဒေသခံပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများကို ခြိမ်းခြောက်သတ်ဖြတ်ခြင်း၊ နိုင်ငံပိုင်အဆောက်အဦများ၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများအား ဖောက်ခွဲမီးရှို့ဖျက်ဆီးခြင်း၊ ဒေသခံ ပြည်သူလူထုနှင့် ခရီးသွားများကို အဓမ္မဆက်ကြေးတောင်းခံခြင်း စသည့် အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိကြောင်း ရိုးသားစွာ နေထိုင်လုပ်ကိုင် စားသောက်လိုသည့်

*စာမျက်နှာ ၁၂ ကော်လံ ၁* ❐